# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄)
အမှတ် (၇၃)

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ သောကြာနေ့။


**အေးစေ မြဲစေ မေတ္တာရေ**

❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆွေးနွေး



**ဘူဆန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဘူဆန်မြို့ရှိ BEXCO Convention Hall ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် အစိုးရချင်းသာမက ပြည်သူချင်း၊ လွှတ်တော်ချင်း၊ တပ်မတော်ချင်းအပြန်အလှန် ပိုမိုပူးပေါင်းဖလှယ်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အပြန်အလှန်ဖလှယ်မှုတိုးမြှင့်ရေး၊ ဆိပ်ကမ်းနှင့် ရေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးနှင့် ဇီဝလက်နက်မပြန့်ပွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

***စာမျက်နှာ ၈ ကော်လံ ၁*** ❁

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားရေးဆွေးနွေး**



နမ့်ထွမ်ချောင်းကူး(လုံးစွတ်)သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

## နမ့်ထွမ်ချောင်းကူး(လုံးစွတ်)သံကူကွန်ကရစ်တံတား တည်ဆောက်မှု ၆၀ ရာခိုင်နှုန်းပြီးစီး

**ပူတာအို ဒီဇင်ဘာ ၁၁**

ကချင်ပြည်နယ် ပူတာအိုမြို့သို့အဝင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်(၂၁၇/၀)နှင့် (၂၁၇/၁) ကြား နမ့်ထွမ်ချောင်းတံတားအမှတ် (၁/၂၁၈) လုံးစွတ်သံပေါင်တံတားမှ သံကူကွန်ကရစ်တံတားအဆင့် တိုးမြှင့်တည်ဆောက်ရေး စီမံကိန်းကို တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၅)မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ တာဝန်ယူဆောက်လုပ်ခဲ့ရာ တံတား

***စာမျက်နှာ ၁၁ ကော်လံ ၆*** ●




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဆင်ခြေထောက်ရောဂါကာကွယ်ပါ

ဆင်ခြေထောက်ရောဂါသည် မသန့်ရှင်းသောနေရာတို့၌ ပေါက်ဖွားသော မိုင်းရုပ်စ်ပိုးသယ်ဆောင်သည့် ခြင်ကိုက်ခံရခြင်းကြောင့်ဖြစ်သည်။ ရောဂါပိုးသယ်ဆောင်သော ခြင်အကိုက်ခံရပြီး ချက်ချင်းရောဂါဖြစ်ပွားမှု မသိနိုင်သော်လည်း ကာလကြာရှည်လာသည့်အခါ ရောဂါဖြစ်ပွားမှု သိသာလာသည်။ ဆင်ခြေထောက်ရောဂါဖြစ်ပွားရခြင်းကြောင့် ချက်ချင်းအသက်မသေနိုင်သော်လည်း လူမှုဘဝဆုံးရှုံးမှု ဖြစ်ကြရသည်။

ကမ္ဘာပေါ်တွင် ဆင်ခြေထောက်ရောဂါပိုးရှိသူ လူဦးရေပေါင်း သန်း ၁၂၀ ခန့်နှင့် ရောဂါပိုးရှိသော်လည်း ရောဂါလက္ခဏာမပြသူ ဦးရေပေါင်း သန်း ၇၀ ကျော်ရှိကာ ရောဂါပိုးရှိပြီး ရောဂါလက္ခဏာပြသူ ဦးရေပေါင်း သန်း ၄၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ ဖြစ်ပွားမှုအများဆုံးဒေသများမှာ အရှေ့တောင်အာရှ၊ တောင်အမေရိကနှင့် အာဖရိကတိုက်တို့ဖြစ်သည်။ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံ ၁၁ နိုင်ငံအနက် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိပြီး ပြည်သူလူထုအတွင်း ကျန်းမာရေးပြဿနာရှိသည့်နိုင်ငံ ကိုးနိုင်ငံအနက် မြန်မာနိုင်ငံပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ ဆင်ခြေထောက်ရောဂါတိုက်ဖျက်ရေး အစီအစဉ်တစ်ရပ်အဖြစ် လူအားလုံးဆေးတိုက်ကျွေးခြင်းစနစ်ကို ဆောင်ရွက်ခဲ့ရာ ရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာလျော့ကျခဲ့ကြောင်း သိရသည်။ ဤစနစ်ကို ငါးနှစ်ဆက်တိုက်ဆောင်ရွက်ခြင်းဖြင့် လူ ၁၀၀၀ လျှင် တစ်ဦးထက်ပင် လျော့နည်း သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဆင်ခြေ ထောက်ရောဂါတိုက်ဖျက်ရေး အစီအမံများကို တိုးမြှင့်ဆောင်ရွက် လျက်ရှိသည်။

ယခုဒီဇင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း ဆင်ခြေထောက်ရောဂါအဖြစ်များသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့နယ်ပေါင်း ၂၀၃ မြို့နယ်တို့၌လူအားလုံး ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆင်ခြေထောက်ရောဂါပိုးသယ်ဆောင်သည့်ခြင် အကိုက်မခံရဟု မည်သူမျှ မသိနိုင်ပါ။ ရေရှည်မှသာ သိသာနိုင်သော ရောဂါအမျိုးအစားဖြစ်၍ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ယခုကဲ့သို့ လူကုန်ဆေးတိုက်ကျွေးခြင်း အစီအစဉ်တွင် ပါဝင်ကုသမှု ခံယူခြင်းဖြင့် ဆင်ခြေထောက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါသည်။

လူအားလုံးဆေးတိုက်ကျွေးရမည်ဟူသော အစီအစဉ်တွင် အသက်နှစ်နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ရောဂါတစ်ခုခုကြောင့် ဆေးစွဲသောက်ရသူများနှင့် အိပ်ရာထဲတွင် လဲနေသူများ ကန့်သတ်ထားသဖြင့် မပါဝင်ကြောင်း သိရသည်။ သို့ပါ၍ ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူအားလုံးဆေးတိုက်ကျွေးရေးအစီအစဉ်တွင် လူတိုင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ၂၀၁၅ ခုနှစ်၊ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက်အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။
- ☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့်စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် ဒီဇင်ဘာ ၁၁**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ(၃)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဦးတည်ချက် လေးရပ်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသည့် အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ(၈)ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခမ်းအနား အောင်မြင်ရေးအတွက် လုပ်ငန်းကော်မတီအလိုက် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အခမ်းအနားကျင်းပမည့် ပြည်သူ့ရင်ပြင် အတွင်းအပြင်လုံခြုံရေး၊ သန့်ရှင်းသာယာလှပရေး အလေးအနက်ထား ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူအားလုံးက စေ့စပ်သေချာစွာဖြင့် စီမံချက်အတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးလှမြင့်က အခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်းသည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ကော်မတီအလိုက် တာဝန်ရှိသူများက တစ်ဦးချင်း ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်များပေးအပ်

**မွှေ့ဖြူ ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် သစ်တောဦးစီးဌာန၏ ကြိုးဝိုင်းအတွင်းမှ ပယ်ဖျက်ပေးခဲ့သော ပြည်ထဲရေး အမည်ပေါက် အိမ်ခြေ ၅၀ နှင့် အထက် ကျေးရွာများတွင် ၂၀၁၄-၂၀၁၅ ခုနှစ် တည်ထောင်စိုက်ပျိုးခဲ့သော ဒီးဒုတ်ပင် (ရွာသစ်)ကျေးရွာရှိတောင်သူ ၃၀ ၏ ယာမြေ ၄၂ ဒသမ ၇၉ ဧက၊ ဘာလချောင်ကျေးရွာရှိတောင်သူ ၅၀ ၏ ယာမြေ ၁၁၀ ဒသမ ၆၅ တို့ကို ဒီဇင်ဘာ ၇ ရက်က မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမျိုးမြင့်ထွန်းက သက်ဆိုင်ရာကျေးရွာများ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

**Success Language Academy**
**English Teachers Wanted**

We would like to offer a chance to enthusiastic young graduates to start a career in teaching English. Eligible candidates must be the holder of a University Degree (Preferable - BA (English); MA (English); Diploma in ELT or ELTM) with a warm and friendly personality and a full commitment to teaching English language. Please send an application via e-mail to this address: sayar.arthur@gmail.com

**ဝန်ထမ်းအလိုရှိသည်။**
(၁) Air-Con စက် အသေး အကြီး ကျွမ်းကျင် (၃) ဦး
လစာ 150,000/- မှ 250,000/- +++
(၂) Air-Con ကျွမ်းကျင် အကူ (၂) ဦး
လစာ 100,000/- မှ 120,000/- +++
(၃) Air-Con အလုပ်သင်အကူ (၃) ဦး
လစာ 70,000/- မှ 100,000/- +++
(၄) ယဉ်မောင်း (၂) ဦး
လစာ 150,000/- မှ 200,000/- +++
PANDA Air-Con Service
✆ 09 515 8803, 09 253833810
e-mail: knw@pandaaircon.com

**ဦးအောင်ဝင်း**
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
Dec-20 (Sat) Aircon
LCCI
☑ အနှစ်(၂၀)အတွေ့အကြုံကြောင့်
☑ သင်ကြားမှုပြီးပြည့်စုံသည်။
အမှတ်(၂၉၀)၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရွှေ့ပြောင်းအလုပ်သမားများ အလုပ်အကိုင်ဖန်တီးပေးရန် လုပ်သားအင်အားအခြေပြု စက်ရုံအလုပ်ရုံများ ဦးစားပေးထူထောင်



**နေပြည်တော် ဒီဇင်ဘာ ၁၁**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်အကောင်အထည်ဖော်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ အထူးစီးပွားရေးဇုန် စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ကနဦးဆောင်ရွက်မည့် စီမံကိန်းများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ **(ယာပုံ)**

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့ ယာယီဥက္ကဋ္ဌ ဦးခင်မောင်ချိုက သတ်မှတ်ဧရိယာများအလိုက် လျော်ကြေးပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဧရိယာအတွင်း ရွှေ့ပြောင်းရန်လိုအပ်လျက်ရှိနေသေးသည့်ကျေးရွာများနှင့် အိမ်ခြေ၊ လူဦးရေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟံစိန်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တို့က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြောကြားရာ၌ ဒေသထွက်စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးမည်ဟု ယုံကြည်မျှော်လင့်ပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကိုကြိုဆိုနေကြသည့် ဒေသခံများရှိနေသကဲ့သို့ စီမံကိန်းမြေနေရာများမှ ဖယ်ရှားပေးရခြင်းကြောင့် ထိခိုက်ခံစားရမည့် အနာဂတ်များအပေါ် စိုးရိမ်ပူပန်နေကြသည့် ဒေသခံပြည်သူများလည်းရှိပါကြောင်း၊ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကိုလျှော့ချပြီး ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုရလဒ်များ အမှန်တကယ် ဖြစ်ထွန်းလာစေမည်ဟု ယုံကြည်လာအောင်အလုပ်ဖြင့် သက်သေပြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ အတိုင်အပင်ခံအဖွဲ့များနှင့် စနစ်တကျဆန်းစစ်လေ့လာပြီး လုပ်ငန်းဆောင်ရွက်မည့် သဘောတူညီချက်ကို အမြန်ဆုံးချုပ်ဆိုကာ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ရှုထောင့်များအရဒေသအတွက် ရေရှည်တည်တံ့မည့် အကျိုးစီးပွားဖြစ်ထွန်းနိုင်သောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန် ဖြစ်ပါကြောင်း။

အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြရသည့် မိမိနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအတွက် တင့်တောင့်တင့်တယ် အလုပ်အကိုင်များ ဖန်တီးပေးရေးအတွက် လုပ်သားအင်အား အခြေပြုစက်ရုံအလုပ်ရုံများ ဦးစားပေးထူထောင်ရန် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေးစသော အခြေခံအဆောက်အအုံများကို ရင်းနှီးတည်ဆောက်သူက အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စီမံကိန်းနယ်မြေအတွင်းရှိ ရှုရပ်ကုန်းသို့ ရောက်ရှိကြပြီး ကနဦးစက်ရုံ အလုပ်ရုံများ ထူထောင်မည့်နယ်မြေအတွင်း လုပ်ငန်းဆောင်ရွက်ထားမှုများ၊ ပြန်လည်နေရာချထားရေး အစီအမံအရ ဆောင်ရွက်ထားရှိမှုများ၊ နှစ်လမ်းသွားလမ်းမ ဖောက်လုပ်ထားရှိမှုအခြေအနေများ၊ ဆိပ်ကမ်းငယ် တည်ဆောက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၁၀ ပြည့်နှစ်မှစ၍ထိုင်းနိုင်ငံ အီတာလျံ-ထိုင်းကုမ္ပဏီနှင့် မြန်မာဆိပ်ကမ်းအာဏာပိုင်တို့ မူဘောင်သဘောတူ စာချုပ်ချုပ်ဆိုကာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လျက်ရှိသည့် ကနဦးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများကြောင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာခဲ့ကြောင်း၊ စီမံကိန်းအား အရှိန်အဟုန်ဖြင့် စတင်လည်ပတ်နိုင်ရေးအတွက် အခြားသောရင်းနှီးမြှုပ်နှံသူများ ပါဝင်လာနိုင်စေရန် ဆောင်ရွက်ခဲ့ကြောင်း၊ အီတာလျံ-ထိုင်း ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား နိုင်ငံတကာအသိအမှတ်ပြု အတိုင်ပင်ခံအဖွဲ့များနှင့် ပူးပေါင်း၍စနစ်တကျ တန်ဖိုးတွက်ချက်ပြီး ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်မည့်သူမှ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးကို ကြိုးပမ်းခဲ့ကြောင်း။

စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် Selective Bidding ပုံစံဖြင့် တင်ဒါခေါ်ယူခဲ့ရာ Application proposal ပြည့်စုံစွာ တင်သွင်းလာသည့် ကုမ္ပဏီအား လုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ်များချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ သဘောတူစာချုပ် ချုပ်ဆိုပြီးပါက ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ၏ ကနဦး စီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်မြင့်ကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မောင်းမကန်ကမ်းခြေဟိုတယ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့က ဟိုတယ်ဆောက်လုပ်ရေးဆိုင်ရာများ၊ လက်ရှိဆောက်လုပ်ပြီး ဟိုတယ်ဆိုင်ရာအချက်အလက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် မှာကြားပြီး မောင်းမကန် Beach Resort ဟိုတယ်သို့ သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## ကျောင်းမုန့်ဈေးဆိုင်များအား စစ်ဆေးကြပ်မတ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှ အခြေခံပညာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်း၌ တားမြစ်ထားသည့် မုန့်များရောင်းချခြင်းမပြုနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တားမြစ်ထားသည့်မုန့်များအဖြစ် ဆိုးဆေးလွန်ကဲစွာပါရှိသော ရေခဲထုပ်၊ အချိုရည်ဘူး၊ ဂျယ်လီ၊ ငရုတ်ဆီ၊ အချဉ်ရည်နှင့်မုန့်မျိုးစုံ၊ စီးကရက်တံဆိပ်ပါ ဆေးလိပ်ဘူးပုံစံ မုန့်ထုပ်များ၊ Paper Mint ခေါ် ပူရှိန်းမုန့်ထုပ်များ၊ အစိမ်းစားရသော အသားတုအချောင်းများ၊ ဆေးပြားပုံစံမုန့်များ၊ သက်တမ်းကုန်ဆုံးသောမုန့်ထုပ်များ၊ အာဟာရဖွံ့ဖြိုးရေးအတွက် အထောက်အကူမပြုသောမုန့်ထုပ်များ၊ ဆိုးဆေးလွန်ကဲသော အချဉ်ပေါင်းများ၊ ကုန်အမှတ်တံဆိပ်မပြည့်စုံသောမုန့်များ၊ အမှည့်လွန်သော သစ်သီးများ၊ အရုပ်နှင့်တွဲလျက် အာဟာရမပြည့်ဝသည့် ဆိုးဆေးပါမုန့်များကို ကျန်းမာရေးဦးစီးဌာနနှင့် ကျောင်းကျန်းမာရေးကော်မတီတို့ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ထားခြင်းဖြစ်သည်။ ထို့အပြင်ရောင်းချခွင့်ပြုသည့် ပစ္စည်းများကိုလည်း သတ်မှတ်ပေးထားကြောင်း သိရသည်။

စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ရောင်းချမှုရှိ/မရှိကို ကျောင်းကျန်းမာရေးကော်မတီက နေ့စဉ်စစ်ဆေးခြင်းအပြင် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများကိုယ်တိုင် ဦးဆောင်စစ်ဆေးနေကြောင်း သိရသည်။

ထို့ပြင် ဈေးနှုန်းသက်သာပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် မုန့်များနှင့် အစားအသောက်များ ရောင်းချရေးအတွက် ကျောင်းဈေးသည်များအား အသိပညာပေးဟောပြောပွဲများကိုလည်း မြို့နယ်ကျောင်းကျန်းမာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ညှိနှိုင်း၍ နှစ်လတစ်ကြိမ် ပြုလုပ်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

## ပဋိပက္ခဖြစ်ပွားမှု ထိန်းချုပ်ရေးဆိုင်ရာ အကူအညီပေးရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းအား United States Institute of Peace(USIP) ၏ စီနီယာစီမံကိန်းအရာရှိ Mr. Steven Hege နှင့်အဖွဲ့သည် နေပြည်တော်ရုံးအမှတ်(၁၀) ဒုတိယဝန်ကြီး၏ဧည့်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး ဒေသတွင်းပဋိပက္ခဖြစ်ပွားအောင် လုပ်ဆောင်သူများအား တုံ့ပြန်မှုနှင့် စောင့်ကြည့်မှုများဆိုင်ရာ သင်တန်းကိစ္စ၊ ပဋိပက္ခဖြစ်ပွားမှု ထိန်းချုပ်ကွပ်ကဲရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(မြန်မာ့အလင်း)**


# Fashion Euphoria (Junction Square)
# Clearance Sales (50% to 80%)
## 9-12-14 မှ 14-12-14 အထိ

Fashion Euphoria (Junction Square) ဆိုင်ခွဲမှ ကုန်ပစ္စည်းရှင်းလင်းသိမ်းဆည်းခြင်း အထူးအစီအစဉ်ဖြင့် အရည်အသွေးမြင့်ဇာအမျိုးမျိုး၊ အရောင်အသွေးစုံလင်သော ပိုးအမျိုးမျိုး၊ ဇင်းမယ်၊ ချီဖွန်နှင့် ကွန်ပျူတာပန်းထိုး၊ ကွန်ပျူတာချိတ်၊ မြန်မာချိတ်မျိုးစုံတို့ကို စစ်မှန်သော အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါသောကြောင့် ပျော်ရွှင်စွာ လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား ဖိတ်ခေါ်အပ်ပါသည်။

**F 129, ပထမထပ်၊ Junction Square**

**ဖုန်း-၀၉-၅၁၀၅၄၇၁**

နိုင်ငံတကာသတင်း

# တိုင်း(မ်)မဂ္ဂဇင်း၏ ၂၀၁၄ အကောင်းဆုံးထူးချွန်သူများအဖြစ် အီဘိုလာကျန်းမာရေးစောင့်ရှောက်သူများကို ဖော်ပြ

**နယူးယောက် ဒီဇင်ဘာ ၁၁**

တိုင်း(မ်)မဂ္ဂဇင်းက အနောက်အာဖရိကရှိ အီဘိုလာ ကျန်းမာရေး စောင့်ရှောက်မှု အလုပ်သမားများကို ၂၀၁၄ ခုနှစ် တိုင်း(မ်)မဂ္ဂဇင်း ထူးချွန်သူ (Person of the Year)များအဖြစ် ဖော်ပြခဲ့သည်။




ဆရာဝန်များ၊ သူနာပြုများနှင့် အခြားဝန်ထမ်းများသည် အီဘိုလာ လူနာများအပေါ် သတ္တိရှိခြင်းနှင့် ကြင်နာသနားခြင်းကို ပြသခဲ့သည့်အတွက် ၎င်းတို့ကို ဂုဏ်ပြုသည့် အနေဖြင့် တိုင်း(မ်)မဂ္ဂဇင်းက ဖော်ပြခဲ့ခြင်းဖြစ်သည်။

ကမ္ဘာကြီး၏ အစိတ်အပိုင်းရှိ လူများသည် အိပ်စက်အနားယူနေချိန်တွင် အဆိုပါ ကျန်းမာရေး စောင့်ရှောက်သူများက အီဘိုလာ လူနာများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ကြိုးစားရုန်းကန်နေရကြောင်း တိုင်းမ်အယ်ဒီတာတစ်ဦးက ပြောသည်။

ဖာဂူဆန် ဆန္ဒပြသူများ၊ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အယ်လီဘာဘာကို တည်ထောင်သူ ဂျက်ခ်တို့သည် ဂုဏ်ပြုထိုက်သူများတွင် ပါဝင်ကြသည်။

အီဘိုလာ ဗိုင်းရပ်စ်ရောဂါပိုးကြောင့် လူပေါင်း ၆၃၃၁ ဦး သေဆုံးပြီး အများစုမှာ ဆီယာလီယွန်၊ လိုက်ဘေးရီးယားနှင့် ဂီနီတို့မှ ဖြစ်ကြသည်။

အီဘိုလာရောဂါပိုး ကူးစက်ခံရပြီး ကျန်းမာရေးစောင့်ရှောက်သူ ဝန်ထမ်းပေါင်း ၃၄၉ ဦးခန့် သေဆုံးခဲ့သည်။

"ယခုလို အသိအမှတ်ပြုခံရခြင်းအတွက် အလွန်ဝမ်းသာကြောင်း၊ ပိုပြီးဝမ်းသာစရာကောင်းသည်မှာ အီဘိုလာစောင့်ရှောက်မှု စင်တာကို ပိတ်သိမ်းခဲ့ပြီး အီဘိုလာပြဿနာ လုံးဝကင်းရှင်းမှုရှိကြောင်း ကြေညာလိုက်ခြင်းဖြစ်ကြောင်း" ဆရာဝန်တစ်ဦးက ပြောကြားသည်။

အိမ်ဖြူတော်မှလည်း ဤသို့ ကင်းရှင်းကြောင်း အသိအမှတ်ပြုခဲ့သည်။ "နိုင်ငံခြားတိုင်းပြည်၌ မိမိကိုယ်မိမိမြှုပ်နှံပြီး အီဘိုလာလူနာများကို ဂရုတစိုက် ကျန်းမာရေးစောင့်ရှောက်မှုများပေးသည့် သူရဲကောင်း၊ အမျိုးကောင်းသား အမျိုးကောင်းသမီးများကို မချီးကျူးဘဲ မနေနိုင်ဘူး"ဟု အမေရိကန် စာနယ်ဇင်းအတွင်းရေးမှူး ဂွျန်ဘားနက်က ပြောကြားသည်။ **(ဘီဘီစီ)**

## အရှေ့တရုတ်ပင်လယ်တွင် သင်္ဘောနှစ်စင်းတိုက်မိ သုံးဦးသေဆုံး၊ ခြောက်ဦးပျောက်ဆုံး

**ဖူဂျန် ဒီဇင်ဘာ ၁၁**

အရှေ့တရုတ်ပင်လယ်တွင် လွန်ခဲ့သော အင်္ဂါနေ့ အစောပိုင်းက ကုန်တင်သင်္ဘောနှစ်စင်းတိုက်မိရာမှ လူသုံးဦးသေဆုံးကာ အခြားခြောက်ဦး ပျောက်ဆုံးခဲ့ကြောင်း ဒေသတွင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။

ဖူဂျန်ပြည်နယ် ပင်လယ်ရေကြောင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် နံနက် ၃ နာရီ ၅ မိနစ်တွင် သင်္ဘောနှစ်စင်းတိုက်မိကြောင်း အစီရင်ခံစာကို ရရှိခဲ့သည်။ သင်္ဘောနှစ်စင်းတိုက်မိမှုကြောင့် ၁၃ ဦး ရေထဲတွင် မျောပါလျက်ရှိကြောင်း ၎င်းအဖွဲ့က ပြောကြားခဲ့သည်။ ယခုအချိန်အထိ လူလေးဦးကို ကယ်ဆယ်ခဲ့ရပြီး ဆက်လက်ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နေကြောင်း သိရသည်။ အဆိုပါ တိုက်မိသင်္ဘောနှစ်စင်းမှာ တရုတ်ရေယာဉ်များဖြစ်ကြသည်။ **(ဆင်ဟွာ)**

## ကလေးအခွင့်အရေးဆောင်ရွက်သူများ နိုဗယ်လ်ဆုချီးမြှင့်ခြင်းခံရ

**ပါကစ္စတန် ဒီဇင်ဘာ ၁၁**

ပါကစ္စတန် တက်ကြွလှုပ်ရှားသူ မာလာလာယူဆွတ်ဇိုင်းနှင့် အိန္ဒိယကလေး အခွင့်အရေးကို ဆောင်ရွက်သူ ဆက်ရာသီတို့သည် နိုဗယ်လ်ဆုဆွတ်ခူးခဲ့သည်။

အဆိုပါ ပုဂ္ဂိုလ်နှစ်ဦးတို့သည် ငြိမ်းချမ်းရေး ချန်ပီယံများဖြစ်ကြကြောင်း နိုဗယ်လ်ဆုချီးမြှင့်ရေးကော်မတီက ပြောသည်။ ကလေးများ အခွင့်အရေးကို ဆောင်ရွက်ရန် အသင့်ရှိကြောင်း မာလာလာက ပြောသည်။ ယင်းဆုဆွတ်ခူးရခြင်းသည် ကလေးများ ကျေးကျွန်အဖြစ်မှ ကယ်တင်ရန် အခွင့်အလမ်းဖြစ်ကြောင်းဆက်ရာသီက ပြောသည်။

မာလာလာနှင့် ဆက်ရာသီတို့သည်နော်ဝေငြိမ်းချမ်းရေးကော်မတီဥက္ကဋ္ဌက ချီးမြှင့်သော အဆိုပါ နိုဗယ်ဆုများကို လက်ခံခဲ့ရာ နော်ဝေနိုင်ငံ ဟာရယ်ဘုရင်တို့ တက်ရောက်ခဲ့သည်။ ယင်းဆုပေးပွဲတွင် နိုဗယ်လ်စာပေဆိုင်ရာဆုကိုလည်း ချီးမြှင့်ခဲ့သည်။

**(ဘီဘီစီ)**

## တာလီဘန် အသေခံဗုံးပေါက်ကွဲမှုကြောင့် ကဘူးလ်တွင် ခြောက်ဦးသေဆုံး၊ ၁၁ ဦး ဒဏ်ရာရ

**ကဘူးလ် ဒီဇင်ဘာ ၁၁**

ကြာသပတေးနေ့တွင် ကဘူးလ်၌ တပ်မတော်ယာဉ်တစ်စီးကို ဦးတည်ကာ အသေခံဗုံးဖောက်ခွဲမှုကြောင့် အာဖဂန်တပ်မတော်မှ တပ်မတော်သားတစ်ဒါဇင်ကျော် ဒဏ်ရာရရှိပြီး သေဆုံးမှုများရှိခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

ကဘူးလ်မြို့ပြင် တန်ဂီတာရက်စ်ပဟေးလ်ဒေသတွင် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်က တပ်မတော်ယာဉ်တစ်စီးကို အသေခံဖောက်ခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ တပ်မတော်သား ခြောက်ဦးသေဆုံးပြီး အခြား ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားထားသော်လည်း အသေးစိတ်အချက်အလက်များကို ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ ဗုံးပေါက်ကွဲမှုကြောင့် အရပ်သား ကားသုံးစီးပျက်စီးပြီး ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများက ဆိုသည်။

ရဲပြောရေးဆိုခွင့်ရှိသူက ဗုံးပေါက်ကွဲမှုကို အတည်ပြုခဲ့ပြီး ထိုပေါက်ကွဲမှုကြောင့် လူဒါဇင်ကျော်ဒဏ်ရာရပြီးသေဆုံးသူများရှိကြောင်း ပြောကြားသည်။ တာလီဘန်စစ်သွေးကြွများသည် အသေခံဗုံးပေါက်ကွဲမှုနှင့် လမ်းဘေးဗုံးပေါက်ကွဲမှုတို့ကို ဦးတည်ကာ တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဂျီဟတ်ဝါဒီတို့၏ အကြမ်းဖက်မှုအတွင်း နိုဝင်ဘာလ၌ လူပေါင်း ၅၀၀၀ ကျော်သေဆုံး

**ဂျီဟတ် ဒီဇင်ဘာ ၁၁**


ဂျီဟတ်ဝါဒီများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုဝင်ဘာလအတွင်း လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ဘီဘီစီလေ့လာမှု စစ်တမ်းတစ်ရပ်၌ ဖော်ပြသည်။



အီရတ်၊ နိုင်ဂျီးရီးယား၊ အာဖဂန်နစ္စတန်နှင့် ဆီးရီးယားတို့သည် ဂျီဟတ်တို့၏ အကြမ်းဖက်မှုဒဏ် အဆိုးရွားဆုံးခံရသည့် နိုင်ငံများဖြစ်သည်။ ယင်းနိုင်ငံတို့၌ ဂျီဟတ်တို့၏တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၈၀ ရာခိုင်နှုန်းရှိသည်။

နိုင်ငံတကာလေ့လာမှုစင်တာနှင့် ပူးပေါင်းထောက်လှမ်းမှုအရ နိုင်ငံပေါင်း ၁၄ နိုင်ငံ၌ ဂျီဟတ်တိုက်ခိုက်မှု ၆၆၄ ကြိမ် ဖြစ်ပွားခဲ့သည်။ ယင်းလေ့လာမှု စစ်တမ်းအရ တစ်နေ့ပျမ်းမျှ တိုက်ခိုက်မှု ၂၂ ကြိမ်ဖြစ်ကာ လူ ၁၆၈ ဦး သေဆုံးခဲ့ကြောင်း၊ အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်နှင့်ဆီးရီးယားတို့၌ လှုပ်ရှားလျက်ရှိပြီး လူပေါင်း ၂၀၀၀ ကျော် ယင်းတို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်ဟု ဆိုသည်။

ယခုအခါ အိုင်အက်စ်တို့တိုက်ခိုက်မှုကြောင့် လူပေါင်း ၅၀၄၂ ဦး သေဆုံးပြီး ၂၀၇၉ ဦးမှာ အရပ်သားများဖြစ်ကြသည်။ စစ်ဘက်တာဝန်ရှိသူမှာ ၁၇၂၃ ဦးရှိကာ ဂျီဟတ် ၁၀၀၀ နီးပါး သေဆုံးခဲ့သည်။ အီရတ်နိုင်ငံသည် ဂျီဟတ်တို့ တိုက်ခိုက်မှုကြောင့် သွေးထွက်သံယိုဖြစ်ပွားမှု အများဆုံးဖြစ်သည်။ **(ဘီဘီစီ)**



## ဟောင်ကောင်အဓိက သပိတ်စခန်း စတင်ရှင်းလင်းဖယ်ရှား ဆန္ဒပြနေရာ၌ ဆက်ရှိနေလျှင် ဖမ်းဆီးမည်ဟုဆို

**ဟောင်ကောင် ဒီဇင်ဘာ ၁၁**

နှစ်လကျော်ကြာ ဒီမိုကရေစီ ဆန္ဒပြခဲ့ပြီးနောက် ဟောင်ကောင် အာဏာပိုင်များက အဓိကသပိတ်စခန်းရှိ အတားအဆီးများကို စတင်ဖယ်ရှားလျက်ရှိသည်။

အဆိုပါ ရှင်းလင်းဖယ်ရှားခြင်း မတိုင်မီ ထွက်ခွာရန် အာဏာပိုင်များက ဆန္ဒပြသူများအား သတိပေးပြောကြားလိုက်သည်။ သို့သော်လည်း အချို့က သပိတ်စခန်း၌ ဆက်နေရန် သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။

ဆန္ဒပြသူ အရေအတွက်သည် သိသိသာသာကျဆင်းခဲ့ပြီး ရာဂဏန်းမျှသာရှိတော့သည်။ စက်တင်ဘာလအတွင်းက ထောင်ပေါင်းများစွာသော တဲအိမ်ငယ်များ၊ အမိုးအကာများဖြင့် ဆန္ဒပြနေရာမှ အနည်းငယ်မျှသာ ရှိတော့သည်။ အဆိုပါ ရှင်းလင်းရေး ပြုလုပ်စဉ်အတွင်း အဓိကရုဏ်းဖြစ်ပွားခြင်းမရှိဟု ဆိုသည်။ သို့သော်လည်း အဓိကရုဏ်း စတင်ဖြစ်ပွားသည်နှင့် ဖမ်းဆီးမှုများ ပြုလုပ်သွားမည်ဟု ရဲအဖွဲ့က ပြောသည်။

ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက သတိပေးမှုများ စတင်ပြုလုပ်ပြီးနောက် အဆိုပါ အဓိကသပိတ်စခန်းမှ ရှင်းလင်းဖယ်ရှားမှုများ ပြုလုပ်ခဲ့သည်။ နံနက် ၁၀ နာရီခွဲခန့်တွင် ရဲအဖွဲ့က ကျောထောက်နောက်ခံပြုလျက် အတားအဆီးများကို ဖယ်ရှားလျက်ရှိသည်။

ယင်းရှင်းလင်းရေး အစီအစဉ်ဆောင်ရွက်ပြီး သုံးနာရီခန့်အကြာ ရဲအဖွဲ့က နာရီဝက်အတွင်း ထွက်ခွာကြရန် ပြောကြားပြီး ထပ်မံဆန္ဒပြနေပါက ဖမ်းဆီးအရေးယူသွားမည်ဟု ဆိုသည်။

**(ဘီဘီစီ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဤခရီး အရင်လို မကြာတော့ပါ

**မင်းထက်(ရေကျော်)**

ကားသည်ညီညာပြန့်ပြူးသည့်လမ်းမပေါ် တရိပ်ရိပ်ပြေးနေသည်။ ရှေ့တူရူမှ လာနေသောကားကြီးကားငယ်များနှင့်လူနှစ်ဦး၊ သုံးဦးကို တင်လျက်သွားလာနေသော မော်တော်ဆိုင်ကယ်များကို သတိထားရန် ကားဆရာကိုလည်း သတိပေးနေရသေးသည်။ ထိုယာဉ်အသီးသီးတို့တွင် အချို့မှာတစ်လမ်းလုံး မိမိတစ်ဦးတည်းရှိနေသကဲ့သို့ အားလုံးကို ဂရုစိုက်ပုံမရ။ ဟွန်းသံတတီတီကြာညောင်းစွာတီးမှ ကြားပုံရသည်။ တချို့လည်း တစ်ဦးတည်းစီးလာသော်လည်း တစ်လမ်းလုံးအပြည့်၊ ဒယိမ်းဒယိုင်သမားများလည်းပါသည်။

မိမိတို့သည် နံနက် ၇ နာရီကစပြီး မင်းဘူးမြို့မှ ထွက်ခွာလာရာ နာရီဝက်သာသာရှိသေးသည်။ မုန်းချောင်းတံတားကို ဖြတ်လာပြီဖြစ်သည်။ လမ်းဘေးဝဲယာကိုကြည့်ရင်းအမေပြောသည့်စကားများကို ပြန်ကြားယောင်မိသည်။ "နင်တို့အဘိုးတွေရှိတုန်းက ဦးလေးက အညာကိုခဏခဏသွားတတ်တယ်။ ငါတို့သာ မသွားဘူးတာ။ ဟိုမုန်းချောင်း၊ မန်းချောင်းနားမှာလို့ ပြောတယ်၊ အဘိုးတို့လယ်တွေတောင် အဲဒီမှာရှိသေးတာ။ အခုတော့လည်း ဆွေမျိုးတွေပြတ်ကုန်တာ" အမေ့စကားများဖြစ်ပါသည်။ အမေသည် အညာမြေသို့တစ်ခါမျှမရောက်ဖူးခဲ့ပါ။ အမေဆုံးတာ ငါးနှစ်ခန့်ရှိပေပြီ။

အမေမလာခဲ့ဖူးသည့်ဟောဒီအညာမြေ၊ မုန်းချောင်း၊ မန်းချောင်း၊ မိမိကိုယ်တိုင်ဖြတ်နေပါပြီ။ သံပေါင်ဘေလီတံတားအောက်တွင် ကွန်ကရစ်တိုင်များ၊ အပေါ်တွင်သံပေါင်တင်ပြီးအပေါ်မှ သစ်သားခင်းသည့်တံတားဖြစ်သည်။ ဆိုင်ကယ်များက ကားအလာကို ယိမ်းထိုးကာရှောင်ရင်း ရပ်တန့်ပေးကြသည်။ မုန်းချောင်းထဲတွင် ရေစပ်စပ်သာ။ ကိုင်းတောများနှင့်အတိ။ သို့သော် ချောင်းကား အတော်အတန်ကျယ်သည်ဟု ပြောနိုင်သည်။ အညာချောင်းများသည်ကျယ်သည်၊ ရေမရှိ၊ ရေကျချိန်ဆိုလျှင် ဘာမျှ သွားလို့မရဟု အတူပါလာသည့်မင်းဘူးမြို့ခံက ပြောသည်။ တံတားများသည် ကွန်ကရစ်တိုင်များအဆင်သင့်ပြီးပြီးသား ထပ်မံတိုးချဲ့ရန်သာလိုတော့ကြောင်း၊ အဆင်သင့်ဖြစ်နေကြောင်း ပြောသည်။ အတွေးများ ဟိုဒီဒီ ဝေးနေဆဲမှာပင် မိမိတို့ကားများသည်စလင်းမြို့နယ်ထဲသို့ ဝင်ရောက်လာသည်။ စလင်းမြို့နယ်အစ။ လမ်းသည်အနည်းငယ် ပြောင်းလဲသွားသည်ကို သတိထားမိသည်။ ကတ္တရာလမ်းသာကြမ်းသွားသည်။ ကားသည် ခုန်စွခုန်စွအနည်းငယ်ဖြစ်ချင်ချင်။ ပွင့်ဖြူ

**နိုင်ငံ၊ မြို့၊ ရွာများ ဖွံ့ဖြိုးရေးတွင်အရေးကြီးသည့် အချက်တစ်ချက်မှာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးဖြစ်သည်။ ဤတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက သွင်းအားစုများနှင့် ထုတ်လုပ်ပြီး ကုန်ချောများအလွယ်တကူ တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်ပေးပို့နိုင်မည်။**

မြို့အလွန်အထိ လမ်းများသည် အတော်ကောင်းသည်။ ပုဂ္ဂလိကငှားရမ်း၍ လမ်းကြေးကောက်သည်ဟု သိရသည်။ လမ်းသည် နိုင်လွန်လမ်း မဟုတ်။ သို့သော်အတော်ကောင်းသည့်လမ်းဟူ၍ကား မချီးကျူးဘဲမနေနိုင်။ ပြောင်းလဲကျင့်သုံးလာသည့်အစိုးရမူဝါဒ၏ အသီးအပွင့်ပင်။ ဈေးကွက်စီးပွားရေး၏ အခြေခံသဘောဟုလည်း ဆိုရမည်။ နေရာတကာ အစိုးရက လိုက်ပါမဆောင်ရွက်နိုင်။ ဈေးကွက်က လိုက်ပါမဆောင်နိုင်သည်များကိုသာ အစိုးရက ဆောင်ရွက်ပေးရသည့်သဘောကို နိုင်ငံတကာအတွေ့အကြုံသင်ခန်းစာများနှင့်နှိုင်းချိန်နေမိသည်။ အတော်များများကို ပုဂ္ဂလိက သို့မဟုတ် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မည်။ လိုအပ်သည့်စည်းမျဉ်းများနှင့် စောင့်ကြည့်အကဲဖြတ်မှုများဆောင်ရွက်ပေးမည်။ ဈေးကွက်စီးပွားရေးစနစ်အသုံးပြုသည့် နိုင်ငံတိုင်းလိုက်နာကျင့်သုံးကြရသည့် တရားကိုယ်သဘောပင်။ ဤနေရာ ဤလမ်းတွင် ထိုထိုသောနည်းလမ်းကို အသုံးပြုနေသည်ကို တွေ့ရသည်။ ကျယ်ပြန့်စွာ ဖြစ်ထွန်းလာလျှင် ကောင်းလေစွဟုသာ။

သို့နှင့် စလင်းမြို့သို့ ရောက်သည်။ ဝါဆိုသင်္ကန်းကပ်မည့် ဘုန်းကြီးကျောင်းသို့ရောက်တော့ နံနက် ၈ နာရီထိုးပြီးကာစ ရှိသေးသည်။ အချိန်ကိုက်မှု အနည်းငယ်လွဲသွားဟန်ရှိသည်။ လူမစုံသေး။ မိမိတို့အဖွဲ့က စောရောက်နေပုံရသည်။ လမ်းကြောင်းကို မသိ။ မူလရောက်မည့်အချိန်ကို ၈ နာရီခွဲဟု မှန်းထားကြောင်း မြို့ခံလူကြီးတစ်ဦးက ပြောမှသိရသည်။ လမ်းကြောင့် ကြာချိန် လျော့နည်းသွားသည်ကို အံ့သြနေဟန်လည်းတွေ့ရသည်။ မကြာမီပင် ဧည့်ပရိသတ်များ တဖွဲဖွဲရောက်လာကြသည်။ မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့များ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ တစ်ကျောင်းလုံးအပြည့်။ ပွဲက မြို့နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖြစ်သည်မို့ စည်ကားနေခြင်းသာ။ တစ်မြို့နယ်လုံး ဘုန်းကြီးကျောင်းများမှ သံဃာတွေအပြည့်။ ကြည်ညိုဖွယ်ရာပင်။ သံဃာတော်များကို ဆွမ်းကပ်ပြီးတော့ ၁၁ နာရီခွဲနေပြီ။ နောက်တစ်ပွဲဆက်ရဦးမည်။

ရာသီဥတုသည်အလွန်ကြည်လင်နေသည်။ ဇူလိုင်လနောက်ပိုင်းဖြစ်သဖြင့် မပူလွန်း။ ယမန်နေ့ညက မင်းဘူး၌ မိုးအနည်းငယ်ရွာသော်လည်း ယနေ့မနက်ကတည်းက မိုးရွာမည့်အရိပ်အရောင်မတွေ့ရ။ မိုးသားတို့ကင်းစင်နေသလို နေပူရှိန်ကိုလည်းမရ။ အချိန်က မွန်းလွဲ ၁ နာရီဖြစ်သည်။ နေရာက စလင်းမြို့မီးသတ်စခန်း။ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများက အပြည့်။ အခမ်းအနားက မီးသတ်ကားသစ်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားဖြစ်သည်။ မြို့သူမြို့သားတွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေရဲ့ ဆန္ဒအတိုင်းအတာတစ်ခုအထိ ပြည့်ဝခဲ့ရပြီ။ ဤမြို့ကို စိုးရိမ်သောကပေးမည့် မီးဘေးအန္တရာယ်ကို တစ်ဖက်တစ်လမ်းက တားဆီးနိုင်တော့မည်။

အပြန်တွင် စကုမြို့ကို ဖြတ်ရသည်။ စလင်းနှင့်အတူ ကြားဖူးသည်မှာ စကု။ မြို့ဟုဆိုရာတွင် မြို့ငယ်ကလေးသာ။ မင်းဘူးမြို့ထဲပါသည့် မြို့ဖြစ်သည်။ ရာဇဝင်များက အမျိုးမျိုးပြောကြသလို တကယ်လာကြည့်လျှင် စကုသည်လည်း ရှေးဟောင်းမြို့တစ်မြို့ဖြစ်ကြောင်း လမ်းဘေးဝဲယာရှိ စေတီဂူဘုရားတို့က သက်သေ။ သို့သော် ဤမြို့လေးများသည် အခြားအခြားသော မြန်မာပြည်မြို့များနှင့် နှိုင်းယှဉ်လျှင် နောက်ကျကျန်နေရစ်ခဲ့သည်လား။ သမိုင်းလက်ရာစေတီ၊ ဂူ၊ ဘုရား၊ ကျောင်း သိမ်ဇရပ်များ ထိန်းသိမ်းရင်း တစ်ဖက်ကလည်း မိမိတို့၏ ဤမြို့များ ကြီးထွားရန်လိုသည်။ နှစ်ရှည်လများ တောင်ယာလယ်လုပ်ဖြင့် အဘယ်မျှအထိ ကျွန်တော်တို့နေမည်နည်း။

ဆယ်စုနှစ်များက ကျွန်တော်တို့၏ ရင်ဘတ်များပေါ် ဖြတ်သွားခဲ့ပြီ။ ဤလယ်ယာတွေဘေးက ကျွန်တော်တို့ဖြတ်ခဲ့ကြသည်။ ဒီလယ်ကွင်းတွေ ပြောင်းလဲသွားတာ မမြင်သင့်ပြီလော။

မြင်ကွင်းများသည်ကွာခြားပါသည်။ ဆိုးလ်မြို့တော်မှ ဘူဆန်မြို့အထိ ကားဖြင့်သွားရာလမ်းကြောင်းတစ်လျှောက် မြင်ကွင်းများ၊ မြို့တော်တိုကျိုမှ အိုဆာကာအထိ ကျည်ဆန်ရထားဖြင့်ဖြတ်ခဲ့လေရာအချိန်က မြင်ကွင်းများ၊ လျန်ကျိုးမြို့မှ ရှန်ဟိုင်းမြို့အထိ ကားဖြင့်သွားရာလမ်းဘေးဝဲယာမြင်ကွင်းများသည်တိုက်များ၊ စက်ရုံများ၊ ခေတ်မီအဆောက်အအုံများ၊ ခေတ်မီစိုက်ပျိုးရေးကွင်းများ၊ ခေတ်မီအဆောက်အအုံများနှင့်လယ်တောများ၊ လယ်ကွင်း (လယ်ကန်သင်းရိုး) အထိရောက်သည့် ကားလမ်းများ၊ ခေတ်မီကျေးလက်မြို့များ ဖြတ်သန်းခဲ့သည်ကို ပြန်သတိရပါသည်။ အင်ဒိုနီးရှား၏ ရှေးဟောင်းမြို့တော် ဂျော့ဂျကာတာမြို့ရှိ ကျေးရွာများပင်လျှင် လယ်ကွင်းထဲအထိ ကတ္တရာလမ်းများပေါက်နေပေပြီ။ မိမိတို့၏ ကျေးလက်များသည် ကျေးလက်ဂုဏ်အင်္ဂါများနှင့်ပြည့်စုံနေမြဲပင်။

နိုင်ငံ၊ မြို့၊ ရွာများ ဖွံ့ဖြိုးရေးတွင်အရေးကြီးသည့် အချက်တစ်ချက်မှာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးဖြစ်သည်။ ဤတွင် လမ်းပန်းဆက်သွယ်ရေးသည်အဓိကဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက သွင်းအားစုများနှင့် ထုတ်လုပ်ပြီးကုန်ချောများအလွယ်တကူ တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်ပေးပို့နိုင်မည်။ သို့မှသာ ဈေးကွက်လုပ်ဆောင်ချက် (Market Assess) များအပြည့်အဝ ဆောင်ရွက်ပေးနိုင်မည်။ ငယ်ငယ်က သင်ခဲ့ရသည့် စိုက်ပျိုးရေးဘောဂဗေဒ ဘာသာရပ်ပါ လယ်ယာတော (Farm Gate) နဲ့ ဈေး (Market) ဆက်သွယ်မှု အရေးကြီးပုံအကြောင်း ဆရာတစ်ဦး၏ သင်ကြားမှုကို ပြန်သတိရနေမိသည်။ အရေးတကြီးဆောင်ရွက်ပေးရမည့် လုပ်ငန်းများထဲမှ တစ်ခုပင်။

မင်းဘူးပြန်ရောက်တော့ အချိန်က မွန်းလွဲ ၂ နာရီ ၁၅ မိနစ်။ ယမန်နေ့ကတည်းက သတိထားမိသည်။ မင်းဘူး-စလင်း ၃၉ မိုင်။ တစ်နာရီစွန်းစွန်းလေးကြာသည်။ အချိန်နာရီကိုတွက်ချက်မင်သက်မိနေသည့်မိမိကို အတူပါလာသည့် မင်းဘူးမြို့ခံက သိပ်အံ့သြသွားသလားဗျ။ ဟိုးအရင်ကတော့ အနည်းဆုံး နှစ်နာရီခွဲဟု ဂုဏ်ယူသည့်လေသံဖြင့်ပြောသည်။ ဒီလမ်းက အခုကုမ္ပဏီကိုပေးထားတာ။ သူတို့က လမ်းကြေးကောက်။ သူတို့ပြင်။ ဟိုး စလင်းမြို့နယ်နိမိတ်နားအထိ။ ဒါကြောင့် အခုဆို ဒီဘက်လမ်းပိုင်းက အတော်ကောင်းနေပြီ။ ဟိုအရင်လို မကြာတော့ဘူး။ လမ်းကလည်း မြင်တဲ့အတိုင်းပါ။ ချောလို့။ ဒါတွေက ဒီဘက်အစိုးရ၏မူဝါဒအပြောင်းအလဲကြောင့် ဖြစ်လာတဲ့ အသီးအပွင့်တွေ၊ လက်တွေ့ဖြစ်ရပ်တွေပါလို့ပြောရင် မငြင်းနဲ့ပေါ့ဗျာဟုခနဲ့တာပင် ခံလိုက်ရသေးသည်။

ကောင်းလေစွ။ အေးပေါ့ဗျာ။ တစ်နည်းအားဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းတွေထဲက အစိတ်အပိုင်းတစ်ခုပါဗျာလို့ ဖြည့်စွက်ပြောရင်းစကားစဖြတ်လိုက်ရသည်။ မိုးကောင်းကင်သည် ကြည်လင်နေဆဲပင်။ ။



## ဆောင်းရာသီနမ့်ခမ်း သဘာဝရေပူစမ်း၌စည်ကား

**နမ့်ခမ်း ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့သည် ဆောင်းရာသီကာလတွင် ရာသီဥတုအလွန်အေးပြီး ရေပူရေအေးဖြင့် ရေချိုးကြရသည်ဖြစ်ရာ နမ့်ခမ်းမြို့နှင့် နှစ်မိုင်ကျော်ကွာဝေးသည့် မန့်ပုံရွာရှိ သဘာဝရေပူစမ်းတွင် နေ့စဉ်ရေချိုးကြသူများဖြင့် စည်ကားလျက်ရှိသည်။

သဘာဝရေပူစမ်းသည် ကျောက်ကြားမှစိမ့်၍ထွက်လာပြီး ကန့်ဓာတ်ပါဝင်ကာ ရိုးရိုးရေပူနှင့်မတူဘဲ ကျန်းမာရေးညီညွတ်ခြင်း၊ အညောင်းအညာပြေခြင်းကြောင့် ရပ်နီးရပ်ဝေးမှလာရောက်ကာ ရေချိုး၊ ရေစိမ်ကြသည်။ ရေပူစမ်းတွင် အခကြေးငွေပေး၍ ရေချိုးခန်းတွင် စိတ်တိုင်းကျချိုးနိုင်သကဲ့သို့ နမ့်မချောင်းအနီးစိမ့်ထွက်လာသော ရေပူကိုကွန်ကရစ်ရေကန်များပြုလုပ်ထားသောနေရာများ၊ ချောင်းစပ်များတွင်လည်း အခမဲ့ချိုးကာ အပန်းဖြေနိုင်ကြောင်း သိရသည်။

"ရေကအတော်ပူတယ်ဗျ၊ ကြက်ဥစိမ်ထားရင်တောင်ကျက်တယ်။ ချိုးမယ်ဆိုရင် ရေအေးနဲ့စပ်ချိုးရတယ်၊ ရေပူစမ်းမှာ ဆောင်းဝင်ခါစ၊ နိုဝင်ဘာလနဲ့ ဆောင်းအကုန် ဖေဖော်ဝါရီလတွေမှာ ရေလာချိုးတဲ့သူများတယ်၊ ကျန်တဲ့လတွေမှာလာတဲ့သူမရှိဘူး၊ နမ့်ခမ်း၊ မူဆယ်၊ ၁၀၅ မိုင်ကဧည့်သည်တွေလာကြတယ်၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေမှာ ပိုပြီးလူများတယ်" ဟု စမ်းသီတာရေပူစမ်းတာဝန်ခံက ပြောကြားသည်။

**ညဏ်မင်း(နမ့်ခမ်း)**

## နိုင်ငံရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေစနစ် လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် International IDEA တို့ ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေစနစ် လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် International IDEA မှ Mr. Rolf Magnus Ohman နှင့် Ms. Elin Maria Sofia Hellberg Falfuera တို့မှ နိုင်ငံရေးဆိုင်ရာဘဏ္ဍာရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံနှင့် အကောင်အထည်ဖော်ဆောင်မှု၊ ဘဏ္ဍာရေးအစီရင်ခံစာများ၊ လက်ခံရရှိခြင်းလုပ်ထုံး လုပ်နည်းများ၊ ဘဏ္ဍာရေးအစီရင်ခံစာများနှင့် တိုင်ကြားလွှာများအား စစ်ဆေးကြည့်ရှုခြင်းလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးအစီရင်ခံစာများကို ဖော်ပြခြင်းလုပ်ငန်းစဉ်များ၊ အခြားဆက်စပ်နေသူများနှင့် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ရေရှည် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်နေသည့် နိုင်ငံရေးဆိုင်ရာဘဏ္ဍာရန်ပုံငွေလုပ်ငန်းစဉ်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်များနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

## ရွှေနန်းတော်ကျောင်းကြီး၏ သမိုင်းတစ်လျှောက် ပြောင်းလဲလာမှုများအကြောင်းဟောပြောပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၁**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရှေးဟောင်းသုတေသနတို့၏ ထောက်ခံချက်ဖြင့် မန္တလေးမြို့ ရွှေနန်းတော်ကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသော ကမ္ဘာ့အဆောက်အအုံများ ရန်ပုံငွေအဖွဲ့မှ ဗိသုကာပညာရှင် ဒေါက်တာဖရန်ဆွာတန်တူယေသည် ရွှေနန်းတော်ကျောင်းကြီး၏ သမိုင်းတစ်လျှောက် ပြောင်းလဲလာမှုများ အကြောင်းကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ရှိ ဂျက်ဖာဆန်စင်တာ၌ရှင်းလင်းဟောပြောပွဲကျင်းပသည်။

ထိုသို့ရှင်းလင်းပြောကြားရာတွင် ၎င်းကိုယ်တိုင် သုတေသနပြုချက်များအရ မန္တလေးမြို့တွင် ရွှေနန်းတော်ကျောင်းထက် အနုပညာလက်ရာများ ပိုမိုကောင်းမွန်သောကျောင်းများကို တွေ့ရသော်လည်း ရွှေနန်းတော်ကျောင်း၏ ထူးခြားချက်မှာ ကျောင်းကြီး၏ အတွင်းအပြင်များကို ရွှေချထားသည့်အပြင် နံရံများကိုလည်း သစ်သားပန်းပုရုပ်များကပ်၍ တပ်ဆင်ထားသည်ကို တွေ့ရှိရကြောင်း။

သို့သော် ပြုပြင်ထိန်းသိမ်းမှုနှင့် မှတ်တမ်းတင်မှု အားနည်းလျက်ရှိကြောင်းနှင့် ၁၉၁၉ ခုနှစ်မှ စတင်၍ ပြုပြင်မှုအသေးစားများသာ လုပ်ဆောင်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှစ၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

"၁၉၁၉ ခုနှစ်နောက်ပိုင်းမှာတော့ ပြုပြင်မှုအသေးစားတွေအနေနဲ့ရေနံချေးသုတ်ထားတာ တွေ့ရတယ်။ ဒါပေမယ့် ၁၉၆၂ ခုနှစ်ကစတင်ပြီး ပြုပြင်မှုတွေ ဆက်တိုက်လုပ်ထားပြီး ၁၉၉၀ ပြည့်နှစ်မှာ ကျောင်းရဲ့အနောက်ဘက်ခြမ်း ယိုင်နေတာကို ကွန်ကရစ်တိုင်တွေနဲ့ ကြားကန်ထားတာကိုလည်း တွေ့ရတယ်" ဟု ၎င်းက ပြောကြားသည်။

ထို့နောက် ဒေါက်တာ ဖရန်ဆွာတန်တူယေသည် ၁၉၆၀ နောက်ပိုင်းမှစ၍ ယခုအခြေအနေထိ ရွှေနန်းတော်ကျောင်းကြီး၏ ယိုယွင်းပျက်စီးနေမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်း



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင် အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

**မနီလာ ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Franklin Drilon နှင့် ယနေ့နံနက် ၁၁ နာရီတွင် အထက်လွှတ်တော်အဆောက်အအုံ(၆)လွှာရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်းနှင့်ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံလွှတ်တော်များအကြား လက်တွဲပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အထက်လွှတ်တော် အဆောက်အအုံသို့ရောက်ရှိစဉ် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံ

**မနီလာ ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီခွဲက ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ အောက်လွှတ်တော်အဆောက်အအုံသို့ ရောက်ရှိကြရာ လွှတ်တော်လုံခြုံရေးအကြီးအကဲက ဂုဏ်ပြုကြိုဆိုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဖိလစ်ပိုင်အောက်လွှတ်တော်က ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်အမှတ်- ၁၆၂ ကို ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကအား ပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဆုံးဖြတ်ချက်တွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းကို ကြိုဆိုအသိအမှတ်ပြုကြောင်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တည်ငြိမ်မှုရှိရေး ဆောင်ရွက်ခြင်းတို့ကို အသိအမှတ်ပြုကြောင်းဖြင့် ဖော်ပြပါရှိသည်။

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ညနေ ၅ နာရီခွဲတွင် မနီလာမြို့ရှိ အောက်လွှတ်တော်အဆောက်အအုံ လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမဆောင်၌ ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌ Hon. Mr. Feliciano Belmonte, Jr နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွတ်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖိလစ်ပိုင် အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Hon.Mr.Giorgidi Aggabao၊ ဖိလစ်ပိုင်အောက်လွှတ်တော်ရှိ ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်အမတ်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဖိလစ်ပိုင်နိုင်ငံ၌ ၁၉၀၇ ခုနှစ်မှစတင်၍ လွှတ်တော်များ ပေါ်ပေါက်လာခဲ့ခြင်းနှင့် အဆင့်ဆင့်ပြောင်းလဲလာသောသမိုင်းကြောင်းကို ဖိလစ်ပိုင်လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။ အတန်ကြာမှ ဒီမိုကရေစီလှုပ်ရှားမှုများ ပေါ်ပေါက်လာပြီးနောက် အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးနိုင်ခဲ့ကြောင်း၊ အောက်လွှတ်တော်၏ဆုံးဖြတ်ချက်ကို အထက်လွှတ်တော်ကအတည်ပြုကြောင်း၊

ယင်းနောက် သမ္မတထံသို့တင်ပြကာ အပြီးသတ်အတည်ပြု၍ ဥပဒေများထုတ်ပြန်ကြောင်း ပြောကြားသည်။ မကြာသေးမီက ဘန်ဆာမိုရိုငြိမ်းချမ်းရေး သဘောတူစာချုပ်တစ်ရပ်ကို အစိုးရနှင့်သက်ဆိုင်ရာဒေသမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် အစိုးရ၊ လွှတ်တော်နှင့် အရပ်ဘက်အဖွဲ့အစည်းများ အသီးသီးတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ထာဝရငြိမ်းချမ်းရေးရရှိစေရန်၊ ဥပဒေပြုရေးအပါအဝင် အခြားဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိပြီး သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး ရည်မှန်းချက်ထားပြုလုပ်နေကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာသုံးရပ်ကို ခွဲခြားဆောင်ရွက်သော်လည်း လုပ်ငန်းများ အောင်မြင်စေရန်အတွက် အဆိုပါအဖွဲ့အစည်းသုံးရပ်အနေဖြင့် အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ညပိုင်းတွင် ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မနီလာမြို့ အောက်လွှတ်တော်အဆောက်အအုံ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌ Hon.Mr. Feliciano Belmonte, Jr နှင့် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။**

❖ *ကျော်ဖုံးမှ*

ပွဲအစ မိနစ် ၂၀ အတွင်း ကမ္ဘောဇအသင်း ဂိုးများဆက်တိုက်ရခဲ့ပြီး ခေါ်ယူစမ်းသပ်နေသော နိုင်ငံခြားသားများဖြစ်သည့် ဂီရောဂျီက ၁၇ မိနစ်နှင့် ဖာလန်က မိနစ် ၂၀ တို့တွင် နှစ်ဂိုးဆက် သွင်းယူပေးခဲ့သည်။ ကမ္ဘောဇအသင်း၏ ဦးဆောင်မှုမှာ ထင်သလောက်မကြာခဲ့ဘဲ ၂၅ မိနစ်တွင် ကာဗူရှီနှင့် ၂၆ မိနစ်တွင် ယူကီရှိမာတို့က တိုကျိုတက္ကသိုလ်အတွက် ချေပဂိုးများ ပြန်သွင်းပေးခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ၇၅၊ ၈၁ မိနစ်တို့တွင် ယာမာဒါက တိုကျိုတက္ကသိုလ်အတွက် အနိုင်ဂိုးများသွင်းယူပေးခဲ့ပြီး ၈၃ မိနစ်တွင် ဂျင်မီက ကမ္ဘောဇအတွက် တတိယဂိုး သွင်းယူပေးခဲ့သည်။

ညနေ ၃ နာရီခွဲတွင် တိုကျိုတက္ကသိုလ်(က) အသင်းနှင့် နည်းပညာတက္ကသိုလ်(ညွန့်ပေါင်း) အသင်းတို့ ခြေစမ်းကစားရာ တိုကျိုတက္ကသိုလ်အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ယနေ့ပွဲ**
**(သုဝဏ္ဏကွင်း)**
**နံနက် ၈ နာရီခွဲ**
ဧရာဝတီ-တိုကျိုတက္ကသိုလ်(က)

**ညနေ ၃ နာရီခွဲ**
နည်းပညာတက္ကသိုလ်(ညွန့်ပေါင်း)-တိုကျိုတက္ကသိုလ်(ခ)

ဒီဇင်ဘာ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)၌ဖော်ပြခဲ့သည့် "တိုကျိုတက္ကသိုလ်အသင်းနှင့် မြန်မာအသင်းများခြေစမ်းပွဲကစားမည်" သတင်းတွင် နည်းပညာတက္ကသိုလ် (သန်လျင်) အစား နည်းပညာတက္ကသိုလ် (ညွန့်ပေါင်း) ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ မနီလာမြို့၌ ကြည့်ရှုလေ့လာ

**မနီလာ ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်နံနက်ပိုင်းက ခေတ္တတည်းခိုသည့် မနီလာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် ဖိလစ်ပိုင်အမျိုးသားခေါင်းဆောင်ကြီး ဟိုဆေးရီဇာ နေအိမ်ပြတိုက်သို့ ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဟိုဆေးရီဇာပြတိုက်အတွင်း ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် မနီလာမြို့ရှိ အင်ထရာမူရော့မြို့ဟောင်းနေရာနှင့် ဟိုဆေးရီဇာပန်းခြံသို့ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စုလွှတ်တော်နာယက ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ Ninoy Aquino International Airport သို့ရောက်ရှိကြပြီး ဖိလစ်ပိုင် အောက်လွှတ်တော်မှ တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ၄င်းမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

❊ *ကျော်ဖုံးမှ*

စွန့်ပစ်ပစ္စည်း ရှင်းလင်းဖယ်ရှားမှုစသောကဏ္ဍများတွင် လုပ်ဆောင်စရာ များစွာရှိနေကြောင်း၊ မြန်မာနိုင်ငံ၌ လုပ်ဆောင်စရာများစွာရှိနေသည်ကို ဆောလျင်စွာ သိရှိထားသော ဩစတြေးလျကုမ္ပဏီများအနေဖြင့် ထိုအခွင့်အရေးများကို အမိအရယူခဲ့ကြကြောင်း၊ ဩစတြေးလျသို့ သမ္မတဦးသိန်းစိန် သွားရောက်ခဲ့စဉ်က ဩစတြေးလျရှိ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ကြောင်း၊ ယင်းကုမ္ပဏီများထဲတွင် မြန်မာနိုင်ငံအတွက် မီဒီယာဆိုင်ရာ လေ့လာသုံးသပ်မှုများ ပြုလုပ်နေသည့် META ကွန်မြူနီကေးရှင်းလည်း ပါဝင်သည်ကို အဆိုပါကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ အဲရစ်ပဲလက်ရှ်၏ပြောပြချက်အရ သိရှိရကြောင်း၊ အဲရစ်ပဲလက်ရှ်က မိမိတို့သည် မြန်မာနိုင်ငံတွင်း ပွင့်လင်းလာမှုနှင့် အစိုးရ၏လုပ်ဆောင်ချက်များအပေါ် အားရကျေနပ်ပါကြောင်း၊ သို့သော်လည်း နိုင်ငံအတွင်းရှိ အများပြည်သူ ပို့ဆောင်ရေးကဏ္ဍနှင့် အင်တာနက်ကဲ့သို့သော အခြေခံအဆောက်အအုံများမှာ လိုအပ်ချက်များရှိနေသေးကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။


**နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့**

ပြည်တွင်းသတင်းနှင့် မှုခင်း

# ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁၁**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်



ဦးနိုထန်ကတ်
ချင်းတိုင်းရင်းသားရေးရာဝန်ကြီး



ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် လွှတ်တော်ကိုယ်စားလှယ် ၇၇ ဦး တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက မေးခွန်း ၁၁ ခုကို မေးမြန်းဖြေကြားကြသည်။

ထို့နောက် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကတ်က "၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် (၆) ပွင့်ဆိုင် ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထဲမှ သင့်လျော်သည့် အရေးအတွက်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးများ ပါဝင်ဆွေးနွေးခွင့်ရရှိဖို့လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ပတ်သက်နေသည့်အတွက် တိုင်းဒေသကြီးအတွင်း ပြည်သူလူထုကို ကိုယ်စားပြုသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသည့် တိုင်းရင်းသားရေးရာ ဝန်ကြီးများ ပါဝင်ဆွေးနွေးခြင်းဖြင့် ပိုမိုကောင်းမွန်သော ဆွေးနွေးဆုံးဖြတ်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ ပါဝင်ဆွေးနွေးခွင့်ရရှိရေး တင်ပြ ဆောင်ရွက်သင့်ပါကြောင်း" အရေးကြီး အဆိုတင်သွင်းပြီးလွှတ်တော်မှ မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိတ်ဇောတပ်မော်တော်ယာဉ်များအား အရှိန်အဟုန်မြှင့် ဖမ်းဆီးခဲ့ရာ စုစုပေါင်း ၇၃ စီး ဖမ်းဆီးရမိပြီးဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ စီမံချက်ကိုအရှိန် အဟုန်မြှင့် ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက်ညတွင် ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပါဝါအိတ်ဇောတပ်မော်တော်ယာဉ် အမျိုးအစားမျိုးစုံ လေးစီးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။ **(ဝဲပုံ)**



ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မည့်အပြင် ယာဉ်မှတ်ပုံတင်လိုင်စင် ရှိ၊ မရှိ စိစစ်ပြီး ယာဉ်မှတ်ပုံတင်မရှိသောမော်တော်ယာဉ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အထိ စည်းကမ်းမဲ့ပြိုင်ကားနှင့် ပါဝါအိတ်ဇောတပ်မော်တော်ယာဉ် စုစုပေါင်း ၇၃ စီး ဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ ပြိုင်ကားများနှင့် ပါဝါအိတ်ဇောတပ်ဆင်ထားသည့် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့် အသံဆူညံစွာ ဖြစ်ပေါ်နေသဖြင့် အများပြည်သူတို့၏စိတ်တွင် အနှောင့်အယှက်ဖြစ်စေသည့်အပြင် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ စည်းကမ်းမဲ့ယာဉ်များကိုသာ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြပါရန် အသိပေးဖော်ပြအပ်ပါသည်။ **(မြန်မာ့အလင်း)**

# မအူပင်မြို့ ဓမ္မာရုံရွှေကျောင်းကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်ဩဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ဓမ္မာရုံရွှေကျောင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအနန္တဝိဝရ (ရွှေကျောင်ဒုတိယသာသနာပိုင်) ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၃ နှစ်) သိက္ခာတော် (၇၃)ဝါအရ ၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်၊ (၁၁-၁၂-၂၀၁၄)ရက် (ကြာသပတေးနေ့)နံနက် ၁နာရီ ၃၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ကြီးကြပ်ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ့စီးပွားရေးဘဏ် ကြီးကြပ်ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၄)ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲ၌ ဦးဆောင်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်ဘဏ်ခွဲများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**မူးယစ်ဆေးဝါးအန္တရာယ်**
**တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်**




**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/3089 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကျိုက်ထီးရိုး**

09-8630301
09-73494339

**အမည်ပြောင်း**

ဦးအောင်မြင့်လွင်၏သား ရန်ကုန်မြို့ ရွှေပင်ရွှေသီး ကိုယ်ပိုင်အထက်တန်းကျောင်းတက္ကသိုလ်ဝင်တန်းမှ မောင်သော်တာမင်းထက်အောင်အား မောင်သော်တာမင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သော်တာမင်းထက်**

## အများသိစေရန်အသိပေးကြေညာခြင်း

ဦးလောနောင် ၁/မကန(နိုင်)၀၂၆၄၃၀ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးလောနောင် ၁/မကန(နိုင်)၀၂၆၄၃၀ထံမှ ကျောက်ငွမ်းလုပ်ငန်းအတွက် ထုတ်လုပ်ခွင့်ရရှိရန် အာမခံသဘောအဖြစ် ရှမ်းစုမြောက်၊ အကွက်အမှတ် ၂၇၊ ဦးပိုင် ၈၀မြေကွက်၊ မြေချိန်ဧရိယာ ဝဒသမ ၀၈၃၈ဧကေ၊ စတုရန်းပေ ၃၆၀၀ ရှိ ဦးလောနောင်၊ ဒေါ်ရှောတင်(ခ)ယဉ်ယဉ် နှစ်ဦးအမည်ပေါက်ဂရန်စာရွက်နှင့် အထူးကိုယ်စားလှယ်လွှဲစာကို ညီဖြစ်သူ ဦးမောင်ချင်း(ခ)ရှောက်ဆန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခုအခါ လုပ်ငန်းပြီးစီးပြီးဖြစ်ပါသဖြင့် ကိုယ်စားလှယ်လွှဲစာအမှတ် ၉၆/၉၈ကို ယနေ့အချိန်မှစ၍ လွှဲအပ်ထားသောကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**အမှုသည် ဦးလောနောင်၏တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်တင်တင်ရီ** |
| **ဦးလောနောင်** | **အထက်တန်းရှေ့နေ** |
| **၁/မကန(နိုင်)၀၂၆၄၃၀** | **စဉ်-၄၀၅၉** |
| **အမှတ် ၉၈၊ ရောရပ်ကွက်၊** | **အမှတ် ၂၀၅၊ မြို့သစ်ရပ်ကွက်၊** |
| **မြစ်ကြီးနားမြို့** | **မြစ်ကြီးနားမြို့** |

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အကြိမ် (၄၀)မြောက် အာဆီယံဆိပ်ကမ်းများအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**




ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် အကြိမ် (၄၀) မြောက် အာဆီယံဆိပ်ကမ်းများအသင်း အစည်းအဝေး တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အကြိမ် (၄၀) မြောက် အာဆီယံ ဆိပ်ကမ်းများအသင်း အစည်းအဝေး (The 40th ASEAN Ports Association Meeting) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပခဲ့သည်။

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးဟံစိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တက္ကသိုလ် ကောလိပ်တို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ အာဆီယံဆိပ်ကမ်းများအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးချုပ်နှင့် အာဆီယံ ဆိပ်ကမ်းများအသင်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အာဆီယံ ဆိပ်ကမ်းများအသင်းကို ၁၉၇၄ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ရာ၌ ဆိပ်ကမ်းဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေး၊ ကုန်သွယ်မှု လုပ်ငန်းစဉ်များ ဟန်ချက်ညီညီဖွံ့ဖြိုး တိုးတက်ရေးနှင့် အာဆီယံ ဆိပ်ကမ်းများအကြား ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးနှင့် ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးကို ရည်ရွယ်ဖွဲ့စည်းခဲ့သည်ဟု သိရှိရကြောင်း။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် ၂၀၀၅ ခုနှစ်တွင် အာဆီယံ ဆိပ်ကမ်းများအသင်း၏ အမြဲတမ်းအသင်းဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး အခြားသောနိုင်ငံများ၊ ဒေသတွင်း၊ နိုင်ငံတကာ ဆိပ်ကမ်းများနှင့် ပတ်သက်သည့် အသင်းအဖွဲ့များအကြား ပိုမိုရင်းနှီးစွာ ဆက်သွယ်ဆောင်ရွက်သွားရန် ရည်ရွယ်၍ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး တိုးတက်မှုအရှိန်အဟုန်မြင့်တင်နိုင်ရေးအတွက် လည်းကောင်း၊ ဒေသတွင်းလူမှုရေး တိုးတက်လာစေရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးလာစေရေးအတွက် လည်းကောင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှဒေသ နိုင်ငံများအကြား ချမ်းသာကြွယ်ဝပြီး ငြိမ်းချမ်းသာယာသော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရေးကို ရှေးရှုကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် 38th ASEAN Senior Transport Officials Meetings နှင့် 20th ASEAN Transport Ministers Meeting & Associated Meetings ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ အိမ်ရှင်နိုင်ငံအဖြစ် မန္တလေးမြို့၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည့်နည်းတူ ယခုကျင်းပလျက်ရှိသော 40th APA Meetings ကိုလည်း ရလဒ်အသီးအပွင့်များ ဝေဆာစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

အာဆီယံဆိပ်ကမ်းများအသင်းဝင်များအနေဖြင့် အချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ပိုမိုလွတ်လပ်သော၊ ပိုမိုကမ္ဘာပြုမှုရှိစေခြင်းနှင့် နိုင်ငံတကာကုန်သွယ်မှု အရေးကိစ္စများတွင် ဈေးကွက် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာအောင် ဆက်လက်၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် အာဆီယံဆိပ်ကမ်းများအသင်း၏ အသင်းဝင်အဖြစ် ကိုးနှစ်တိုင် သက်တမ်းကာလအတွင်း အကြိမ်(၄၀)မြောက် အာဆီယံ ဆိပ်ကမ်းများအသင်း အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ အဆိုပါ သက်တမ်းကာလအတွင်း မိမိတို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် အသင်း၏ လုပ်ငန်းဆောင်တာကိစ္စရပ်များကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပြီး ထိုကဲ့သို့ ပူးပေါင်းပါဝင်ခြင်းကြောင့် အာဆီယံ ဆိပ်ကမ်းများမှ ဆိပ်ကမ်းဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အတွေ့အကြုံကောင်းများစွာကို လေ့လာသိရှိခဲ့ရပါကြောင်း။

ဂျာမနီနိုင်ငံ GIZ အဖွဲ့၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်လျက်ရှိသော ဆိပ်ကမ်းရေရှည်ဖွံ့ဖြိုးရေး ဒုတိယအဆင့် စီမံချက် Phase II of the Project "Sustainable Port Development (SPD) in ASEAN Region" တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိသည့်အပြင် ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် စံညွှန်းသတ်မှတ်ချက်နှင့် ပတ်သက်သည့် လမ်းညွှန်ချက်မူကြမ်းကိုလည်း ပူးပေါင်းပါဝင်ရေးဆွဲရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေးအတွက် အမြင်ချင်းဖလှယ်ရေး၊ လုံခြုံရေး၊ ဆိပ်ကမ်း ရေလမ်းကြောင်းများ အန္တရာယ်ကင်းရှင်းရေးတို့အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်နေမှုကိစ္စရပ်များကို အာဆီယံဆိပ်ကမ်းများအသင်း၏ အသင်းဝင်နိုင်ငံများ အချင်းချင်း ပိုမိုကြိုးပမ်းအားထုတ်ကြရင်း ပိုမိုခိုင်မာသော အုတ်မြစ်များနှင့် ဘက်စုံလုပ်ငန်း အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အကြိမ် (၄၀) မြောက် အာဆီယံ ဆိပ်ကမ်းများအသင်း အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပြီး အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● ***ရှေ့ဖုံးမှ***

တည်ဆောက်မှုလုပ်ငန်းများ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နမ်ထွမ်ချောင်းကူး (လုံးစွတ်) တံတားကို အောက်ထည်ကိုးပေ Well Foundation၊ ကိုယ်ထည် Rcc ကမ်းကပ်ခုံနှင့် ရေလယ်တိုင်၊ အပေါ်ထည် Rcc ကွန်ကရစ်ရက်မနှင့် Rcc ကွန်ကရစ်ကြမ်းခင်းဖြင့် ဆောက်လုပ်သွားမည်ဖြစ်သည်။

တံတားအရှည် ၁၉၅ ပေ၊ ခန်းဖွင့်အကျယ် ၆၅ ပေ၊ ခန်းဖွင့်သုံးခန်း၊ ယာဉ်နှစ်လမ်းသွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

တံတားကြီး တည်ဆောက်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ပြည်နယ်အစိုးရ ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၄၄၈ ဒသမ ၅၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၃၀၀ စုစုပေါင်းငွေကျပ်သန်းပေါင်း ၇၄၈ ဒသမ ၅၀ ခွင့်ပြုခဲ့သည်။

အဆိုပါ တံတားကြီးပြီးစီးသွားပါက ကုန်တင်ယာဉ်ကြီးများနှင့် သုံးဘီးဆိုင်ကယ်များ အချိန်အခါမရွေး၊ ရာသီမရွေး၊ အချိန်နှင့်တစ်ပြေးညီ အန္တရာယ်ကင်းစွာသွားလာနိုင်တော့မည်ဖြစ်၍ ပူတာအိုခရိုင်အတွင်းရှိ ပြည်သူများအတွက် သာမက ပြည်တွင်း/ပြည်ပခရီးသွားများ အတွက်ပါ များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**


## သွင်းကုန်ပါမစ်ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ ဗုဒ္ဓအေးရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏိဇောတသီရိ၏ သာသနာရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Toyota Land-cruiser Prado 2005 Model မော်တော်ယာဉ်တစ်စီး တင်သွင်းခွင့်ပါမစ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ IP 3 14 15 0630 30/06/14 ဖြင့် ဘဒ္ဒန္တမဏိဇောတသီရိ အမည်ဖြင့် ထုတ်ပေးခဲ့ရာ အဆိုပါသွင်းကုန်ပါမစ်မူရင်းသည် ၁-၁၂-၂၀၁၄ရက်တွင် ပျောက်ဆုံးကြောင်း သိရှိရသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဘဒ္ဒန္တမဏိဇောတသီရိ**
**ဖုန်း-၀၉-၄၂၅၃၂၅၄၅၆**

## ဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင်ပါကြောင်း

၁၁-၁၂-၂၀၁၄ရက်သည် မြန်မာနိုင်ငံသားတိုင်း ဂုဏ်ယူဝမ်းမြောက် ပီတိများစွာဖြစ်စေခဲ့သည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး၏ဖွင့်ပွဲ အခမ်းအနား နှစ်ပတ်လည်နေ့ အခါသမယပင်ဖြစ်ပါသည်။

ယင်းအခမ်းအနားတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ကြသောကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံသားအပေါင်းတို့က ၁၁-၁၂-၂၀၁၄ရက်တွင် ကျရောက်သော 27th SEA Games ဖွင့်ပွဲနှစ်ပတ်လည်နေ့ကို အမှတ်တရ၊ သတိတရ ဂုဏ်ယူခြင်းများစွာဖြင့် Facebookနှင့် အခြားစာမျက်နှာများတွင် ရေးသားဖော်ပြထားသည်ကိုလည်း မြန်မာနိုင်ငံသားအပေါင်းနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုင်တင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီက ဂုဏ်ယူဝမ်းမြောက် အမှတ်ရစွာဖြင့် တွေ့မြင်ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံသားတိုင်းက ဂုဏ်ယူဝမ်းမြောက် ပီတိများစွာ ဖြစ်ခဲ့ကြရသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကြီးကို ယနေ့တိုင်ဂုဏ်ယူအမှတ်တရရှိနေကြသော 27th SEA Games ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများအားလုံးနှင့် မြန်မာနိုင်ငံသားအားလုံးကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီက လေးစားဂုဏ် ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

အလားတူပင် နောင်တွင် ဆက်လက်ကျင်းပမည့် နိုင်ငံ့ဂုဏ်ဆောင် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင်လည်း တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ပါဝင်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ**
**ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်**
**ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ**




## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တွင် ကျောင်းအဝင်လမ်း(ပေ ၁၁၀၀) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှသတ်မှတ်ထားသော လုပ်ငန်းစံနှုန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှ မှတ်ပုံတင်မိတ္တူနှင့် (Profile)တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၀-၁၂-၂၀၁၄ရက်မှ ၂၃-၁၂-၂၀၁၄ ရက်အထိ အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၅။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)**
**ဖုန်း-၀၉-၈၆၄၁၃၄၁၊ ၀၉-၃၂၄၃၃၁၇၀**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA) ၏
## ပညာရပ်ဆိုင်ရာဟောပြောပွဲနှင့်ဆွေးနွေးပွဲ

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)မှ ကျင်းပစီစဉ်သော ပညာရပ်ဆိုင်ရာဟောပြောပွဲနှင့်ဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများနှင့်စိတ်ပါဝင်စားသူများအားလုံး တက်ရောက်နိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အသင်းရုံးခန်း ဖုန်းနံပါတ် ၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဟောပြောမည့်ခေါင်းစဉ်** | - | ရန်ကုန်စတော့အိတ်ချိန်း မိတ်ဆက်နှင့်ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများ |
| **ဟောပြောမည့်သူ** | - | ဒေါက်တာမောင်မောင်သိန်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန) |
| **ဟောပြောမည့်ရက်၊ အချိန်** | - | ၁၄-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)၊ နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ |
| **ဟောပြောမည့်နေရာ** | - | အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းခန်းမ) |

**အမှတ်-၄၃၄(ယာ)၊ ၁၆လမ်း၊ ယမုံနာ (၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

## အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ခ/၁၃၂၊ အလျား ၂၅ ပေ× အနံ ပေ၅၀ အကျယ်ရှိ ဒေါ်တင်ကြည်၊ ဦးခင်မောင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် အဆိုပါမြေကွက်၏ ထက်ဝက်(ယာ) ဘက်ခြမ်း၊ အလျား ၁၂½ပေ× အနံ ပေ၅၀ အကျယ်ရှိ အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးစိုးသိန်း ၇/ဖမန(နိုင်) ၀၉၄၀၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**အမှတ်-၅၆၁၊ (M.A.C Tower) အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ကြူ ၁၂/ ဥကတ(နိုင်)၀၃၂၅၁၂၏ သွင်းကုန်လိုင် စင်မူရင်း အမှတ် ILG-14-150234 မှာ ၄-၇-၂၀၁၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၇၁၈၀၆**

## အမည်ပြောင်း

ဦးထွန်းမြင့် ၁၁/မပန(နိုင်)၀၀၁၇၄၆ ၏ သား T.T.C Grade-7 (F)မှ မောင်ပြည့်ဖြိုးအောင်အား မောင်အောင်ပြည့်ဖြိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ပြည့်ဖြိုး**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကြံတစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် စံကွက်ခုတ်သိမ်းပွဲ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ကြံသီးနှံပညာပေးရေးနှင့် နည်းပညာပြန့်ပွားရေးအစီအစဉ်ဖြင့် ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက ပျဉ်းမနားမြို့နယ် ကြံသုတေသနနှင့် မျိုးပွားခြံ(ပျဉ်းမနား)တွင် ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့် ခြံတာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ကြံစိုက်တောင်သူများနှင့် ကွင်းဝန်ထမ်းများ စုစုပေါင်း ၉၀ တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် ကြံသီးနှံပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်၊ နေပြည်တော်ကောင်စီနယ်မြေ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးတိုးဝင်းနှင့် ကြံသုတေသန မျိုးပွားခြံမန်နေဂျာတို့က ကြံတစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးခြင်းကို လက်တွေ့စိုက်ပျိုးပြသကြပြီး ကြံသီးနှံစံကွက်ခုတ်သိမ်းခြင်းကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် တက်ရောက်လာကြသော ကြံစိုက်တောင်သူများကို စိုက်ပျိုးရေးကွင်း ဝန်ထမ်းများက သိရှိလိုသည်များကို ပြန်လည်ဖြေကြားပြီး နေပြည်တော် (၁) ကြံမျိုးအပါအဝင် ကြံမျိုးသစ် သုံးမျိုးကို ကြံစိုက်တောင်သူများနှင့် ခြံတာဝန်ခံများသို့ အခမဲ့ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**တင့်ဇော်ထွန်း (တပ်ကုန်း)**

# သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်း မန္တလေး၌ဖွင့်

**မန္တလေး ဒီဇင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၆၅ လမ်းထောင့်ရှိ ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဌေးလွင်က သင်တန်းအကြောင်း သိကောင်းစရာများကိုပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်၊ မတ္တရာခရိုင်၊ ပုသိမ်ကြီးမြို့နယ်များ စားသောက်ကုန်အသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ သင်တန်းသား သင်တန်းသူ ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု အမျိုးအစား ၁၈ မျိုးကို စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ကြောင်းနှင့် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသ လုပ်ငန်းရှင်များနည်းပညာ ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

**တင်မောင် (မန္တလေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၁၂-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၄၃၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၄၈၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၆-၁၀၄၈ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ငှေဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၂၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၅၀၀၀-၂၇၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၂၈ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၀၀-၅၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၀၀-၁၈၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀-၁၅၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၅၀-၆၃၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၇၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၈၀၀-၄၉၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/ဇယားပြုသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်တက္ကသိုလ် (Center of Excellence) များသို့
## ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများမှ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါအဆင့်မြင့်တက္ကသိုလ် (Center of Excellence) များသို့ အပိုဒ် (၂)ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ရန်ကုန်နည်းပညာတက္ကသိုလ်
(ခ) မန္တလေးနည်းပညာတက္ကသိုလ်
(ဂ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
(ဃ) နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)
(င) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
(စ) မန္တလေးကွန်ပျူတာတက္ကသိုလ်

၂။ **လိုအပ်သောအရည်အချင်း**
(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေး ခက်ခဲသောဒေသများတွင် အမြဲနေထိုင်သူ၊ အခြေခံပညာသင်တန်း (၈တန်း၊ ၉ တန်း၊ ၁၀တန်း)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူဖြစ်ရမည့်အပြင် အဆိုပါဒေသအတွင်း ပြန်လည်အကျိုးပြုနိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (မြို့နယ်အုပ်ချုပ်ရေးမှူး)၏ ထောက်ခံချက်(မူရင်း) ပါရှိရမည်။
**မှတ်ချက်။ အပိုဒ်(၂၊ ခ)ပါ ဒေသများတွင် နေထိုင်သော်လည်း အခြေခံပညာ အထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းမှ အောင်မြင်သောကျောင်းသားများအား (၈တန်း၊ ၉တန်း၊ ၁၀တန်း)ကို ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက်တက်ရောက်ခဲ့ခြင်းမရှိသော်လည်းခြွင်းချက်ဖြင့် စဉ်းစားမည်။**
(ဂ) ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူများဖြစ်ရမည်-
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပူးတွဲတင်ပြရမည်-
(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ရမှတ်စာရင်း (မူရင်း) တစ်စောင်
(ခ) ၎င်းဒေသရှိကျောင်း၌ သုံးနှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိစာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီးထောက်ခံချက်နှင့်မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်
(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင်(၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ထောက်ခံချက်
(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများ
(င) လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံနှစ်ပုံ

၄။ ပူးတွဲဖော်ပြပါ လျှောက်လွှာနမူနာပုံစံအတိုင်း A-4 Size ဖြင့် ကွန်ပျူတာစာစီ၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **၂၁-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍** အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန် ဖြစ်ပါသည်။
**မှတ်ချက်။ ရုံးပိတ်ရက်များတွင်လည်း လျှောက်ထားနိုင်ပါသည်။**

၆။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရောက်ရှိလာသော လျှောက်လွှာများနှင့်အမှတ်စာရင်းများကို အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နှင့် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၏တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ စိစစ်၍ရွေးချယ်သွားမည်ဖြစ်ပါသည်။
**(မှတ်ချက်။ ရွေးချယ်ခြင်း မခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ။)**

၈။ အသေးစိတ်သိလိုပါက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၃နှင့်၀၆၇-၄၀၄၃၆၄သို့လည်းကောင်း၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၂နှင့် ၀၆၇-၄၀၄၃၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)**

၁။ အမည်(မြန်မာ)------------------ ☐ကျား ☐ မ-----------
(အင်္ဂလိပ်)
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-----------------------------
၃။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)----------------------------
၄။ လူမျိုး-----------ကိုးကွယ်သည့်ဘာသာ--------------------
၅။ ဖခင်အမည်--------နိုင်ငံသားစိစစ်ရေးကတ်အမှတ်---------------
အလုပ်အကိုင်--------------------------------------
၆။ မိခင်အမည်-----------နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------------
အလုပ်အကိုင်--------------------------------------
၇။ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်-----------စာစစ်ဌာန---------------
၈။ အောင်မြင်သည့်ခုနှစ်------------------------------------
၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့်ကျောင်းနှင့်မြို့နယ်---------------
-------------------------------------------------
၁၀။ အမြဲနေထိုင်သောလိပ်စာ----------------------------------
-------------------------------------------------
၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်----------------------
-------------------------------------------------
၁၂။ လျှောက်ထားနိုင်သည့် အဆင့်မြင့်တက္ကသိုလ်များ
(က) ရန်ကုန်နည်းပညာတက္ကသိုလ်
(ခ) မန္တလေးနည်းပညာတက္ကသိုလ်
(ဂ) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)
(ဃ) မန္တလေးကွန်ပျူတာတက္ကသိုလ်
(င) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
(စ) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)
၁၃။ ဦးစားပေးအလိုက် လျှောက်ထားလိုသည့် အဆင့်မြင့်တက္ကသိုလ်များ
(က)
(ခ)
(ဂ)
(ဃ)
(င)
(စ)
၁၄။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ ------------

--------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်
အထက်ဖော်ပြပါ အချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။--------------

-----------------
**မိဘ/အုပ်ထိန်းသူလက်မှတ်**

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ခြံ/စက်ရုံ(၄၅)ခုအား စီးပွားရေးအရ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ တင်ပြလာသည့် EOI အဆိုပြုလွှာများအား စိစစ်ပြီးတင်ဒါယှဉ်ပြိုင်ခွင့်ရရှိသည့် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသို့ အသိပေးအကြောင်းကြားခြင်း

၁။ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနပိုင် ခြံ/စက်ရုံ(၄၅)ခုအား ပြည်တွင်းပြည်ပ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ EOI အဆိုပြုလျှောက်လွှာများခေါ်ယူပြီး ၁၆-၁၀-၂၀၁၄ ရက်တွင် ပထမအကြိမ်၊ ၁၃-၁၁-၂၀၁၄ရက်တွင် ဒုတိယအကြိမ်၊ ၄-၁၂-၂၀၁၄ ရက်တွင် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်၍ စိစစ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်/ကုမ္ပဏီများမှ ပေးပို့လာသည့် EOI အဆိုပြုလျှောက်လွှာများအပေါ် အခြေခံ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော ကုမ္ပဏီများအား တင်ဒါစိစစ်ရွေးချယ်ခြင်းအခမ်းအနားကို ၂၆-၁၂- ၂၀၁၄ရက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့ မွေးမြူရေးဇုန်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရှိ Whole Sale Market နေရာများအား တင်ဒါစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ ပေးပို့ရန် ဖြစ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၇၉ နှင့် ၀၆၇-၄၀၈၄၈၀ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် အလက(၉)၊ သတ္တမတန်းမှ မောင်အောင်မြင့်ဦး၏ ဖခင်အမည်မှန်မှာ ဦးစံဘလူ MDN-၀၁၁၇၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ အမက (၂၃) စတုတ္ထတန်း(ဂ)မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဌေးလွင်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

# ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ အမှတ်ပြည့်ယူဦးမယ့် လာလီဂါပွဲစဉ်(၁၅)

မိုးမြင့်လင်းလက်

**စပိန်မြေက လာလီဂါပွဲစဉ်တွေကို ဒီဇင်ဘာ ၁၃ ရက်နဲ့ ၁၄ ရက်တို့မှာ ယှဉ်ပြိုင်ကစားမှာဖြစ်လို့ ပွဲစဉ်(၁၅)မှာ နာမည်ကြီးအသင်းတွေဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ နိုင်ပွဲတွေဆက်မယ့်အနေအထားရှိနေပါတယ်။ ဒါကြောင့် အသင်းကြီးတွေရဲ့ ခြေစွမ်းက အတိမ်းအစောင်းတွေ ရှိနိုင်မလားဆိုတာ ပြိုင်ဘက်အသင်းတွေရဲ့ အားထုတ်မှုကို အကဲခတ်အားပေးရဦးမှာ ဖြစ်ပါတယ်။**

**အယ်လ်မာရီးယားနှင့် ရီးရဲမက်ဒရစ်**

ခြေစွမ်းတွေဆက်တိုက်ကျဆင်းနေတဲ့ အယ်လ်မာရီးယားတို့က ရီးရဲမက်ဒရစ်ကို ယှဉ်နိုင်ဖို့တော့ မလွယ်ပါဘူး။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့က ဂိုးပြတ်တွေသွင်းပြီး နိုင်ပွဲတွေ ရယူနိုင်ခဲ့ပါတယ်။ ဒီနှစ် လာလီဂါမှာနိုင်ပွဲမရသေးတဲ့ အယ်လ်မာရီးယားတို့ဟာ ပွဲတိုင်းဂိုးသွင်းခြေမြူးနေတဲ့ ရီးရဲမက်ဒရစ် တိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။ ဒီပွဲမှာ ရီးရဲမက်ဒရစ်တို့ပဲ ပြတ်သားတဲ့ရလဒ်နဲ့ နိုင်ပွဲဆက်ပါဦးမယ်။

**ဂီတာဖေးနှင့် ဘာစီလိုနာ**

ဂီတာဖေးရဲ့ ခြေစွမ်းက အားရစရာမရှိတာမို့ ဘာစီလိုနာကို ခြေရည်တူကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဂီတာဖေးတို့ အိမ်ကွင်းဆိုပေမယ့် ဘာစီလိုနာကို ဂိုးမပြတ်အောင် ထိန်းချုပ်ကစားရမယ့်အနေအထား ဖြစ်နေပါတယ်။ ဘာစီလိုနာတို့ကတော့ အမှတ်ပြည့်ယူမှာဖြစ်တဲ့အတွက် သေချာမှုရှိအောင် အလေးအနက်ထား ကစားပါလိမ့်မယ်။

**ဗလင်စီယာနှင့် ဗယ်လက်ကာနို**

ခြေရည်တူတဲ့ ပြိုင်ဘက်တွေဖြစ်လို့ အကြိတ်အနယ်ရှိမယ့်ပွဲလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အဝေးကွင်းမှာ ခြေပျက်တတ်တဲ့ ဗယ်လီကာနိုဟာ ခံစစ်ပိုင်း အားနည်းမှုကို မပြင်ဆင်ရင် ဗလင်စီယာ တိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ ဘာစီလိုနာအသင်းကို အကျပ်အတည်းတွေ့အောင်ကစားနိုင်တဲ့ ဗလင်စီယာအသင်းဟာ အခုပွဲအိမ်ကွင်းမှာ အနိမ့်ဆုံး သရေကစားပါလိမ့်မယ်။ အရှုံးမရှိနိုင်ပါဘူး။

**ကော်ဒိုဘာနှင့် လီဗန်တေး**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှု ရလဒ်ကိုကြည့်ရင် ကော်ဒိုဘာတို့ နိုင်ပွဲရခဲ့တာများပါတယ်။ ဒါပေမယ့် အခုလက်ရှိအချိန်မှာ ဒဏ်ရာရကစားသမားတွေ များနေလို့ ကော်ဒိုဘာတို့ ပုံမှန်ခြေစွမ်း ရဖို့ခက်ခဲမယ့် အနေအထားဖြစ်နေပါတယ်။ လီဗန်တေးတို့ကလည်းအဝေးကွင်းမှာ ရလဒ်မကောင်းတာမို့ ဒီပွဲမှာ အသာစီးရဖို့ သိပ်တော့မလွယ်ပါဘူး။ ဒါပေမယ့် နှစ်သင်းစလုံးရဲ့ လက်ရှိ စွမ်းဆောင်မှုတွေအရ အမှတ်ခွဲယူရမယ့်ကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**မာလာဂါနှင့် ဆယ်လ်တာဗီဂို**

လက်ရှိ အနေအထားအရ ဆယ်လ်တာဗီဂိုတို့ရဲ့ ရှုန်းကန်အားက အလေးထားစရာ ဖြစ်နေပါတယ်။ ဒီနှစ်သင်းရဲ့ဆုံတွေ့မှု မှတ်တမ်းတွေကိုကြည့်ရင်တော့ မာလာဂါတို့ အသာစီးရထားတဲ့ အခြေအနေတွေ ရှိနေပါတယ်။ ဆယ်လ်တာဗီဂို တိုက်စစ်မှူးတွေက မာလာဂါကို ငါးဂိုးပြတ် သွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းတွေရှိခဲ့တာမို့ အခုပွဲမှာ အဲဒီလို ရလဒ်မျိုး ပြန်လည်ပုံဖော်ဖို့ကတော့ ခက်ခဲပါလိမ့်မယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပြီး သရေပွဲလည်း ဖြစ်သွားနိုင်တဲ့ပွဲပါပဲ။

# ချယ်လ်ဆီး၊ မန်စီးတီးနောက်တစ်ဆင့်တက်ပြီ

ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၆)အဖြစ် ချယ်လ်ဆီးနှင့် စပို့တင်းအသင်းတို့သည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ၁၆ သင်းပြိုင်ပွဲအဆင့်သို့တက်ခဲ့သည်။ ယင်းပွဲသည် ချယ်လ်ဆီးကအုပ်စုအတွင်း လေးပွဲမြောက်အဖြစ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ဖာဘရီဂတ်စ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီးမကြာမီ စချာလီက ဒုတိယဂိုးသွင်းခဲ့သည်။ စပို့တင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် ဂျိနသန်ဆေးလ်ဗားက သွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် တတိယဂိုးကို မီခေးလ်အိုဘီက ဖာဘရီဂတ်စ်၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။

ရိုးမားနှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးက နှစ်ဂိုးပြတ်ဖြင့် နိုင်ကာ နောက်တစ်ဆင့်သို့ တက်လာသည်။ မန်စီးတီးအတွက် အနိုင်ဂိုးများကို နာဆရီနှင့် ဇာဘလက်တာတို့ကသွင်းယူခဲ့သည်။ မန်စီးတီးသည် အီတလီမြေတွင် ပထမဦးဆုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာနှင့်ပီအက်စ်ဂျီတို့ပွဲတွင် ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ နေမာ၊ မက်ဆီနှင့် ဆွာရက်ဇ်တို့က ဘာစီလိုနာအတွက် တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ မက်ဆီသွင်းယူသောဂိုးမှာ ၇၅ ဂိုးမြောက် ချန်ပီယံလိဂ်ဂိုးဖြစ်သည်။

■ ကောင်းမြတ်သူ

**ချန်ပီယံလိဂ် ၁၆ သင်းတက် အသင်းများ**

| အုပ်စု | အုပ်စုပထမ | အုပ်စုဒုတိယ |
|---|---|---|
| A | အက်သလက်တီကို | ဂျူဗင်တပ်စ် |
| B | ရီးရဲမက်ဒရစ် | ဘေဆယ် |
| C | မိုနာကို | လေဗာကူဆင် |
| D | ဒေါ့မွန် | အာဆင်နယ် |
| E | ဘိုင်ယန်မြူးနစ် | မန်စီးတီး |
| F | ဘာစီလိုနာ | ပီအက်စ်ဂျီ |
| G | ချယ်လ်ဆီး | ရှော်လ်ကေး |
| H | ပေါ်တို | ရှက်တာဒိုးနက် |

## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၁)** — **ဒီဇင်ဘာ ၁၃**

ဘရိုက်တန် - မီဝေါလ် နံနက် ၂း၁၅

**ပြင်သစ်လီဂူး ပွဲစဉ်(၁၈)** — **ဒီဇင်ဘာ ၁၃**

လိုင်ယွန် - ကိန်း နံနက် ၂း၀၀

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၅)** — **ဒီဇင်ဘာ ၁၃**

ဟော်ဖန်ဟိမ်း - ဖရန့်ဖတ် နံနက် ၂း၀၀

**စပိန်လာလီဂါ ပွဲစဉ်(၁၅)** — **ဒီဇင်ဘာ ၁၃**

အယ်လ်မာရီးယား - ရီးရဲမက်ဒရစ် နံနက် ၂း၁၅

**လာလီဂါ ပွဲစဉ်(၁၄)အပြီး ရပ်တည်မှုများ**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ရီးရဲမက်ဒရစ် | ၁၄ | ၁၂ | ၀ | ၂ | ၃၆ |
| ၂ | ဘာစီလိုနာ | ၁၄ | ၁၁ | ၁ | ၂ | ၃၄ |
| ၃ | အက်သလက်တီကို | ၁၄ | ၁၀ | ၂ | ၂ | ၃၂ |
| ၄ | ဆီဗီလာ | ၁၄ | ၉ | ၂ | ၃ | ၂၉ |
| ၅ | ဗလင်စီယာ | ၁၄ | ၇ | ၄ | ၃ | ၂၅ |
| ၆ | ဗီလာရီးရဲလ် | ၁၄ | ၇ | ၃ | ၄ | ၂၄ |
| ၇ | မာလာဂါ | ၁၄ | ၇ | ၃ | ၄ | ၂၄ |
| ၈ | ဆယ်လ်တာဗီဂို | ၁၄ | ၅ | ၅ | ၄ | ၂၀ |
| ၉ | အီဘာ | ၁၄ | ၅ | ၄ | ၅ | ၁၉ |
| ၁၀ | ဘီလ်ဘာအို | ၁၄ | ၅ | ၃ | ၆ | ၁၈ |
| ၁၁ | ဗယ်လက်ကာနို | ၁၄ | ၅ | ၂ | ၇ | ၁၇ |
| ၁၂ | ဂီတာဖေး | ၁၄ | ၄ | ၃ | ၇ | ၁၅ |
| ၁၃ | အက်စ်ပန်ညို | ၁၄ | ၃ | ၅ | ၆ | ၁၄ |
| ၁၄ | ဆိုစီဒက် | ၁၄ | ၃ | ၄ | ၇ | ၁၃ |
| ၁၅ | လီဗန်တေး | ၁၄ | ၃ | ၄ | ၇ | ၁၃ |
| ၁၆ | ဂရန်နာဒါ | ၁၄ | ၂ | ၆ | ၆ | ၁၂ |
| ၁၇ | အယ်လ်မာရီးယား | ၁၄ | ၂ | ၄ | ၈ | ၁၀ |
| ၁၈ | ကော်ဒိုဘာ | ၁၄ | ၁ | ၇ | ၆ | ၁၀ |
| ၁၉ | ဒီပို့တီဗို | ၁၄ | ၂ | ၄ | ၈ | ၁၀ |
| ၂၀ | အယ်လ်ချီ | ၁၄ | ၂ | ၄ | ၈ | ၁၀ |

**စပိန်လာလီဂါ ဂိုးအများဆုံး သုံးဦး**

၁။ စီရော်နယ်ဒို (ရီးရဲမက်ဒရစ်) ၂၃ဂိုး

၂။ မက်ဆီ (ဘာစီလိုနာ) ၁၃ဂိုး

၃။ နေမာ (ဘာစီလိုနာ) ၁၁ဂိုး



ကြော်ငြာ


DAGON CITY 1
BY MARGA LANDMARK
IN PARTNER WITH
L'ORÉAL PARIS
PHASE 2 SELECTION DAY
အထူးကံစမ်းမဲအစီအစဉ်နှင့်
L'Oreal Paris Fashion Show
ကို အတူဆင်နွှဲနိုင်မည့်အခွင့်အရေး
3:00 PM, SUNDAY,
14TH DECEMBER, 2014
COUNTING DOWN TO THE RED-CARPET EVENT OF THE YEAR
DAGON CITY 1 MAKES MYANMAR MORE BEAUTIFUL WITH L'OREAL PARIS
Committed Customers
အတွက် အထူးကံစမ်းမဲ
HERMÈS PARIS
CHANEL
PRADA
Cartier
TIFFANY & Co.
MONT BLANC
၁၄ ရက်နေ့မတိုင်မီ အိမ်ခန်းကြိုတင်စာရင်းပေးသွင်းခြင်း
ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် ၁% အကျိုးခံစားခွင့် + အိမ်ခန်းအား အတည်ပြုခြင်းဖြင့် ၂% အကျိုးခံစားခွင့် + အထူးကံစမ်းမဲအစီအစဉ်
+ iPhone 6 နှင့် L'Oreal Paris ဖက်ရှင်ရှိုးတက်ရောက်ခွင့် ရရှိပါမည်။
၁၄ရက်နေ့တွင် အိမ်ခန်းကြိုတင်စာရင်းပေးသွင်းခြင်း
iPhone 6 ( အိမ်ခန်းအား အတည်ပြုပြီးနောက် ပိုင်ဆိုင်ခွင့်) + USD 4,000 တန် Cash Vouchers + အိမ်ခန်းအား အတည်ပြုခြင်းဖြင့်
၂% အကျိုးခံစားခွင့် + ကံစမ်းမဲအစီအစဉ် + L'Oreal Paris ဖက်ရှင်ရှိုးတက်ရောက်ခွင့် ရရှိပါမည်။
Developed by:
MARGA LANDMARK
WONG & TUNG INTERNATIONAL LIMITED
SPINE ARCHITECTS
MEINHARDT
Engineers • Planners • Managers
Colliers
LangdonSeah
GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon.
RESERVATION HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

# သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ အပိုင်း(၁၂)

ပါမောက္ခခင်မောင်ဝင်း(အသည်း)

အီဒီယမ် (Idiom)

အီဒီယမ်ဆိုတဲ့ စကားလုံးကို Oxford အင်္ဂလိပ်အဘိဓာန်မှာ Phrase etc established by usage and not easily comprehensible from the words used လို့ ဖော်ပြထားပါတယ်။ အဓိပ္ပာယ်က ဘာသာစကားတစ်ခုမှာ အသုံးများပြားလာလို့ အသုံးအနှုန်းတွင်ကျန်ခဲ့ပြီး ပါဝင်သုံးနှုန်းထားတဲ့ စကားလုံးများကတစ်ဆင့် ကောက်ယူအဓိပ္ပာယ်ကို နားလည်နိုင်ဖို့မလွယ်တဲ့ စကားစုတွေကို ဆိုလိုပါတယ်။ တင်စားတီထွင်ပြောပြတဲ့ ဥပစာစကားလို့ ဆိုရပါမယ်။

ဘာသာစကားတစ်ခုကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနားလည်နိုင်ဖို့ဆိုရင်ပဲ ဒီဘာသာမှာ ပြောဆိုသုံးနှုန်းတဲ့ အီဒီယမ်တွေကို တတ်နိုင်သလောက် နားလည်ထားဖို့လိုပါလိမ့်မယ်။

မြန်မာစကားမှာလည်း Idiom (ဥပစာစကား) အများကြီးရှိပါတယ်။

ဥပမာ - မိကျောင်းမင်းရေခင်းပြ၊ နွားရှေ့ထွန်ကျူးစတဲ့ အသုံးအနှုန်းတွေဟာ Idiom တွေဖြစ်ပါတယ်။ ခုဒီဆောင်းပါးမှာ အသုံးများတဲ့အင်္ဂလိပ် အီဒီယမ်တချို့ကို ရေးသားဖော်ပြမှာဖြစ်ပြီး ပါဝင်သုံးနှုန်းထားတဲ့ စကားလုံးတွေနဲ့ ဖော်ဆောင်တဲ့အဓိပ္ပာယ်တွေ ဘယ်လိုကွဲပြားခြားနားတယ်ဆိုတာတွေကို နမူနာရေးပြမှာ ဖြစ်ပါတယ်။

– A hot potato – current issue which many people are talking about and which is usually disputed. တိုက်ရိုက်ဘာသာပြန်မယ်ဆိုရင် အာလူးပူပေါ့၊ တကယ်ဆိုလိုတာက လတ်တလောလူတွေ ပြောဆိုငြင်းခုံနေကြတဲ့ အကြောင်းအရာပါ။

– Beat around the bush – Avoiding the main topic. Not speaking directly about the issue. ချုံပုတ်ကို ဟိုဒီလျှောက်ရိုက်နေတယ်လို့ တိုက်ရိုက်အဓိပ္ပာယ်ရပါတယ်။ တကယ်တော့ပြောလိုတဲ့ အဓိကအကြောင်းအရာကို တိုက်ရိုက်မပြောဘဲ ဝေ့လည်ကြောင်ပတ် ပြောဆိုနေတာကို ဆိုလိုတာပါ။

– Cry over spilt milk – complain about a loss from the past. ဖိတ်စင်သွားတဲ့နို့တွေအတွက် ငိုကြွေးနေတာလို့ တိုက်ရိုက်အဓိပ္ပာယ်ရပါတယ်။ တကယ်ပြောချင်၊ ဆိုလိုချင်တာကတော့ ဖြစ်ပြီးသားကိစ္စတစ်ခု ဆုံးရှုံးသွားတာတစ်ခုကို လွမ်းဆွတ်ညည်းတွားနေတာကို ဆိုလိုတာပါ။

– Hit the nail on the head – Do or say something exactly right. သံမှိုခေါင်းပေါ် အတည့်ထုတယ်လို့ အဓိပ္ပာယ်ရပေမယ့် ဆိုလိုတာက ကိစ္စရပ်တစ်ခုခုကို အတိအကျ မှန်မှန်ကန်ကန်ပြောဆိုတာ၊ လုပ်သင့်တာကို လုပ်ဆောင်တာကို ပြောတာပါ။

– Ball is in your court – It is up to you to make the next decision or step. ဘောလုံးက သင့်ကွင်းထဲမှာလို့ တိုက်ရိုက်ဘာသာပြန်လို့ ရပေမယ့် ပြောလိုတာက ခုမင်းအလှည့် ဆုံးဖြတ်ချက်ပေးရမှာလို့ ဆိုပါတယ်။

– Kill two birds with one stone – Accomplish two different things at the same time. တိုက်ရိုက်ဘာသာပြန်မယ်ဆိုရင် ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်သေစေတယ်ပေါ့။ အနီးစပ်ဆုံး မြန်မာဥပစာစကားကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ။ တစ်ကြိမ်တည်းနဲ့ ကိစ္စနှစ်ခုပြီးမြောက်သွားတာကို ပြောတာပါ။

– A piece of cake – A job , task or activity that is easy or simple. တိုက်ရိုက်ဘာသာပြန်မယ်ဆိုရင် ကိတ်မုန့်တစ်စိတ်၊ ဥပမာတင်စားတာက ရိုးရှင်းလွယ်ကူတဲ့ အလုပ်ကိစ္စတစ်ခုလို့ အဓိပ္ပာယ်ရပါတယ်။

– Straight from the horse’s mouth – something from the authoritative source. မြင်းပါးစပ်က တိုက်ရိုက်ထွက်တာလို့ ရေးထားပေမယ့် ဆိုလိုရင်းက ခိုင်လုံစိတ်ချရတဲ့ အရင်းအမြစ်ကထွက်တဲ့သတင်း။

– Let sleeping dogs lie – Do not disturb a situation as it is since it would result in trouble or complication. အိပ်ပျော်နေတဲ့ ခွေးတွေ အိပ်ပါစေဆိုတဲ့ ဥပစာစကားက ပြောချင်တာကတော့ အခြေအနေတစ်ရပ်ကို သွားမနှောင့်ယှက်နဲ့ပေါ့။ ကိုယ်သွားရှုပ်လိုက်ကာမှ ပြဿနာတွေ ရှုပ်ထွေးကုန်မယ်ဆိုတဲ့ သတိပေးစကားပါ။

– Grass is always green on the other side of the fence – Refers to the way we tend to look at other people’s lives. တခြားခြံဘက်က မြက်တွေက အမြဲပိုစိမ်းတယ်ဆိုတဲ့သဘောက လူတွေဟာ ကိုယ့်မှာရှိတာကို တန်ဖိုးမထားဘဲ ကိုယ့်မှာမရှိတဲ့အရာတွေပေါ်မှာ အထင်ကြီး တတ်တဲ့ အမြင်ကိုပြောတာပါ။

– Sit on the fence – this is when someone does not want to choose or make a decision. ဒီဥပစာကတော့ မြန်မာစကားမှာလည်း ရှိတယ်။ ခြံစည်းရိုးခွထိုင်တယ်ဆိုတာ ဘယ်ဟာကိုမှ မရွေးချယ်ချင် မဆုံးဖြတ်ချင်တဲ့အခါမျိုးကို ဆိုလိုပါတယ်။ ရွေးစရာ မှတ်ချက်ပေးစရာ နှစ်ခုရှိလာရင် တစ်ခုခုက ပိုကောင်းတယ်ဆိုတာကိုမပြောဘဲ ဆုံးဖြတ်ချက်မပေးဘဲနေတာကို ပြောတာပါ။

– Tie knot – to marry a mate – လက်ထပ်အိမ်ထောင်ပြုသည်။ ကြိုးအထုံးချည်တာလို့ အဓိပ္ပာယ်ရပါတယ်။

– Burn the bridge- cut off the way back – ဖောင်ဖျက်/ တံတားဖျက်/ ပြန်လမ်းမရှိ၊ ဘုရင့်နောင် ဖောင်ဖျက်သည်ဆိုတာမျိုး အလုပ်တစ်ခုကို နောက်ပြန်မဆုတ်တော့တာ။

– Sour grapes – disparaging the thing that one cannot have – စပျစ်သီးချဉ်တယ်၊ ကိုယ့်မှာမရှိတဲ့ဟာ သူများမှာရှိတာ၊ ကိုယ်က မတတ်နိုင်တာကို အဲဒါမကောင်းလို့ ငါယူမထားဘူး၊ ဝယ်မထားဘူးဆိုတဲ့ သဘော။

– Rome was not built in a day – ခုရေတွင်းတူး ခုရေကြည်သောက်လို့ မရဘူး

– Don’t put the cart before the horse - နွားရှေ့ထွန်မကျူးနဲ့

– When in Rome do as Romans do - ရောမရောက်ရင် ရောမသားလိုကျင့်ပါ၊ ကာလံဒေသံ။

– A drop in the ocean - သမုဒ္ဒရာထဲ ရေတစ်စက်ဆိုတာ (မပြောပလောက်တဲ့ အရာတစ်ခုကို ပြောတာပါ။)

– An old hand - လက်ဟောင်း (ကျွမ်းကျင်သူ)

အခုနမူနာပေးခဲ့တဲ့ အင်္ဂလိပ်စာ အီဒီယမ်လေးတွေဟာ အသုံးများတဲ့ အီဒီယမ်တွေပါ။ အီဒီယမ်တွေကို ဆက်လက်လေ့လာပြီး အင်္ဂလိပ်လို သုံးတတ်အောင်လုပ်ကြပါလို့ ပြောလိုက်ပါရစေ။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

## ကတ္တရာလမ်းသစ်ဖွင့်၍ ဒေသခံများ အဆင်ပြေ

တပ်ကုန်း ဒီဇင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်အတွင်းရှိ စိန်သူဌေးလမ်းကို ကတ္တရာလမ်းသစ်အဖြစ် ဖွင့်လှစ်ပေးမှုကြောင့် ဒေသခံများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။ အဆိုပါ လမ်းသစ်ကို ဒီဇင်ဘာ ၆ ရက် နံနက်က နေပြည်တော်ကောင်စီဝင်ဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ကော်မတီဝင် ဦးကျော်မြင့်၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းလမ်းမှာ အရှည် ၀ ဒသမ ၃၈မိုင်၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းသစ်အဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ရာတွင် ကုန်ကျငွေကျပ် ၃၇ ဒသမ ၁၅ သန်း ကုန်ကျကြောင်းသိရသည်။

(၄၁၇)

## လယ်သမားများ စပါးနယ်လှေ့လုပ်ငန်းများကို တလင်းပျောက်စနစ်ဖြင့် ခြွေလှေ့အသုံးပြုမှုများပြားလာ

ဖြူး ဒီဇင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ၂၀၁၄ ခုနှစ် မိုးစပါးများကို စိုက်ဧက ၁၅၃၄၂၆ ဧက စိုက်ပျိုးခဲ့ကြရာ ဆောင်းရာသီ မတ်ပဲများကိုရာသီအမီ မြေအစိုဓာတ်ရရှိစေရေးအတွက် မိုးစပါးများကို လူအား၊ စက်အားဖြင့် အမြန်ရိတ်သိမ်းပြီး စပါးများကို လယ်ကန်သင်းတွင် ကောက်ဆိုင်ပုံများ ပုံထားခဲ့ကြကာ ရာသီအမီ မတ်ပဲများကိုစိုက်ပျိုးခဲ့ကြသဖြင့် ယခုအချိန်တွင် မတ်ပဲ ၁၀၅၂၆၂ ဧကကို ရာခိုင်နှုန်းပြည့် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြပြီဖြစ်သည်။

ယခုအချိန်တွင် ရိတ်သိမ်းပြီးသော စပါးများကို ကောက်ဆိုင်ပုံများမှ သယ်ယူ၍ လယ်သမားအများစုတို့က ယခင်က မိရိုးဖလာနည်းအတိုင်း စပါးများကို ကောက်ပြန့်ပြီး နယ်လှေ့ခြင်းမပြုကြတော့ဘဲ ခြွေလှေ့စက်များဖြင့် စပါးတစ်တင်းခွဲ တစ်အိတ်လျှင် ခြွေလှေ့ခ ငွေကျပ် ၂၀၀ နှုန်းနှင့် လုပ်အားခ ငွေကျပ် ၅၀ စုစုပေါင်း ငွေကျပ် ၂၅၀ နှုန်းပေး၍ တလင်းပျောက်စနစ်ဖြင့် ခြွေလှေ့ခဲ့ကြရာ ယခင်ကလို အချိန်ကြန့်ကြာမှုမရှိတော့ဘဲ လျင်မြန်စွာ အချိန်ကုန်သက်သာစွာပြီးစီးကြသဖြင့် ခြွေလှေ့စက်လက်ဝယ်ရှိကြသူများ တွက်ခြေကိုက်ကြပြီး လယ်သမားကြီးများမှလည်း အထူးနှစ်သက် သဘောကျလျက်ရှိကြကြောင်း သိရသည်။

ဖြူး-မြင့်ဦး




လူကုန်ကူးမှုတွန်းလှန်မှ လူသားဘဝလုံခြုံရ

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၄၇၉၆၀ Zong Shen 110/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးတင် ၅/ကလတ(နိုင်)၀၀၈၈၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၈၉၀၉၂ Star (Myanmar 90-1) ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းအောင် ၅/စကန(နိုင်)၀၄၉၁၆၄ က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

### ဖိတ်ကြားအပ်ပါသည်

G.T.I ကျောင်းသားဟောင်းများအသင်း၏ သင်းဖွဲ့စည်းမျဉ်းအတည်ပြုရေး (ဒုတိယအကြိမ်) ညှိနှိုင်းအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ အမြို့မြို့အနယ်နယ်ရှိ သူငယ်ချင်း G.T.I ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၁-၁၂-၂၀၁၄ ရက်
**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
**ကျင်းပမည့်နေရာ** - TZTM ကုမ္ပဏီရုံး၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်

**အမှုဆောင်အဖွဲ့**
**G.T.I ကျောင်းသားဟောင်းများအသင်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၄၈၂၊ Kenbo Dream 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၈/ခမန(နိုင်)၁၃၉၉၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/6065, Toyota Succeed, S/W (4x2) ယာဉ်လက်ဝယ်ရှိသူ U Ba Maung Business. Group Services Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၉၈၃၁၁ Adixim, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံထွေး ၈/ဆမန(နိုင်)၀၅၆၄၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

### ကြို့ပင်ကောက်မြို့နယ် အာစရိယပူဇော်ပွဲကျင်းပမည်

ကြို့ပင်ကောက်မြို့နယ်လုံးကျွတ် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထကကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန်မြို့မှ ကြို့ပင်ကောက်မြို့သို့ ဒီဇင်ဘာ ၂၇ရက် နံနက် ၅နာရီတွင် ဆူးလေဂိတ်မှစတင်၍ မြေနီကုန်း ရိုးမဘဏ်ရှေ့၊ လှည်းတန်းမှတ်တိုင်၊ သုခလမ်းမှတ်တိုင်နှင့် အုတ်ကျင်းမှတ်တိုင်စုရပ်တို့တွင် အသီးသီးတင်ဆောင်၍ အင်းစိန် သီရိစန္ဒာအထူးကုဆေးရုံရှေ့မှ နံနက် ၆း၃၀နာရီထက် နောက်မကျဘဲ ထွက်ပါမည်။ လိုက်ပါလိုသူများနှင့်အလှူငွေလှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ဦးတင်မြင့် ဖုန်း-၀၁-၆၄၀၂၅၉၊ ၀၉-၅၁၇၈၀၆၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၇၃၀၇၆၂၂၇၊ ၀၉-၃၁၅၂၂၄၄၅၊ ဦးထွေး ဖုန်း-၀၉-၅၄၀၀၈၅၇၊ ဦးစိုးမြင့် ဖုန်း-၀၉-၄၃၀၆၇၆၂၁၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၀၆၄၇၆၉။

**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၉၆၂၂၊ MTO (MTO T3) Dump Truck (6×4)® ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သာမြင့် ၁/မကန(နိုင်)၀၀၅၅၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၂၇၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်း ၅/ကလထ(နိုင်)၀၅၇၃၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေးမြို့)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၁၈၄၀၃၊ ယာဉ်လက်ဝယ်ရှိသူ ဦးရွှန်ထောင်းလိန် ၅/ကလထ(နိုင်)၀၅၅၆၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေးမြို့)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၁၈၇၇၃ Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီဟ ၆/ပလန(နိုင်)၀၇၂၆၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၃၈၇၉၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအေး PMA-၂၇၃၀၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (နေပြည်တော်)

ဝန်ကြီးဌာနဆောင်ရွက်ချက်များ

# အစိုးရသစ်ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

*(ယမန်နေ့မှအဆက်)*

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁၆။ | သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း | ➢ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် ကျေးရွာသုံးစိုက်ခင်းများတည်ထောင်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ ဒေသခံပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ လွတ်လပ်စွာရွေးချယ်တည်ထောင်စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများသို့ လုပ်ပိုင်ခွင့်များခွဲဝေပေးခဲ့ပါသည်။<br>➢ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သစ်တောစိုက်ခင်း ဧက ၃၁၄၀၀ ကို တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သစ်တောစိုက်ခင်း ဧက ၃၀၀၀ ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။<br>➢ တည်ထောင်ပြီး ကျေးရွာသုံးစိုက်ခင်းများအနက်(၅) နှစ်သားနှင့်အထက်စိုက်ခင်း (၂၁၅)ဧကမှ ထွက်ရှိသည့် ထင်း (၂၁၉) တန်၊ တိုင်(၄၇)လုံးနှင့် ထွန်တုံး(၁၈)တုံးကို နီးစပ်ရာ ကျေးရွာပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ |
| ၁၇။ | ပြည်သူဗဟိုပြုပျိုးထောင်စိုက်ပျိုးခြင်း | ➢ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ဒေသခံပြည်သူများ စိုက်ပျိုးလိုသည့် သစ်မျိုးများကို ရွေးချယ်၍ ကိုယ်တိုင်ပျိုးထောင်စိုက်ပျိုးဆောင်ရွက်သည့်စနစ်ဖြစ်သော ပြည်သူဗဟိုပြုပျိုးထောင်စိုက်ပျိုးခြင်းလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။<br>➢ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ပျိုးပင်ပေါင်း (၅၅၅၅၀)ပင်ကို ပျိုးထောင်စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပျိုးပင်ပေါင်း (၄၂၅၀၀)ပင်ကို ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ |
| ၁၈။ | အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ | ➢ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အရေးကြီးဆောင်ရွက်ရန် လိုအပ်သော ဒေသများအတွင်း ဆောင်ရွက်မည့်အစီအမံများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ စိုက်ပျိုးရန် အမှန်လိုအပ်သည့် နေရာများကို တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများသို့ လုပ်ပိုင်ခွင့်များ ခွဲဝေပေးခဲ့ပါသည်။<br>➢ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ပျိုးပင်ပေါင်း(၁၄၈၀၈၃၁) ကို တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အထူးစိမ်းပျိုးပင် (၈၂၈၈၀)ပင်ကို ပျိုးထောင်စိုက်ပျိုးသွားမည် ဖြစ်ပါသည်။ |
| ၁၉။ | သဘာဝတောကျန်များ ထိန်းသိမ်းခြင်း | ➢ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များအနက် တွဲဖက်ဆောင်ရွက်သည့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ထင်း (၁၂၀၃. ၉၈)တန်ကို ဒေသခံပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ |
| ၂၀။ | အပူပိုင်းဒေသကျေးလက်ပြည်သူများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေလိုအပ်ချက်အား ဖြည့်ဆည်းပေးရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တစ်ဖက်ရပ်ဆည်နှင့် မိုးရေစုကန်များ တည်ဆောက်ခြင်း | ➢ ဒေသပြည်သူလူထု၏ သောက်သုံးရေ၊ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအထိ တစ်ဖက်ရပ်ဆည် (၅)ခုနှင့် ဂါလန်(၅၀၀၀)ဆံ့ မိုးရေစုကန် (၃)ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ |
| ၂၁။ | ကျေးလက်နေပြည်သူများနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေနှင့်ဒေသ စိမ်းလန်းစိုပြည်ရေး အထောက်အပံ့ဖြစ်စေရန်အတွက် ရေကန်ငယ်များ တည်ဆောက်ခြင်း | ➢ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေ၊ တိရစ္ဆာန်များအတွက် သောက်ရေရရှိစေရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေအမှန်တကယ်ရှားပါးသော ကျေးရွာများသို့ သောက်သုံးရေနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရေကန်ငယ်(၈၆) ကန်တူးဖော်ပေးခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့တူးဖော်ခဲ့သည့် ရေကန်ငယ်များအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ ရေကန်ငယ်(၅၇)ကန်အား ကျေးရွာများသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါသည်။ |
| ၂၂။ | ပြည်ပပူးပေါင်းစိုက်ခင်းများ တည်ထောင်ခြင်း | ➢ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရေးတို့အတွက် ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စိုက်ခင်း (၉၈၀၁. ၁၇) ဧက တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ခြင်း၊ သောက်သုံးရေကန်များ ပြန်လည်တူးဖော်ပြုစုခြင်း တို့အပြင် ညောင်ဦးမြို့နယ်တွင် JICA နှင့် ပူးပေါင်း၍ တည်ထောင်စိုက်ပျိုးခဲ့သော ထင်းစိုက်ခင်း (၁၇၈၆. ၇၈) ဧကအား ပတ်ဝန်းကျင်ရှိ ဒေသခံကျေးရွာ (၅)ရွာသို့ ဒေသခံပြည်သူများ ကိုယ်တိုင်စီမံအုပ်ချုပ်ထုတ်ယူသုံးစွဲနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ |
| ၂၃။ | သစ်ထုတ်လုပ်မှုပမာဏ လျှော့ချခြင်း | ➢ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် အရေးပါသော သစ်တောဂေဟစနစ်စဉ်ဆက်မပြတ်တည်တံ့ရေးနှင့် ပြည်တွင်းလိုအပ်ချက်အပေါ် မူတည်၍ သစ်ထုတ်လုပ်မှုပမာဏကို နှစ်စဉ်လျှော့ချပြီး ရေရှည်တွင် နှစ်စဉ်တောထွက်ခွင့်ပြုပမာဏအတွင်းသာ ထုတ်ယူသွားရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံချက်အရ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာနှစ်တွင် ကျွန်း/သစ်မာ တန် (၁၇. ၇) သိန်းခုတ်လှဲထုတ်လုပ်ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တန် (၉. ၂၅) သိန်းသာ ခုတ်လှဲထုတ်လုပ်ခဲ့ပါသည်။ လက်ရှိ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်တွင် ကျွန်းတန် (၆၀၀၀၀) တန်နှင့် သစ်မာ တန်(၆၇၀၀၀၀)၊ စုစုပေါင်းတန် (၇. ၃)သိန်းသာလျာထားပြီး လျှော့နည်းထုတ်လုပ်သွားရန် စီမံထားရှိပါသည်။ |
| ၂၄။ | သစ်အလုံးလိုက်ပြည်ပတင်ပို့မှု ရပ်ဆိုင်းခြင်း | ➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးတို့အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ သစ်အလုံးလိုက် ပြည်ပတင်ပို့ခြင်းကို အောင်မြင်စွာရပ်ဆိုင်းခဲ့ပါသည်။ |
| ၂၅။ | ဝင်ငွေရရှိမှုပုံစံပြောင်းလဲခြင်း | ➢ မြန်မာ့သစ်လုပ်ငန်း၏ လွန်ခဲ့သောသုံးနှစ်အတွင်း နှစ်အလိုက် ပျမ်းမျှအားဖြင့် ပြည်တွင်းဝင်ငွေကျပ်(၆၀၄၁၁)သန်းနှင့် ပြည်ပဝင်ငွေ US $ (၇၇၈)သန်း ရရှိခဲ့ပါသည်။<br>➢ ယခုအခါ သစ်အလုံးလိုက် ပြည်ပတင်ပို့မှုရပ်ဆိုင်းခဲ့ပြီးနောက် ပြည်တွင်း၌ ခွဲစိတ်ထုတ်လုပ်သည့် သစ်ခွဲသားနှင့် တန်ဖိုးမြင့်သစ် အခြေခံထုတ်ကုန်များကိုသာတင်ပို့ရောင်းချရေးဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကသစ်အခြေခံစက်မှုလုပ်ငန်းများရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ သစ်လုံးကုန်ကြမ်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် |

*စာမျက်နှာ (၁၇) သို့*


## ဖြူးမြို့ အထက(၁) (အမျိုးသားကျောင်း-၁၉၂၀) ၏
## (၉၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲနှင့် (၁၅)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ

ဖြူးမြို့၊ အထက(၁) (အမျိုးသားကျောင်း-၁၉၂၀)၏ (၉၅)နှစ်မြောက် အထိမ်းအမှတ်ပွဲကို ၉-၁-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင် ယင်းကျောင်း၏ အမျိုးသားကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပါ၍ ယင်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများနှင့် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ အားလုံး မပျက်မကွက်ကြွရောက်ပါရန် ဖိတ်ကြားပါသည်။

ယင်းကျောင်း၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၁-၁-၂၀၁၅ရက် နံနက် ၈း၃၀နာရီတွင် အမျိုးသားကျောင်းခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃၁-၁၂-၂၀၁၄ ရက်၌ အသက်(၆၂)နှစ်ပြည့်ပြီးသော ဆရာကြီး ဆရာမကြီး ၁၄၃ ဦးအား ပူဇော်ကန်တော့မည်ဖြစ်ပါသောကြောင့် ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန် ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဦးအင်းရှောက် ဖုန်း-၀၉-၄၄၈၀၁၂၂၄၉၊ ဦးညွန့်ဝေ ဖုန်း-၀၉-၄၉၃၀၅၇၃၃၊ ဦးမောင်မောင်ရွှေ ဖုန်း-၀၉-၂၅၀၅၅၂၁၅၅၊ ဦးသက်ထွန်း ဖုန်း-၀၉-၉၇၅၅၇၄၈၅၀၊ ဦးသက်နိုင် ဖုန်း-၀၉-၈၆၆၀၈၉၊ ဦးအောင်အောင် ဖုန်း-၀၉-၅၃၉၀၃၈၃၊ ဦးအောင်ကျော်ဟိန်း(ရန်ကုန်) ဖုန်း-၀၉-၅၀၁၂၃၇၉၊ ဦးစိုင်းမျိုးနိုင်(ရန်ကုန်) ဖုန်း-၀၉-၅၀၂၉၅၂၉၊ ဒေါ်စန္ဒာထွန်း(မန္တလေး) ဖုန်း-၀၉-၂၀၃၃၂၂၉၊ ဦးတင်ထွန်းအောင် (မိတ္ထီလာ) ဖုန်း-၀၉-၅၁၁၇၅၀၇၊ ဦးအောင်အောင် ဖုန်း-၀၉-၆၃၀၇၅၆၈ တို့ထံသို့လည်းကောင်း၊ ဖြူးမြို့ရှိ KBZ Bank (Account No. 1421220001960), AGD Bank (Account No.3061220004943), GT Bank (Account No.0531220001347), CB Bank (Account No. 0060600100032921)သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့မှ ဖြူးမြို့သို့ အသွားအပြန် သီးသန့်မော်တော်ယာဉ်စီစဉ်ထားပါသဖြင့် လိုက်ပါလိုသူများသည် ဦးမြဦးကြီး ဖုန်း-၀၁-၆၆၀၁၃၁၊ ဦးဂုဏ်ရင် ဖုန်း-၀၉-၅၄၁၂၄၆၁၊ ဦးမြဦးလေး ဖုန်း-၀၉-၅၁၇၈၂၅၄ တို့ထံ ၆-၁-၂၀၁၅ရက်ထက် နောက်မကျစေဘဲ စာရင်းပေးသွင်းကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄စ/၇၉၉၇ ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားဖိတ်ကြားလွှာ

၁။ ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
**နေ့ရက်** - ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀နာရီ
**နေရာ** - သာသနာ့ဟိတကာရီမွှာရုံ၊ ဖ.ဆ.ပ.လ၊ စံပြရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂။ ပေါက်ခေါင်းမြို့နယ်ဖွား အသက်(၇၅)နှစ်အထက် အဘိုး၊ အဘွားများသည် အသက်အတွက် သန်းခေါင်စာရင်းမိတ္တူ(သို့)မှတ်ပုံတင်မိတ္တူ စသည့်အထောက်အထားများ၊ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူး(၃)ဘာသာနှင့်အထက် အောင်မြင်ကြသည့်အသင်းဝင်များ၏ သားသမီးများသည် စာစစ်အဖွဲ့ဦးစီးဌာနမှထုတ်ပေးသော အောင်လက်မှတ်မိတ္တူ(သို့)အမှတ်စာရင်းမိတ္တူများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ၂၀-၁၂-၂၀၁၄ရက် နောက်ဆုံးထားပြီး အမြန်ဆုံးအကြောင်းကြားပါရန် အသိပေးကြေညာအပ်ပါသည်။
**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ-** (၁) ဆရာကြီး ဦးထွန်း ဖုန်း-၀၁-၃၈၇၅၃၄၊ (၂) ဦးရွှေအောင် ဖုန်း-၀၉-၄၂၀၀၀၇၃၀၂၊ (၃) ဦးရဲမြင့် ဖုန်း-၀၉-၅၀၀၄၁၁၀၊ (၄) ဒေါ်ခင်လေးမြင့် ဖုန်း-၀၉-၅၀၇၇၈၀၃၊ (၅) ဒေါ်ခင်အေးဆွေ ဖုန်း-၀၉-၇၃၉၀၃၇၃၉၊ (၆) ဒေါ်ခင်မာရှိန် ဖုန်း-၀၉-၇၉၉၆၇၅၀၅၅
**အမှုဆောင်အဖွဲ့၊ ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)**

## မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ) နာနတ်တောကျောင်း၊ န၀မတန်း(က)မှ မောင်ဂေးလ်ဘတ်၏ မိခင်အမည်မှန်မှာ ဒေါ်မူဆန့် ၂/လကန (နိုင်)၀၅၅၂၅၃ ဖြစ်ပါကြောင်း။
**ဒေါ်မူဆန့်**

## မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ) နာနတ်တောကျောင်း၊ န၀မတန်း(က)မှ မဗက်နဒဲ၏မိခင်အမည်မှန်မှာ ဒေါ်မူသိုးမူ ၂/လကန(နိုင်) ၀၄၂၀၄၀ ဖြစ်ပါကြောင်း။
**ဒေါ်မူသိုးမူ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးမိုးလေးကျော် ၁၂/အစန(နိုင်)၁၉၂၃၀၀ နှင့် ဒေါ်ခင်လှလှသူ ၁၂/ဗဟန (နိုင်)၀၉၇၂၂၁ တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၂၆-၁၁-၂၀၁၄ ရက်၌ နှစ်ဦးသဘောတူ လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဦးမိုးလေးကျော် ၁၂/အစန(နိုင်)၁၉၂၃၀၀**

## အမည်ပြောင်း

ပခုက္ကူမြို့၊ ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း အဌမတန်းမှ ဦးညွန့်အောင်၏သမီး မသွယ်သွယ်အောင်အား မကျော့ကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **ကျော့ကေခိုင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁) အဌမတန်း(E)မှ မဝတ်မှုံဖူး၏ ဖခင်အမည်မှန်မှာ ဦးအောင်နေစန်း ၅/ကလထ(နိုင်)၁၁၂၈၈၇ ဖြစ်ပါကြောင်း။
**ဦးအောင်နေစန်း ၅/ကလထ(နိုင်)၁၁၂၈၈၇**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသဿဖရားလမ်း၊ အမှတ် ၄၅(က)နေ ဦးမောင်မောင် ၁၂/ရကန(နိုင်)၀၄၃၉၇၂ (ဘ-ဦးသောင်းစိန်)အား ဦးမောင်မောင်ထူးဟု ဖြည့်စွက်ခေါ်ပါရန်။
**ဦးမောင်မောင်(ခ)ဦးမောင်မောင်ထူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါင်မြို့နယ် မုတ္တမကျေးရွာ၊ ဆင်ဖြူရပ်နေ ဦးဉာဏ်ထွန်း၏သား မောင်ကျော်ညီညီထွန်းနှင့် မောင်ဇော်သူရိန်ထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ကျော်ညီညီထွန်း(ခ)**
**မောင်ဇော်သူရိန်ထွန်း**
**၁၀/ပမန(နိုင်)၁၉၇၉၃၃**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

စာမျက်နှာ (၁၆) မှ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| | | ပွင့်လင်းမြင်သာစွာရောင်းချပေးလျက်ရှိပြီး နိုင်ငံတော်၏ ပြည်ပဝင်ငွေကို ပုဂ္ဂလိကကဏ္ဍမှ ပိုမိုတိုးတက်ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါသည်။ |
| ၂၆။ | ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း | ➢ ပုဂ္ဂလိက ကဏ္ဍမြှင့်တင်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ ဒေသအသီးသီးတွင် သစ်စက်နှင့်သစ်အခြေခံစက်ရုံ စုစုပေါင်း ၈၄ ရုံအနက် သစ်စက် ၂၈ စက်နှင့် သစ်အခြေခံစက်ရုံ (၃)ရုံတို့ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ပုဂ္ဂလိကကဏ္ဍသို့ နှစ်ရှည်ငှားရမ်းလည်ပတ်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်သစ်စက်နှင့် သစ်အခြေခံစက်ရုံများကိုလည်း အလားတူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၂၇။ | နိုင်ငံပိုင်စီးပွားရေးကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရန် စီမံဆောင်ရွက်ခြင်း | ➢ မြန်မာ့သစ်လုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် ပြည်ထောင်စုရန်ပုံငွေအတွင်း စီးပွားရေးလုပ်ကိုင်လျက်ရှိရာ ပြောင်းလဲလာသောအခြေအနေများအရ လွတ်လပ်စွာ စီးပွားရေးဆန်ဆန် လုပ်ကိုင်နိုင်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းရန် လိုအပ်လာခဲ့ပါသည်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖွဲ့စည်းနိုင်ရေး ဥပဒေကြမ်းရေးဆွဲ၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၂၈။ | Digital Camera ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်း | ➢ ယခင် Analogue Camera ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူး၍ မြေပုံရေးဆွဲခဲ့ရာမှ ယခုအခါ Digital Aerial Camera ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးပြီး မြေပုံရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ |
| ၂၉။ | နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင်ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ➢ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နယ်နိမိတ် တိုင်းတာသတ်မှတ်ပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တိုင်းတာသတ်မှတ်ပေးခြင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နယ်နိမိတ်အငြင်းပွားမှုများအတွက် ပြည်နယ်/တိုင်းခြား နယ်နိမိတ်မျဉ်းများ တိုင်းတာဖော်ပြပေးခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ (World Heritage)သတ်မှတ်ခံရရေးအတွက် ပျူရှေးဟောင်းမြို့ သုံးမြို့၏ ဧရိယာအားတိုင်းတာခြင်းလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။ |



## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ဟိုပုံး ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် လုံပေးကျေးရွာအုပ်စုတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလျက် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဘိန်းခင်းများ ဖျက်ဆီးလျက်ရှိရာ ဘိန်းခင်း ၁၉၈၆ ဧကဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းများ ဖျက်ဆီးဆောင်ရွက်နေသည့်အချိန်တွင် သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း လုံပေးကျေးရွာ အုပ်စုအတွင်းရှိ ဘိန်းစိုက်ပျိုးသည့် လုံပေးကျေးရွာ၊ ထမ်းဘုရား၊ ကောင်တီယံ၊ တုတ်စောက်၊ ထီမောက်လွတ်ကျေးရွာရှိ ဘိန်းစိုက်ပျိုးသည့် တောင်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကိုလည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက လုံပေးကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် သမိုင်းကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းဦးခမ်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မိုးမြတ်မြတ်ခိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာပုဒ်မများကိုလည်းကောင်း၊ နမ့်ခုတ်ကျေးရွာကျေးလက် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးညွန့်ဝင်းက ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောဆွေးနွေးကြကြောင်း သိရသည်။

ဆက်လက်၍ ကျေးရွာရပ်မိရပ်ဖ ဦးအောင်သုခက ဘိန်းစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် မူးယစ်ဆေးဝါးဆိုးကျိုးများကို ပအိုဝ်းဘာသာစကားဖြင့် အသေးစိတ်ဟောပြောဆွေးနွေးပြီးနောက် လုံပေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**



## စက်လှေများ ပွင့်လင်းရာသီကာလ ရပ်နားထားရ

**ဗန်းမောက် ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာအနီးတွင်ရှိသော မဲဇာမြစ်ဖျားဒေသတွင်မိုးရာသီကာလများကုန်ဆုံးပြီဖြစ်သောကြောင့် မြစ်အတွင်းမှစက်လှေများကိုမြစ်ကမ်းဘေးပေါ်သို့ သယ်ယူကာ စနစ်တကျ သိမ်းဆည်းထားကြကြောင်း သိရသည်။

"မိုးတွင်းကိုတော့ စက်လှေတွေဟာ အတော်လေး အသုံးဝင်ပါတယ်။ ဒါပေမယ့်လည်းမိုးရာသီက ကုန်ဆုံးလာပြီဖြစ်လို့ မိုးကာလမှာ အသုံးပြုခဲ့တဲ့ စက်လှေတွေကို အခုမြစ်ရေကျဆင်းသွားပြီဖြစ်လို့ ကျွန်တော်တို့က ကမ်းပေါ်ကို စနစ်တကျပြန်တင်ထားကြရတာပါ။ ဘာကြောင့်လဲဆိုတော့ မိုးရာသီကာလရောက်လာတာနဲ့အမျှ ပြန်လည်အသုံးပြုရမှာဖြစ်လို့ပါ"ဟု ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာမှ ဦးအောင်ရွှေက ပြောကြားခဲ့သည်။

ဘူးတောင်းကျေးရွာသည် ဗန်းမောက်မြို့နှင့်မိုင် ၃၀ အကွာအဝေးရှိသောနေရာဒေသဖြစ်သည်။ ထိုဒေသတွင် မြို့နှင့်အလှမ်းဝေးသောကြောင့် မိုးတွင်းကာလများ၌ စက်လှေများကို အဓိကအားထားပြီး လမ်းပန်းဆက်သွယ်ရေးကို အသုံးပြုကာ သွားလာကြရသည်။ သို့သော်လည်း မိုးရာသီကုန်ဆုံးလာပြီဖြစ်သည့်အလျောက် မဲဇာမြစ်ရေများ စီးဆင်းမှုများမှာ ရေနည်းပါးလာပြီဖြစ်သောကြောင့် ယခုဒီဇင်ဘာလတွင်းတွင်မိုးတွင်းက အသုံးပြုခဲ့သော စက်လှေများကို မြစ်ကမ်းဘေးပေါ်သို့ ပြန်လည်ကာ စနစ်တကျသိမ်းဆည်းထားကြပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော Fume Treatment Plant (FTP) Transformer (LEEEC 4.5 MVA (11/6.9) KV Transformer) ပြင်ဆင်ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၁၆-၁၂-၂၀၁၄ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၁၂-၂၀၁၄ ရက် ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ခုတင်(၅၅၀)ဆံ့၊ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကင်းကလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ (က) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၂-၁၂-၂၀၁၄ ရက် နံနက် ၁၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ရန်ကင်းကလေးဆေးရုံကြီး**
**အမှတ် ၉၀၊ သစ္စာလမ်းမကြီး၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၅၅၀၆၇၉**

### ရောင်းမည်

လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ ၆လမ်း၊ မြေညီ(လှိုင်ဈေးနှင့်အလွန်နီး)

လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျမင်္ဂလာ ၂လမ်း၊ မြေညီ(ဗဟိုလမ်းမကြီးနှင့်နီး)

လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျမင်္ဂလာ ၃လမ်း၊ မြေညီ(ဗဟိုလမ်းမကြီးနှင့်နီး)

ကမာရွတ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ မြေညီ(ရှေ့တွင်မြေပိုရှိ)

ကမာရွတ်၊ (၁)ရပ်ကွက်၊ ကံလမ်း၊ မြေညီ(ထပ်ခိုးတင်၍ရ)

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၅၁၈၈၈၄၇၊ ၀၉-၂၅၄၀၃၀၆၇**

### ဝန်ထမ်းအလိုရှိသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် ရုံးအဖွဲ့မှူးတာဝန်ထမ်းဆောင်ရန် ဝန်ထမ်းတစ်ဦး အလိုရှိပါသည်။ အသက်(၆၅)နှစ်ထက် မကြီးရ၊ ကျန်းမာရေးကောင်းမွန်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရပါမည်။ မြန်မာ/ဗုဒ္ဓဘာသာ ဖြစ်ရပါမည်။ လျှောက်ထားလိုသူများ ဂေါပကရုံးတွင် ကိုယ်ရေးရာဇဝင်အကျဉ်းဖြင့် ၂၂-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လျှောက်ထားနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး**
**ဗဟန်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် ရုံးသုံးပရိဘောဂ (၁၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၉-၁၂-၂၀၁၄ရက်(သောကြာနေ့)၊ ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး၊ ငွေစာရင်းဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်မြို့မျက်စိရောဂါအထူးကုဆေးရုံကြီး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လမ်းဘေးဈေးသည်များ သီးသန့်နေရာများ၌ရောင်းချနိုင်ရန် စီစဉ်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

လမ်းဘေးဈေးသည်များကြောင့် ယာဉ်ကြောကျပ်မှုပြဿနာဖြစ်လာသည့်အတွက် လမ်းဘေးဈေးသည်များအား သီးသန့်ရောင်းချနိုင်မည့် နေရာများရရှိမှုအပေါ် မူတည်ပြီး ဈေးရောင်းနိုင်မည့်နေရာများ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လမ်းဘေးဈေးသည်တွေရောင်းချတဲ့အတွက် ယာဉ်ကြောကျပ်မှုကို ဖြစ်ပေါ်စေပါတယ်။ လမ်းဘေးဈေးသည်တွေက တချို့နေရာတွေမှာဆို လမ်းဘေးတောင် မဟုတ်တော့ဘူး။ လမ်းပေါ်အထိ ဆင်းရောင်းနေကြပါပြီ။ အထူးသဖြင့်တော့ ဈေးတွေနဲ့နီးတဲ့လမ်းမကြီးတွေမှာဆို လမ်းဘေးဈေးသည်က ပိုများတယ်။ ညနေပိုင်းယာဉ်သွားယာဉ်လာများတဲ့အချိန်ဆို ဈေးတွေကနေ ထွက်လာပြီး လမ်းမပေါ်ထွက်ရောင်းတော့တာပါပဲ။ တချို့က ဈေးဗန်းခင်းရောင်းတယ်။ တချို့ကားနဲ့လှည့်ရောင်းတဲ့ ဈေးသည်တွေကလည်း ဒီလမ်းမပေါ်မှာပဲ လာရောင်းတဲ့အတွက် ယာဉ်ကြောကျပ်တဲ့ပြဿနာတွေ ဖြစ်လာတာပါ။ ဒါကို ဖြေရှင်းဖို့အတွက် လမ်းဘေးဈေးသည်တွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းမှာ ဈေးရောင်းနိုင်တဲ့နေရာရရှိမှုအပေါ်မှာ မူတည်ပြီး စီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန် ရန်ကုန်မြို့ လူစည်ကားရာနေရာများသည် လမ်းဘေးဈေးသည်များကို အခြေအနေအချိန်အခါအရ ညနေ ၃ နာရီမှ ည ၈ နာရီအထိ ခွင့်ပြုထားသော်လည်း နောက်ပိုင်း သီးသန့်ရောင်းချနိုင်မည့် နေရာများရရှိလာပါက လမ်းဘေးဈေးရောင်းချခြင်းကို ခွင့်ပြုမည်မဟုတ်တော့ဘဲ သီးသန့်နေရာများ၌သာ ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လမ်းဘေးဈေးသည်များသည် အဓိကအားဖြင့် လမ်းသွားလမ်းလာခရီးသွားများကိုသာ အဓိကရောင်းချနေရခြင်းကြောင့် သီးသန့်နေရာများ၌ ရောင်းချရေးအစီအစဉ်မှာ ဈေးကွက်အပေါ် မူတည်နေ၍ အချိန်ကြာလိမ့်ဦးမည်ဖြစ်ကြောင်း လမ်းဘေးဈေးရောင်းသူတစ်ဦးက ပြောသည်။

**သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-သက္က**



**တာမွေလမ်းဆုံ ကားလမ်းမပေါ်တွင် ခင်းကျင်းရောင်းချနေသော လမ်းဘေးဈေးသည်များ။**

# ကျောင်းသားအားကစားပွဲတော် မော်လူး၌ကျင်းပ

**မော်လူး ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ နန့်စီးအောင်ပညာရေးအုပ်စုတွင် (၂၂)ကြိမ်မြောက် မူလတန်းအဆင့် ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲကို မော်လူးဒေသ မံဟဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပသည်။

အားကစားပွဲဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး၊ ကသာခရိုင်ပညာရေးမှူးဒေါ်ကြည်ကြည်ဌေး၊ နယ်မြေခံတပ်ရင်းမှူး၊ မံဟဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေနှင့် နန့်စီးအောင်-ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်ပညာရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ကူးဆိပ်ခိုးကောင်ကျေးရွာ၊ ငွေ့ကြီး-နန့်ယုံကျေးရွာနှင့် ကုန်းခါး-နောင်ကွတ်ကျေးရွာ မူလတန်းကျောင်းများမှ ကလေးငယ်များက ကစားနည်းများကို ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**(၁၇၁)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အားကစားပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် (၂၆)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၆ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်း၌ ဂိုးလ်ဘော၊ ဘောစီယာ၊ မြားပစ်၊ ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲ အားကစားနည်းများအဖြစ် ပြေးခုန်ပစ်၊ ရေကူး၊ ဝှီးချဲဘတ်စကက်ဘောများ ကျင်းပခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများအပြင် ဉာဏ်ရည်မမီအားကစားသမား အပါအဝင် ၄၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)နှင့်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် စာအုပ်ပြပွဲ မန္တလေး၌ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ် (၃၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာကြီး ဦးသန်းညိုက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဝေက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ခရိုင်ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူးက ပေးအပ်လှူဒါန်းခဲ့သည်။ ဟောပြောပွဲသို့ ကံသာယာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများအား စာအုပ်များခင်းကျင်းပြသပေးခဲ့ပြီး စာအုပ်များလည်း ငှားရမ်းခဲ့ကြောင်း သိရသည်။

**ဝေဖြိုးအောင်**


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးကွန်ပျူတာတက္ကသိုလ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Electric Generator 10 KVA Gasoline | 2 Nos |
| ၂။ | Book Scanner | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေး ကွန်ပျူတာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၉-၁၂-၂၀၁၄ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံတွင် စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၂၁၁၅ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးကွန်ပျူတာတက္ကသိုလ်**

## အမြန်ဆက်သွယ်ပါ

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပဒတ္တိုင်းကျေးရွာ ဦးသိန်းမြင့်-ဒေါ်စန်းရီတို့၏သမီး မနိုင်နိုင်ဆွေသည် မိဘများနှင့် အဆက်အသွယ်မပြုလုပ်သည်မှာ ကြာမြင့်ပြီးဖြစ်ပါ၍ မိဘများနှင့် အမြန်ဆုံးဆက်သွယ်ပါရန်။

**ဖုန်း-၀၉-၂၅၃၅၉၉၇၃၆၊ ၀၉-၂၅၃၅၄၅၄၇၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားဝန်ကြီးဌာန
## အားကစားနှင့် ကာယပညာဦးစီးဌာန
## နေပြည်တော်
## (မှန်ဦးဒီဇိုင်းပြိုင်ပွဲနှင့် ခြံစည်းရိုးဒီဇိုင်းပြိုင်ပွဲ)

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်း(နေပြည်တော်)တွင် တည်ဆောက်အသုံးပြုရန်အတွက် မုခ်ဦးဒီဇိုင်းပြိုင်ပွဲနှင့် ခြံစည်းရိုးဒီဇိုင်းပြိုင်ပွဲတို့ကို သီးခြားစီဒီဇိုင်းပြိုင်ပွဲပြုလုပ်လိုပါသဖြင့် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ ရွေးချယ်ခံရပါက မုခ်ဦးဒီဇိုင်းနှင့် ခြံစည်းရိုးဒီဇိုင်းပုံစံအတွက် ဆုချီးမြှင့်သွားမည်ဖြစ်ပြီး အားကစားတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ ဒီဇိုင်းပြိုင်ပွဲလျှောက်လွှာပုံစံနှင့် လိုအပ်သောအချက်အလက်များအား ၁၉-၁၂-၂၀၁၄ ရက် အတွင်း နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း၊ အားကစားရုံဌာနခွဲရုံးတွင် ဆက်သွယ်စုံစမ်း၍ အခမဲ့ထုတ်ယူနိုင်ပါသည်။

၃။ ဒီဇိုင်းပြိုင်ပွဲလျှောက်လွှာပုံစံနှင့် ပြိုင်ပွဲဝင်မည့် ဒီဇိုင်းပုံစံများကို ၇-၁-၂၀၁၅ ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်(E)၊ D(23)၊ အားကစားကွင်း၊ အားကစားရုံဌာနခွဲရုံး၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**အားကစားကွင်း/အားကစားရုံဌာနခွဲ**
**ဖုန်း-၀၆၇-၄၁၃၈၃၄**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကျော်ကျော်ဦး ၉/သစန(နိုင်)၁၃၀၇၅၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၅၅၆၇၆၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများဖြစ်သော ခွဲကျောက်မျိုးစုံနှင့် ဘိလပ်မြေများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဖော်ပြပါဌာနတွင် ၁၀-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ လိုအပ်သည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အောက်ပါရုံးတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၃-၁၂-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ

**တင်ဒါလျှောက်လွှာဖွင့်မည့်အချိန်** - ၂၃-၁၂-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီ

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၈၅-၂၂၀၄၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဏ/၄၁၉၅ Isuzu TS ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးနိုင် ၈/တတက(နိုင်)၁၂၂၈၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ကော့ကရိတ် ဒီဇင်ဘာ ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးချစ်လှိုင်နှင့် ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်တို့က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အလုပ်အမှုဆောင် ဦးရဲထက်ဦးက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ်ပြိုင်ပွဲများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဒီဇင်ဘာ ၉ ရက်တွင်လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် လည်းကောင်း ကျင်းပခဲ့ပြီး ဆုပေးပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပကြောင်း သိရသည်။

**စိုးထက်အောင်**

## မှတ်ပုံတင်မဲ့ဆိုင်ကယ်များအားအရေးယူပြီး မှတ်ပုံတင်ပြုလုပ်ပေး

**မြင်းမူ ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းခြံမြို့တွင် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတ်မှတ်ဒဏ်ကြေးဖြင့်အရေးယူပြီး မှတ်ပုံတင်များပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏သတ်မှတ်ဒဏ်ကြေးဖြင့် အရေးယူသည့် စီမံချက်အရ မြင်းမူမြို့ပေါ်နှင့် အနီးတစ်ဝိုက်တွင် စစ်ဆေးရေးအဖွဲ့များအား ဌာနပေါင်းစုံဖြင့် ဖွဲ့စည်းကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စစ်ဆေးလျက်ရှိပြီး ဖမ်းဆီးရမိသော မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို သတ်မှတ်ဒဏ်ကြေးများပေးဆောင်စေလျက် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဒေသတွင်းမှတ်ပုံတင်များ ပြန်လည်ပြုလုပ်ပေးလျက်ရှိသည်။ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများသို့လည်း အဆိုပါပူးပေါင်းအဖွဲ့ထံ မှတ်ပုံတင်မဲ့ဆိုင်ကယ်များ အမြန်လာရောက်အပ်နှံ၍ မှတ်ပုံတင်ပြုလုပ်ရန် နှိုးဆော်ထားကြောင်းနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများကိုလည်း ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၇၉)**



## အာခါရိုးရာ ခါးထောင်းဖား စုပေါင်းနှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့တွင် ကျေးဇူးရှင်ဘိုးဘေးတို့အား အောက်မေ့သတိရပြီး ကျေးဇူးဆပ်ပူဇော်ပွဲမှတစ်ဆင့် ကျင်းပလာခဲ့သည့် အာခါတိုင်းရင်းသားများ၏ သတ္တမအကြိမ်မြောက် အာခါရိုးရာခါးထောင်းဖား စုပေါင်းနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က ရှမ်းရိုးမကွင်း၌ စည်ကားစွာကျင်းပခဲ့သည်။

နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲတွင် အာခါတိုင်းရင်းသား လူငယ်မောင်မယ်များက ခါးထောင်းဖားပွဲတော်ကို တေးသံသာများဖြင့် သီဆိုကြိုဆိုကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ဌွေ့နှင့် ထိုင်းနိုင်ငံမှ ဧည့်သည်တော်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်မှူးကြီးဇော်နိုင်ဦးက အာခါလူမျိုးများအနေဖြင့် ရိုးရာဓလေ့ကို မြတ်နိုးတန်ဖိုးထားသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည့်အလျောက် ယနေ့တိုင် မိမိတို့၏ ယုံကြည်ကိုးကွယ်မှု၊ မိမိတို့၏ ဘာသာစကား၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ မိမိတို့၏ ဝတ်စားဆင်ယင်မှု အစရှိသည့် အမွေအနှစ်များကို ခေတ်အစဉ်အဆက် ထိန်းသိမ်းလာခဲ့သည်ကိုတွေ့ရကြောင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အခြားသောတိုင်းရင်းသားများနှင့်အတူ လက်တွဲပြီး လက်တွေ့အကောင်အထည်ဖော်ကြရန်၊ နိုင်ငံ့ဂုဏ်နှင့် မိမိတို့၏ လူမျိုးစုဂုဏ်ကိုဖော်ဆောင်ပြီး အာခါတိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ခါးထောင်းဖား စုပေါင်းနှစ်သစ်ကူးပွဲတော်ကို စဉ်ဆက်မပြတ် ကျင်းပနိုင်ပါစေကြောင်း နှစ်သစ်ကူးသဝဏ်လွှာ ဖတ်ကြားဆုတောင်းသည်။

ထို့နောက် အာခါတိုင်းရင်းသားများကိုယ်စား ပွဲတော်ကျင်းပရေးကော်မတီနာယက ဦးမင်းညိုက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး အာခါတိုင်းရင်းသား လူငယ်မောင်မယ်များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(iprd)**

## ကလေးမြို့နယ်တွင် ကျောင်းဆောင်သစ်များ တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**ကလေး ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ပညာရေးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၃၀ ကျော် အသုံးပြုတည်ဆောက်နေသော စာသင်ကျောင်းအဆောက်အအုံသစ်များ တည်ဆောက်နေမှုကို ကလေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ပညာရေးဌာနမှတာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ် စီးစံကျေးရွာနှင့် ရေလဲဦးကျေးရွာများတွင် အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံ အလျားပေ ၈၀၊ အနံပေ ၃၀ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်များ၊ မြောင်းဆုံကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ဆည်ကြီးကျေးရွာ အခြေခံပညာမူလွန်ကျောင်းတို့တွင် အဆောက်အအုံ အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်များနှင့် နတ်ကြီးကုန်း(ကာ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အလျားပေ ၁၀၀၊ အနံပေ ၃၀ အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်တို့၏ ဆောက်လုပ်မှုလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါကျောင်းဆောင်သစ်များကို ပညာရေးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၃၇ ဒသမ ၆၀၀ သန်း အကုန်အကျခံကာ ၂၀၁၄ ခုနှစ် ဇွန်လမှစ၍ မိုးမြင့်အာကာကုမ္ပဏီက စတင်တည်ဆောက်နေခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လအတွင်း ကျောင်းဆောင်သစ်အားလုံး ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**


### မင်္ဂလာဆုတောင်းလွှာ

ချစ်သောညီ ဗိုလ်မှူးချုပ်နေမျိုးအောင်-ညီမ ဒေါ်ခင်ဆွေအောင်တို့၏ ၁၂-၁၂-၂၀၁၄ ရက်တွင် ကျရောက်သော (၂၄)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား မောင်ပြည့်နှင့်အတူ ပျော်ရွှင်သော မိသားစုဘဝကို အစဉ်ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**အစ်ကိုကြီး- ကိုကျော်လွင်ဦးနှင့်**
**ညီမများ- သင်းသင်း၊ တူးတူးနှင့်ညိုညို**

### ရွှေရတုမွေးနေ့မင်္ဂလာဆုတောင်းလွှာ

၁၂-၁၂-၂၀၁၄ရက်တွင် ကျရောက်သောချစ်ခင်ပွန်း ဦးခင်မောင်ချို (ဦးစီးအရာရှိ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ကြာအင်းဆိပ်ကြီးမြို့နယ်)၏ နှစ် (၅၀)ပြည့် ရွှေရတုမွေးနေ့မှသည် နောင်လာမည့် ရတုအဆက်ဆက်တိုင်အောင် ကာယသုခ၊ စိတ္တသုခနှစ်ဖြာသောချမ်းသာခြင်းတို့နှင့် ပြီးပြည့်စုံစွာ ပိုင်ဆိုင်နိုင်ပါစေကြောင်းနှင့် ချစ်ဇနီးနှင့်အတူ တိုင်းပြည်အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကိုလည်း ဆတက်ထမ်းပိုးဆောင်ရွက်ပြီး ဘယ်ဘက်ကတစ်ဆုပ်ကြဲသမျှ ညာဘက်ကတစ်လှည်းဝင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဇနီး ငယ်ငယ်**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ကံဆွယ်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၄၀ᵏ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ပန်းနုအေး အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ပန်းနုအေး ၁/ရကန(နိုင်)၀၃၂၄၆၉ (ဘ)ဦးမောင်သိန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ မြေကွက်/ဦးပိုင်အမှတ် (၁၄၈၊ ၁၄၉)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ မြေကွက်တည်နေရာအမှတ် (၁၄၈၊ ၁၄၉)၊ ၂လမ်း၊ ၂၉/ပန်းခင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့ရှိ မြေကွက်(၂)ကွက်အား ဦးလေးမောင်(ခ)မြင့်သိန်း (ဘ)ဦးကျော်ရင် ၁၃/လရန(နိုင်)၀၀၉၄၆၀ မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# သဘာဝဘေးကြောင့် ပြိုကျပျက်စီးခဲ့သော ကသာမြို့နယ်မှ တံတားများ တည်ဆောက်မှုစစ်ဆေး

**ကသာ ဒီဇင်ဘာ ၁၁**

ကသာမြို့နယ်၌ စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျပျက်စီးခဲ့သော တံတားများအား ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကသာခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့်အဖွဲ့ဝင်များသည် အထူးစီမံကိန်းအဖွဲ့(၄)မှ ပြန်လည်တည်ဆောက်နေသည့် အလျား ပေ ၁၀၀၊ အနံ ၁၂ ပေရှိ ဘိုးပိုင်အောက်ထည် သံကူကွန်ကရစ် ကပ္ပလိပ်တံတား တည်ဆောက်မှုလုပ်ငန်း ၅၆ ရာခိုင်နှုန်းခန့် ပြီးစီးနေမှုကိုလည်းကောင်း၊ အထူးစီမံကိန်းအဖွဲ့(၂)က ပြုပြင်တည်ဆောက်လျက်ရှိသည့် အလျားပေ ၈၀၊ အနံ ၁၂ ပေရှိ ဘိုးပိုင်အောက်ထည် သံကူကွန်ကရစ် ပေကုန်းတံတားတည်ဆောက်မှုလုပ်ငန်း ၉၅ ရာခိုင်နှုန်း ပြီးစီးနေမှုကိုလည်းကောင်း၊ တံတားများ တည်ဆောက်ရန် လိုအပ်သောပစ္စည်းများ ရောက်ရှိနေမှုကို လည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်အတွင်း စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေကြီးမှုကြောင့် နေအိမ်များရေထဲမျောပါခြင်း၊ တံတားများကျိုးကျခြင်းနှင့် လူများထိခိုက်ဒဏ်ရာရခြင်းများဖြစ်ပွားခဲ့သည်။

**ဦးရဲ(ကသာ)**

# မြန်မာနိုင်ငံ၌ ဗီဇာကတ်အသုံးပြုသူပိုမိုများပြားလာ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာ တိုးတက်လာသည့် နိုင်ငံများနည်းတူ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဗီဇာကတ် အသုံးပြုသူဦးရေမှာ တစ်နေ့တခြား ပြည်တွင်း ပြည်ပသုံးစွဲသူ ပိုမိုများပြားလာနေကြောင်း သိရသည်။

ဗီဇာကတ်ကိုင်ဆောင်အသုံးပြုနေသူတစ်ဦးဖြစ်သည့် ကိုမင်းဇော်ဟိန်းက "ကျွန်တော်တို့ဆီမှာ အခုတစ်နှစ်၊ နှစ်နှစ်အတွင်း ဗီဇာကတ် အသုံးပြုသူတွေ ပိုမိုများပြားလာတယ်။ ဒါက ခေတ်စနစ်နဲ့အညီ လူတွေရဲ့ပြောင်းလဲမှုတိုးတက်လာတာရယ်၊ ပြီးတော့ အခုကျွန်တော်ကိုင်တဲ့ ဧရာဝတီဘဏ်ဗီဇာကတ်ဆိုရင် နိုင်ငံခြားငွေကြေးဖြစ်တဲ့ အမေရိကန်ဒေါ်လာ၊ စင်ကာပူဒေါ်လာနဲ့ ယူရို သုံးမျိုးစလုံးကို အသုံးပြုနိုင်တယ်။ ပြီးတော့ အဲဒီဗီဇာကတ်ကို ကိုယ်ဝယ်တဲ့ ပစ္စည်းရဲ့ ကုတ်နံပါတ်အပေါ်ကို ကပ်လိုက်တာနဲ့ သူ့အလိုအလျောက် ငွေကို ဖြတ်သွားတယ်။ ဒီကတ်ရဲ့အားသာချက်က ကျွန်တော်တို့လို တစ်ဦးချင်းမှ မဟုတ်ဘူး၊ ကုမ္ပဏီတွေအနေနဲ့လည်း ဖွင့်လို့ရတယ်။ အခုဆိုရင် နိုဝင်ဘာလကတည်းကနေ လာမယ့်ဖေဖော်ဝါရီလအထိ ပရိုမိုးရှင်းအနေနဲ့ ဗီဇာကတ်အသုံးပြုသူတွေထဲက ကံထူးရှင်တစ်ဦးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကို အဖော်တစ်ဦးလိုက်ပါနိုင်တဲ့ ခရီးစဉ်တွေတောင် ထည့်သွင်းထားတယ်လို့ သိရပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ၌ ပြီးခဲ့သည့်သုံးလေးနှစ်ခန့်အတွင်း ပြည်တွင်းဘဏ်များ၊ ပြည်ပနိုင်ငံခြားဘဏ်များနှင့် အကျိုးတူပူးပေါင်း ချိတ်ဆက်ဆောင်ရွက်မှုများရှိလာသည့်အလျောက် ပြည်သူများကြားတွင်လည်း ခေတ်စနစ်နှင့်အညီ ဗီဇာကတ်အသုံးပြုမှုများကို တွင်ကျယ်စွာ သိရှိလာပြီး ပိုမိုသုံးစွဲလာကြခြင်းဖြစ်သည်။ ထို့အပြင် ဘဏ်များ၏ အပြိုင်အဆိုင် မက်လုံးပေးလှုံ့ဆော်မှုများက တစ်ကြောင်း၊ ဗီဇာကတ်၏ လုံခြုံစိတ်ချစွာ သယ်ယူသုံးစွဲနိုင်သည့် အားသာချက်ကြောင့်လည်းကောင်း ပြည်သူများပိုမိုသုံးစွဲလာခြင်းဖြစ်ကြောင်း ပြည်တွင်းရှိဘဏ်များမှ သိရသည်။ ပြည်တွင်းဘဏ်တစ်ခုဖြစ်သည့် ဧရာဝတီဘဏ်သည် ဗီဇာကတ်အသုံးပြုနိုင်သည့် ဝန်ဆောင်မှုကို ယခုနှစ်ဧပြီက စတင်ခဲ့သော်လည်း ယခုအခါ အသုံးပြုနေသူဦးရေ ငါးထောင်ကျော်အထိ တိုးလာလျက်ရှိကြောင်း သိရသည်။

ယခုအခါ ပြည်တွင်းဘဏ်များအနေဖြင့် ခေတ်မီနိုင်ငံခြားဘဏ်များကဲ့သို့ ပြည်တွင်း ပြည်ပ ဗီဇာကတ်အသုံးပြုမှုများကို ပြည်သူများ ခေတ်နှင့်အညီ တွင်ကျယ်စွာအသုံးပြုလာနိုင်ရေးအတွက် အရောင်းမြှင့်တင်မှုပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။

**မင်းထက်**

# ပိန်းပြစ်လီဆူကျေးရွာ၌ သံကူကွန်ကရစ်တံတားနှင့် ကတ္တရာလမ်းသစ်ဖွင့်လှစ်

**မိုးကုတ် ဒီဇင်ဘာ ၁၁**

မိုးကုတ်မြို့နယ် ပိန်းပြစ်လီဆူကျေးရွာတွင် သံကူကွန်ကရစ်ပေါင်းကူးတံတားနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက်က အဆိုပါ ပေါင်းကူးတံတားသစ်ကြီး ရှေ့၌ ကျင်းပသည်။



တံတားနှင့် ကတ္တရာလမ်းသစ်ကို မိုးကုတ်မြို့ အောင်ချမ်းသာရပ်နေ အလှူရှင် ဦးအောင်သိန်းမိသားစုက ပိန်းပြစ်လီဆူကျေးရွာအတွက် (၂၀×၁၃)ပေ အကျယ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းနှင့် (၃၅၀×၂၀×၁၂) ပေ အရှည်ရှိ ကတ္တရာလမ်းတစ်လမ်းကို ပြည်သူများ လူမှုဘဝပြည့်စုံရေးအတွက် တစ်ထောင့်တစ်နေရာမှ အကူအညီပေးရန် စုစုပေါင်းငွေကျပ် ၂၈၁ သိန်း အကုန်အကျခံလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲတွင် မိုးကုတ်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေက မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ယခုဖွင့်လှစ်သည့် ပေါင်းကူးတံတားနှင့် ကတ္တရာလမ်းသစ် ဆောက်လုပ်မှုနှင့် ပက်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင် ဦးအောင်သိန်း၊ မိုးကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ မြို့နယ်စည်ပင်သာယာရေးကော်တီဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးပြည်စိုးတို့က ပေါင်းကူးတံတားနှင့် ကတ္တရာလမ်းသစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပိန်းပြစ်လီဆူကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**နေဝါ(မိုးကုတ်)**

# မိုးပွင့်အဆင့်(၇) နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ်ဦးစီးဌာနမှူးရုံးမှ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ငမင်ကျေးရွာအုပ်စု ငမင်ကျေးရွာ ရွှေလင်းအိမ်စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းဝေ၊ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဝင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်တို့က ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၂၀၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# တီးတိန်မြို့နယ်တွင် မီးသတ်ယာဉ်ပေးအပ်ပွဲနှင့် လက်တွေ့မီးငြှိမ်းသတ်နည်းသရုပ်ပြပွဲကျင်းပ

**တီးတိန် ဒီဇင်ဘာ ၁၁**

ချင်းပြည်နယ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် တီးတိန်မြို့နှင့် တွီးထန်ကျေးရွာအတွက် မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်ပေးအပ်ပွဲကို တီးတိန်မြို့ စကော့လမ်းရပ်ကွက် ကမ်းဟောက်အားကစားကွင်း၌ ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ပြီး လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြမှုကိုလည်း ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးသတ်ယာဉ်ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး တီးတိန်မြို့အတွက် မီးသတ်ယာဉ်တစ်စီး၊ တီးတိန်မြို့နယ် တွီးထန်ကျေးရွာအတွက် မီးသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ်တစ်စီး စုစုပေါင်းမီးသတ်ယာဉ်သုံးစီးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်မီးသတ်တာဝန်ခံ ဦးဘိုဘိုဝင်းထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မီးသတ်ယာဉ်များ၏စွမ်းရည်ပြသမှုနှင့် မီးငြှိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းကို ဆက်လက်ပြုလုပ်ခဲ့ရာ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးကျင်းပသော ၂၀၁၄ခုနှစ် ရှမ်းပြည်နယ်ကမ္ဘောဇဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရွှေတြိဂံဂေါက်ကလပ်တွင် ကျင်းပမည်

ရှမ်းပြည်နယ်ဂုဏ်ဆောင် ကမ္ဘောဇဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၅၈ခုနှစ်မှစတင်၍ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ လားရှိုးမြို့၊ ကျိုင်းတုံမြို့တို့တွင် အလှည့်ကျကျင်းပပြုလုပ်ခဲ့ပါသည်။ ယခုနှစ် ၂၀၁၄ခုနှစ်တွင် ရှမ်းပြည်နယ် ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဦးစီး၍ ကျိုင်းတုံမြို့၊ ရွှေတြိဂံဂေါက်ကလပ်၌ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ရှမ်းပြည်နယ်အတွင်းနေထိုင်သော အားကစားသမားများအနေဖြင့် ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁၅-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းသွားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ အကွက်အမှတ် ၂၁၊ လှိုင်ရှမ်းစုရပ်၊ ဦးပိုင်အမှတ် ၁၄၊ မြေဧရိယာ ၀ဒသမ၁၄၅ဧကအနက် ၀ဒသမ၀၇၂ဧက၏ တစ်ဝက်တိတိဖြစ်သော အရှေ့မျက်နှာစာ ၂၂ပေ၊ အနောက် ၁၄၉ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်များအား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးခင်မောင်ဦး၊ ဒေါ်ခင်ခင်ဦးတို့က ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း၊ တရားရုံး၏ ယာယီတားဝရမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်စံပယ်ဦး | ဒေါ်စန္ဒာသိန်း | ဒေါ်မို့မို့ကေသီကျော် |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၄၀၀၆၆ | စဉ်-၄၄၉၂ | စဉ်-၃၆၆၉၉ |
| အမှတ် ၄၉၊ဒိုင်းဝန်ကွင်း၊ သုတလမ်း၊ လှည်းတန်းရပ်၊ မော်လမြိုင်မြို့။ | အမှတ် ၈၊ မြစေတီလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့။ | |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒက္ခိဏခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၅၄**

ဒေါ်တင်တင်ခိုင် **နှင့်** ၁။ ဒါဝတ်တားမာမတ်
၂။ ရှကူတားမာမတ်
၃။ ဦးအောင်ရွှေ

**တရားလို** **တရားပြိုင်များ**

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်နေ၊ (၁)ဒါဝတ်တားမာမတ်၊ (၂)ရှကူတားမာမတ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ဗိုလ်ချုပ်လမ်း၊ အကွက်အမှတ် ၂၄၊ ဦးပိုင်အမှတ် ၆၅^ဂ၊ ဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် အဆိုပါမြေပေါ်ရှိ တစ်ထပ်အဆောက်အအုံကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ၂၉ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးအောင်)**
**ခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၄၂၇၉၉၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၈/မကန(နိုင်)၂၂၀၈၀၉က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (မကွေး)**

## အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ဘုရားကြီးလမ်းနေ ဦးစိုးသိန်းက ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဘုရားကြီးလမ်း၊ မြေတိုင်းရပ်ကွက်(ရပ်-၉) ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် ၅၃-ခ၊ မြေကွက်အမှတ် ၈၇/၁၈၉ရှိ မြေချိန် ဧရိယာ ၀ ဒသမ ၀၅၂၀ ဧကရှိမြေအား ဦးစိုးသိန်းအမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။

၂။ ထိုသို့ လျှောက်ထားမည်ဖြစ်ပါသောကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

# လူမှုရေးနှင့်စီးပွားရေးကြော်ငြာ



## သိမ်ဖြူ (အထက) မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဖြူ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ၂၄ရက်(စနေနေ့) ညနေတွင် သိမ်ဖြူ အထကကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ လုပ်သက်သုံးနှစ်နှင့်အထက် ပညာပို့ချပေးခဲ့ပြီး အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီး ၈ဦးအား ဖိတ်ကြားထားပါသည်။ ဖိတ်စာ မရရှိပါကလည်း အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက် ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် -**

| | | | |
|---|---|---|---|
| **ရန်ကုန်မြို့** | | **နေပြည်တော်** | |
| **ဒေါက်တာဝင်းနောင်** | ဖုန်း-၀၉-၅၁၅၈၄၄၃ | **ဦးမျိုးကြွယ်** | ဖုန်း-၀၉-၇၃၂၄၄၈၆၆ |
| **ဒေါက်တာအောင်ထက်** | ဖုန်း-၀၉-၅၀၅၈၇၅၃ | **မော်လမြိုင်** | |
| **မိချောစုစု** | ဖုန်း-၀၉-၅၀၆၂၀၀၅ | **ဦးသိန်းဌေး** | ဖုန်း-၀၉-၈၇၀၁၂၇၃ |
| **ဦးကျော်ကျော်စိုး** | ဖုန်း-၀၉-၇၃၀၇၃၁၉၀ | **သထုံ** | |
| **သိမ်ဖြူ** | | **ဦးချစ်ကိုကို** | ဖုန်း-၀၉-၄၂၅၂၉၄၆၃၅ |

| | |
|---|---|
| **ဒေါ်စန်းတင့် (ကျောင်းအုပ်ကြီး)** | ဖုန်း-၀၉-၄၂၅၂၇၈၂၂၇ |
| **ဦးကိုကို (စက္ကူစက်)** | ဖုန်း-၀၉-၄၂၅၃၃၂၅၂၅ |
| **ဦးထင်ပေါ်** | ဖုန်း-၀၉-၄၂၅၃၃၂၅၀၅ |
| **ဦးရွှေထင်** | ဖုန်း-၀၉-၄၂၅၃၄၅၆၅၄ |
| **ဦးမင်းအောင်** | ဖုန်း-၀၉-၂၅၅၉၇၃၅၉၈ |
| **ဦးသန်းဦး-ဒေါ်မေချွန်း** | ဖုန်း-၀၉-၅၁၇၅၃၆၉ |
| **ဒေါ်သီတာဦး** | ဖုန်း-၀၉-၄၂၅၃၃၁၇၃၃ |
| **ဒေါ်ချိုချိုမာ** | ဖုန်း-၀၉-၄၂၅၃၅၃၃၆၇ |
| **ဦးသိန်းဇော်** | ဖုန်း-၀၉-၂၅၄၇၀၇၆၆၀ |

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**သိမ်ဖြူ အထကကျောင်းသား ကျောင်းသူဟောင်းများ**

## ရေစကြိုမြို့ အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ၏
# (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

(၁၇)ကြိမ်မြောက် ရေစကြိုမြို့၊ အထက(၁)၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေစကြိုမြို့၊ အထက(၁) မြတမာခန်းမ၌ အစဉ်အလာမပျက် ကျင်းပပြုလုပ်၍ ဆရာကြီးဆရာမကြီး(၁၂၃)ဦးအား ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ အပူဇော်ခံဆရာကြီး ဆရာမကြီးများ ဆေးကုသမှုခံယူရာတွင် ထောက်ပံ့လှူဒါန်းနိုင်ရန် ကျောင်းသားကျောင်းသူဟောင်းများ၏ လှူဒါန်းငွေများဖြင့် ဆေးပဒေသာပင်အလှူတော်ငွေများလည်း စိုက်ထူဆောင်ရွက်ထားပါသည်။ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲကြီးအတွက် အလှူတော်ငွေများနှင့် ဆေးပဒေသာပင် အလှူတော်ငွေများကို သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းကြပါရန်နှင့် ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော် အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-ရန်ကုန်-ဒေါ်အုံးကြင် ဖုန်း-၀၁-၆၈၀၇၆၀၊**
**ကိုကျော်ကျော်လွင် ဖုန်း-၀၁-၆၈၁၂၃၆၊**
**ကိုဝင်းခိုင် ဖုန်း-၀၉-၅၁၆၁၈၈၀**
**မန္တလေး -ဒေါ်ချိုချိုထွန်း ဖုန်း-၀၉-၂၀၂၂၀၈၂**
**ရေစကြို -ဦးမြင့်အောင် ဖုန်း-၀၉-၂၅၆၂၃၃၅၆၇၊**
**ဦးတင်သောင်း ဖုန်း-၀၆၂-၃၀၀၇၃၊ ဦးဌေးလွင် ဖုန်း-၀၉-၄၀၁၆၇၁၃၆၀**

## အထက (၁) သာယာဝတီမြို့ အငြိမ်းစားဆရာကြီး/ဆရာမကြီးများပူဇော်ပွဲ

အထက(၁)သာယာဝတီမြို့ အငြိမ်းစားဆရာကြီး/ဆရာမကြီးများ (၁၆)ကြိမ်မြောက်ပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ဖိတ်စာမရရှိသော ဆရာကြီး/ဆရာမကြီးများလည်း တက်ရောက်အပူဇော်ခံပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **အရဟံဆွမ်းကပ်တရားတော်နာကျင်းပချိန်** | -၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီ |
| **ဆရာကြီး/ဆရာမကြီးများပူဇော်ပွဲကျင်းပချိန်** | -၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ |
| **ကျင်းပမည့်နေရာ** | -ပညာ့အားမာန်ခန်းမ၊ အထက (၁) သာယာဝတီမြို့ |

(ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။)

အလှူငွေများကို အောက်ပါဖုန်းများထံ ဆက်သွယ်၍ လှူဒါန်းပေးပါရန် နှိုးဆော်အပ်ပါသည်-

| **သာယာဝတီမြို့** | **ရန်ကုန်** |
|---|---|
| (၁) ဦးမျိုးအောင် (ဖုန်း-၀၉-၇၃၀၆၆၆၈၅) | (၁) ဦးထွန်းအေး၊ ညောင်ပင်လေးဈေးပလာဇာ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၂၁၇၄၊ ၀၉-၅၁၀၄၀၃၉ |
| (၂) ဦးကိုဝင်း၊ ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဖုန်း-၀၅၅-၃၀၇၁၈၊ ၀၉-၄၉၅၀၈၆၁၃ | (၂) ဦးထွန်းမြတ်၊ သာယာဝတီအသင်း၊ အတွင်းရေးမှူး၊ ဖုန်း-၀၉-၅၀၃၅၄၀၄ |
| (၃) ဒေါ်ခင်ဌေးမြင့်၊ ထက်ပြ(ငြိမ်း)၊ အထက(၁) ဖုန်း-၀၅၅-၃၀၁၄၂၊ ၀၉-၄၉၂၄၀၄၅၆ | (၃) ဦးသက်မော်ဦး၊ အမှတ် (၁၅၂)၊ အခန်း (၁၀၀)၊ (ပထပ်) ရာဇဓိရာဇ်အိမ်ရာစခန်း၊ ဗိုလ်တထောင်မြို့၊ ဖုန်း-၀၉-၅၃၆၀၇၃၆ |
| (၄) ဦးစိုးစိုးတင့် ဖုန်း-၀၉-၅၃၆၀၁၃၄ | (၄) ဒေါ်ဝင်းမာညွှန့်၊ သရဝဏ်၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း ၊ အမှတ် (၅၃-ဘီ)၊ ဘုရားလမ်း၊ သမိုင်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၂၁၇၄ |
| (၅) ဦးချမ်းငြိမ်းကိုကိုထက်(ခ)အဲရိုး ဖုန်း-၀၉-၄၂၃၆၇၅၁၇၁ | (၅) ဒေါ်ညွှန့်ညွှန့်တင်၊ ဖုန်း-၀၉-၂၅၀၄၁၆၅၇၈ |
| (၆) ဦးလင်းထိန်ဝင်း ဖုန်း-၀၉-၄၉၅၀၈၂၁၉ | |
| (၇) ဦးမင်းစိုး ဖုန်း-၀၉-၄၂၃၆၇၄၈၉၆ | |
| (၈) ဦးကျော်နိုင် ဖုန်း-၀၉-၃၁၆၅၁၂၁၁ | |
| (၉) ဦးဇော်ညီညီစိန် ဖုန်း-၀၉-၅၃၆၀၄၆၆ | |
| (၁၀) ဦးကျော်သူရ ဖုန်း-၀၉-၄၉၅၀၉၀၀၆ | |
| (၁၁) ဦးပြည့်ဖြိုးမောင် ဖုန်း-၀၉-၅၃၆၀၇၁၅ | |
| (၁၂) မောင်မင်းဝေဖြိုး ဖုန်း-၀၉-၅၃၆၆၃၆၂ | |
| (၁၃) မောင်ညီကျော် ဖုန်း-၀၉-၄၂၃၆၇၅၀၂၀ | |
| (၁၄) မောင်ကျော်သူလတ် ဖုန်း-၀၉-၄၂၃၇၀၉၉၉၁ | |

**ပူဇော်ပွဲကျင်းပရေးကော်မတီ**
**အထက (၁) သာယာဝတီမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၄၈၅၆ Toyota Dyna Bu 85, Light Truck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းကျော် ၁၂/ ဥကတ(နိုင်)၀၄၁၉၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ရဟန်း ဒါယိကာမကြီး
# ဒေါ်မတင်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ် ၁၈၈(လေးလွှာ)၊ ကျိုက္ကဆံလမ်းနေ ဦးအောင်မြင့်-ဒေါ်ဌေးမြင့်ကြည်၊ (ဦးကျော်ဝင်း)-ဒေါ်အေးကျင်၊ ဦးဟုတ်ချွန်း၊ ဦးဟုတ်ရှိန်-ဒေါ်အေးချစ်၊ ဦးလွယ်လွယ်အေး-ဒေါ်ဌေးကျင်၊ ဦးအောင် နိုင်-ဒေါ်လှကျင်တို့၏ မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၉-၁၂-၂၀၁၄ရက် နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက်တွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ခင်ခင်ကြည် (မော်လမြိုင်)
### အသက်(၆၅)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကျိုက္ကမိရပ်နေ (ဦးသာလွင်)-ဒေါ်မြတို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးလှအောင်-ဒေါ်ပု)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ် ၁၆၊ တိုက်အမှတ် ၂၁၊ အခန်း ၄ နေ ဦးခင်မောင်အေး (မြန်မာ့လေကြောင်း၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင် ခင်အေး၊ ဦးစိုးညွှန့်၊ ဒေါ်ဇမိစံ-ဦးပြုံးချို၊ ဒေါ်အေးအေးမိုး-ဦးအောင်မိုးတို့၏အစ်မကြီး၊ ဦးထိန်လင်းအောင် (Director J.PM Car Sale Center & Wun Yan Kha Service Comp; Ltd.) -ဒေါ်အိသက်နွယ်၊ ဦးနေဝင်းအောင် (St John Shipping Line) - ဒေါ်ပိုင်းဝတ်ရည်ဝင်း၊ ဒေါ်ခင်သူဇာအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ကောင်းထက်သူ(Pre II ILBC)၊ မောင်စစ်ထူးအောင် (Pre School ILBC)၊ မသွန်းရွှေစင်ဝင်းတို့၏ ဘွားဘွားကြီးသည် ၁၀-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၄ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးသိန်းစော(ခ)ကိုပေါလ်
### အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၅၁)သီရိမင်္ဂလာလမ်းနှင့်အင်းစိန်မြို့နယ်၊ အမှတ် ၄၁/က၊ ဘုရင့်နောင်လမ်း၊ ဘုရင့်နောင်ရိပ်သာနေ(ဦးဟန်ဒလေ-ဒေါ်နုနု)တို့၏သား၊ စမ်းချောင်းမြို့နယ်၊ ရတနာသိခ်လမ်း၊ အမှတ်(၄၄)နေ (ဦးထွန်းကြည်)-ဒေါ်အေးသန်းတို့၏ သားသမက်၊ ဒေါ်ကျင်ရွှေ၏တူသား၊ ဒေါ်မြင့်မြင့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးတင်ထွန်းနိုင်၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)-မထားမြတ်စန္ဒီစော၊ မောင်ရဲလင်းနောင်၊ မနှင်းယွန်းစန္ဒီစော (G-8F,TTC ကမာရွတ်)၏ချစ်လှစွာသောဖခင်၊ ဦးစိုးသန်း (အကျဉ်းဦးစီးဌာန)-ဒေါ်မြင့်မြင့်အေး၊ ဦးကျော်လွင်၊ ဦးရဲထွန်း-ဒေါ်စန်းစန်းမာ၊ ဦးမြင့်ဌေး-ဒေါ်ဆွေဆွေသန်း၊ ဦးကျော်စိုး(ခေတ္တ-စင်ကာပူ)၊ ဦးနေမျိုးသန်း-ဒေါ်စောသန္တာ၊ ဦး ညီညီအောင်-ဒေါ်ယဉ်မင်းထွေးတို့၏အစ်ကိုကြီးသည် ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၄နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက် (စနေနေ့) နံ နက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးသိန်းစော(ခ) Paul
### (အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း)
### အသက် (၅၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် ၄၁/ကနေ (Mr. H.G Hundley- ဒေါ်နုနု)တို့၏သား၊ (ဦးထွန်းကြည်)- ဒေါ်အေးသန်းတို့၏ သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဗိုလ်ကြီးတင်ထွန်းနိုင်- မထားမြတ်စန္ဒီစော၊ မောင်ရဲလင်းနောင်၊ မနှင်းယွန်းစန္ဒီစောတို့၏ဖခင်၊ ဦးဘိုဘိုဟန်(ခ)ဦးတိုနီ-ဒေါ်ခင်မာလာဝင်း ၊ ဦးမရထွန်း-ဒေါ်မေမျိုးဟန်(Mary Hu-ndley)၊ ဦးဘခိုင် (John Hundley)- ဒေါ်မိုးမိုး၊ (ဦးဘဆိုင်)-ဒေါ်ကျော့ကျော့ရီ၊ ဦးတင်ရွှေ-ဒေါ်နွယ်နွယ်အေး၊ ဦးညွှန့်လွင်-ဒေါ်အေးအေးသန်းတို့၏ ညီ/မောင်သည် ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၄နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေ ဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံးတော်
### ၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၉

| | | |
|---|---|---|
| ၁။ ဦးလှမြင့် | **နှင့်** | ၁။ ဦးအောင်သန်း |
| ၂။ ဒေါ်လှလှဝင်း | | ၂။ ဒေါ်စောစောမြင့် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ တိုက်အမှတ် ၃၂၊ အခန်းအမှတ် ၃၀၃ နေ ဦးအောင်သန်း ပီအမ်အီး-၀၇၂၈၂၈နှင့် ဒေါ်စောစောမြင့် အေဂျီ-၂၀၅၆၁၈ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်ပါအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဇေလွင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးညွှန့်မောင် (ကနောင်)
### ဓမ္မူအေးပုံနှိပ်တိုက်
### အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ (ဦးအေးထွန်းဦး)-ဒေါ်ခင်သန်းစိုး၊ ဦးရန်မျိုးအောင် (မန်နေဂျာ-ပုံနှိပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်ခင်နွယ်ဦး၊ ဦးလှဝင်းအောင်-ဒေါ်စန်းကြည်၊ ဦးဇော်နိုင်မွန်-ဒေါ်နိုင်နိုင်မော်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၄ရက် နံနက် ၉း၃၀ နာရီတွင် အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်အမှတ် ၁၊ အခန်းအမှတ် ၄၀၁ နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# (၃)နှစ်ပြည့် လွမ်းဆွတ်အမျှဝေခြင်း
## ဒေါက်တာဦးတင်အောင်
## ခွဲစိတ်အထူးကုဆရာဝန်ကြီး

**ချစ်သောပါပါး**

ခွဲခွာသွားတာ (၃)နှစ်တိုင်ပေမယ့် မိသားစုရင်ထဲမှာ ထာဝရရှိနေဆဲပါ။ ပါပါးအတွက်ရည်စူး၍ ဆုထူးပန်ပရိယတ္တိစာသင်တိုက်၌ပြုလုပ်သည့် သိက္ခာထပ်၊ ရဟန်းခံ အလှူကောင်းမှုကို အမျှပေးဝေပါ၏။

ပါပါး အမျှ-အမျှ-အမျှ

**ချစ်သောမိသားစု**
**ပါမောက္ခ ဒေါက်တာသန်းသန်း**
**ဒေါက်တာယဉ်သူအောင်**
**ဒေါက်တာအိသူအောင်**
**ဒေါက်တာဖြိုးသူဇာအောင်**

## ဒေါ်ခင်သန်းဌေး(ခ)ဘုတ်ဆုံ (B.Com)
### ဒဂုံ(၁) ကျောင်းသူဟောင်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဗျိုင်း(ရွာမ)ရပ်ကွက်၊ ကျောက်မြောင်း၊ အမှတ်၁၄(ငါးလွှာ)နေ (ဦးသာလှိုင်-ဒေါ်ရွှေပု) တို့၏သမီးငယ်၊ (ဦးမင်ငါး-ဒေါ်ရှုလွှမ်)တို့၏သမီးချွေးမ၊ ဦးစိုးသန်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြူကြူ(ခ)ဒေါ်ခင်အေးသန့်-ဦးရဲဝင်း၊ ဒေါ်မူမူ(ခ)ဒေါ်ခင်ခင်သန့်-ဦးအောင်ရွှေတို့၏ညီမငယ်၊ ဒေါ်စုမိ-(ဦးစွန်လီ)၊ ဦးစိုးမြင့်-ဒေါ်ဆိုက်ဟွာ၊ ဒေါက်တာစိုးဝင်း-ဒေါ်ရီရီဝင်း၊ ဒေါ်ချိုဝါ-(ဦးဟုန်ဘို)တို့၏ညီမ၊ ဒေါက်တာစိုးတင့်-ဒေါ်ပို့တင်၊ ဒေါ်ခင်မြသိန်း-ဦးချွန်းလင်းတို့၏အစ်မ၊ ကျော်စိုးသိန်း၊ စိုးဝင်းနိုင်၊ မယမင်းဖြူတို့၏ချစ်လှစွာသောမိခင်သည် ၁၀-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၄ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်နှင့်ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့ မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ကိုဝင်းနိုင်ဦး (Bsc.Bot)
### အသက် (၃၈)နှစ်

သားလတ်ရေ မထင်မှတ်ဘဲ ခွဲခွာသွားတာ ၁၂-၁၂-၂၀၁၄ ရက်မှာ (၁)နှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ အချိန်နှင့်အမျှ မိသားစုအားလုံးရဲ့ရင်ထဲမှာတော့ သားရဲ့ပုံသဏ္ဌာန်၊ သားရဲ့ဟန်ပန်နဲ့ သားရဲ့ရယ်မောသံတွေ ကြားယောင်ဆဲ၊ မြင်ယောင်ဆဲမို့ လွမ်းရအမြဲပါ သားလတ်ရယ်......

မိဘများကို လုပ်ကျွေးရင်း ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော သားလတ်အတွက်ရည်စူး၍ လစဉ်နှစ်စဉ်ပြုလုပ်သော ကောင်းမှုကုသိုလ်များကို ရောက်ရာမြင့်မြတ်သော ဘုံဘဝမှာ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဖေဖေ-မေမေ - ဦးတင်ဦး-ဒေါ်ခင်ဝင်းရွှေ**
**အစ်ကိုကြီး - ကိုဝင်းဇော်ဦး-မသီတာအောင်မိသားစု**
**ညီငယ် - ကိုဝင်းခိုင်ဦး-မခင်ဌေးဦးမိသားစု**
**ညီမငယ် - ကိုဝင်းဇော်ဖြိုး-မဝင်းပပဦး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

သမီးလေးဖြူစင်ချမ်း ၁၂-၁၂-၂၀၁၄ ရက်တွင် ကျရောက်သောမွေးနေ့မှာ သမီးလေးမရှိသော်လည်း နေ့စဉ်သတိရတမ်းတဆဲပါ။ အစဉ်သတိရလျက် လှူဒါန်းပြီး၊ လှူဒါန်းဆဲကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ-အမျှ-အမျှ ပေးဝေပါသည်။ မိသားစုပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု ဒါနအစုစုကို ရောက်ရာ ဘုံဘဝမှ မြင်နိုင်ကြားနိုင်သိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

**ဦးစိန်ဝင်းချမ်း-ဒေါ်မေလှဲ့**
**အောင်စည်သူ၊ ဟိန်းဇေယျာ၊ ဟိန်းကျော်စွာ၊ ရဲထွဋ်ဝင်း**

## တစ်လပြည့်အလွမ်း
## မအိန္ဒြေမင်းမင်း (ခ) မအိမ်စည်
### အသက် (၂၈)နှစ် ၁၂-၁၁-၂၀၁၄- ၁၂-၁၂-၂၀၁၄

အမေလွမ်းလိုက်တာ သမီးလေး မအိမ်စည်ရေ---

သမီးလေး အသက်ရှိစဉ်က လှူချင်တဲ့ စမတောင် ပရဟိတဂေဟာကို သမီးရဲ့ အဝတ်တွေ ရယ်၊ ဆန် (၁၀)အိတ်၊ ဆီ (၂)ပုံး၊ ဆေးပစ္စည်းအစုံကို လှူဒါန်းခဲ့ပါတယ်။

ဒီကုသိုလ်တွေကြောင့် ဖြစ်လာတဲ့ ဘဝအဆက်ဆက်မှာ ဒီလိုရောဂါဆိုးကြီးမခံစားရဘဲ အသက်ရှည်ရှည်၊ အဆင်းလှလှ ချမ်းချမ်းသာသာနေနိုင်တဲ့သူတစ်ယောက်ဖြစ်ပါစေ။ ဖြစ်သမျှအားလုံး ဒီဘဝဒီမျှနဲ့ကျေပါစေ သမီးလေးရေ--

ပြုသမျှကုသိုလ်အားလုံး အမျှ အမျှ အမျှပါ သမီးလေး မအိမ်စည်ရေ--

**ကျန်ရစ်သူ**
**မေမေ- ဒေါ်မာကြူမင်း**
**မမကြီး- မအိန္ဒြာမင်းမင်း**
**ညီမလေး- မအိတျာမင်းမင်းနှင့် မင်း မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညွန့်မောင် (ကနောင်)**

**အသက်(၈၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ ဦးရန်မျိုးအောင် (မန်နေဂျာ၊ ပုံနှိပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်ခင်နွယ်ဦးတို့၏ဖခင် ဦးညွန့်မောင်(ကနောင်)သည် ၁၀-၁၂-၂၀၁၄ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောဟန်**

**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဝန်းကျင်/သားငှက်ဌာန**
**သစ်တောဦးစီးဌာန**
**အသက်(၈၇)နှစ်**

ဆရာ ဦးစောဟန်၊ ဝန်းကျင်/သားငှက်ဌာန၊ သစ်တောဦးစီးဌာန(ငြိမ်း) သည် ၈-၁၂-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲထွဋ်၊ ဦးရွှေဌေးအောင်- ဒေါ်အေးအေးညိမ်း၊ ဒေါ်စန်းစန်းနွယ်၊ ဒေါ်သန်းသန်းတင့်၊ ဒေါ်ခင်ဌေး၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်မာမာ၊ ဒေါ်ခင်မာလာ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းစော(ခ) Paul**

**(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း)**
**B.E Civil (၁၉၈၃-၁၉၈၆)**
**အသက်(၅၅)နှစ်**

ဦးသိန်းစော(ခ) Paul သည် ၁၀-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာမှူးကြီးနှင့်အင်ဂျင်နီယာဝန်ထမ်းများ**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရန်ကုန်တိုင်းဒေသကြီး)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ၁၃-၁၂-၂၀၁၄ ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(ဆိပ်ကမ်း)၊ ဗိုလ်တထောင်၊ သဃ်န်းကျွန်း၊ ဒဂုံ(တောင်)၊ မင်္ဂလာတောင်ညွန့်၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ မရမ်းကုန်း၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ အလုံ၊ လှိုင်၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ အဖျောက် မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ထို့အပြင် ၁၄-၁၂-၂၀၁၄ ရက်နေ့တွင် ရန်ကင်း၊ ဒဂုံ(ဆိပ်ကမ်း)၊ မြောက်ဥက္ကလာ၊ ဒဂုံ(တောင်)၊ စမ်းချောင်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ လှိုင်၊ အေးရွာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်၊ ဖောင်ကြီး မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးခင်မောင်တင့် (ငြိမ်း)**

**အသက်(၈၇)နှစ်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ-ဒေါ်နီလာသွင်တို့၏ဖခင် ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)သည် ၂-၁၂-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဝင်း**
**ညွှန်ကြားရေးမှူးချုပ်(စိုက်ပျိုးရေးဦးစီးဌာန)နှင့်**
**ဝန်ထမ်းများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါက်တာဦးအောင်**

**ဆေးရုံအုပ်ကြီး(ငြိမ်း)**
**နမ့်စန်ပြည်သူ့ဆေးရုံ(ရှမ်း/တောင်)**
**ကြယ်ငါးပွင့်သဘော်ကော်ပိုရေးရှင်း**
**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဗဟိုလမ်း(စမ်းချောင်း)၊ အမှတ် ၈၀(ငါးလွှာ)နေ (ဦးထောက်စိန်-ဒေါ်ကင်မွေ) တို့၏သားထွေး၊ (ဦးညို-ဒေါ်လှတင်)တို့၏သားသမက်၊ (ဦးအောင်သန်း-ဒေါ်အုန်းနု)၊ (ဦးဝင်းဖေ)-ဒေါ်လှနှင်း၊ (ဒေါ်ခင်သက်)၊ ဦးကျင်ရှိန်တို့၏ညီ/မောင်၊ ဦးကျင်စိန်၊ ဒေါ်မွေးမွေး၊ ဒေါ်မြမြညွန့်တို့၏အစ်ကို၊ စောသူရအောင်(M.T.M Maritime Centre Co.,Ltd.)၊ နော်ပန်းမြတ်စည်၊ နော်အိအိအောင်(Tr Esther)-Rev Dr John Tuan Hre Thang(Every Nation Church Yangon)၊ နော်ပန်းမိုးစည်-ဦးကျော်ဇင်အောင်တို့၏ဖခင်၊ Nathan Aung Thang,Jason Aung Thang, Joel Aung Thang, ဇင်မီမီမိုး(Blessing)၊ ဘုန်းမြတ်သူ(Simon) တို့၏အဘိုး၊ နော်ညွန့်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အမှတ် ၈၀၊ ဗဟိုလမ်း(စမ်းချောင်း)နေအိမ်နှင့် တောင်ဒဂုံ(၂၄)ရပ်ကွက်၊ ဂိတ်ဟောင်းမှတ်တိုင်တို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ကြည် (မော်လမြိုင်)**

**အသက်(၆၅)နှစ်**

ဦးထိန်လင်းအောင်(Director JPM Car Sale Center)-ဒေါ်အိသက်နွယ်တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ခင်ကြည်သည် ၁၀-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**JPM Service Co.,Ltd.**
**အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာများ၊**
**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ကြည် (မော်လမြိုင်)**

**အသက်(၆၅)နှစ်**

ဦးထိန်လင်းအောင် (Director Wun Yan Kha Car Sale Center)-ဒေါ်အိသက်နွယ်တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၀-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Wun Yan Kha Service Co., Ltd.**
**အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာများ၊**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ကြည် (မော်လမြိုင်)**

**အသက်(၆၅)နှစ်**

WUN YAN KHA & JPM Car Sale Center ၏ Director ဦးထိန်လင်းအောင်၏မိခင် ဒေါ်ခင်ခင်ကြည်(မော်လမြိုင်)သည် ၁၀-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုမော်နိုင်လင်း**

**အသက်(၅၃)နှစ်**

ကိုမော်နိုင်လင်း အသက်(၅၃)နှစ်သည် ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါတယ်…။

ကိုမော်နိုင် ကောင်းရာသုဂတိလားပါစေ…

**ကိုချိုမြင့်၊ မစန္ဒာ**
**မြတ်နန်းယုံဟိုတယ်**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုရဲအုပ်လောင်း သွယ်သွယ်စိုး**

**အသက်(၂၅)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၇၉) ရဲကျော်စွာတပ်ခွဲ(၂)မှ ကသ-၂၉၆ ဒုရဲအုပ်လောင်း သွယ်သွယ်စိုးသည် ၁၀-၁၂-၂၀၁၄ရက် နံနက် ဝ၀း၃၀နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျောင်းအုပ်ကြီးနှင့် တပ်ဖွဲ့ဝင်များ**
**ရဲအရာရှိလေ့ကျင့်ရေးကျောင်း**

## ဦးအောင်လင်း(ခ)

**စံရွှေထွန်း (ပြည်)**
**ကြည်း-10195၊ O.T.S(30)**
**အသက်(၇၅)နှစ်**

ပြည်မြို့၊ ပန်းတစ်ရာဆေးတိုက်၊ မင်းကြီးတောင်ခြေ ဆင်စုရပ်ကွက်နေ ဒေါ်အေးမေ၏ခင်ပွန်း၊ ဦးအောင်လင်းမြင့်-မအေးသီတာ၊ ဦးအောင်လင်းခိုင်-မအိခင်သိန်း၊ မအေးစန္ဒာလင်းတို့၏ဖခင်သည် ၁၁-၁၂-၂၀၁၄ရက် နံနက် ၄နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတိုးအောင်(ဘကြီးတိုး)

**အသက်(၇၃)နှစ်**

မိတ္ထီလာမြို့၊ ပေါက်ချောင်း(၂)ရပ်ကွက်နေ (ဦးစိန်တုတ်-ဒေါ်ခင်ကြည်) တို့၏သားကြီး၊ (ဦးစိုးမောင်) ဒေါ်မြင့်မြင့်သန်း၊ (ဦးတင်ဘီ)-ဒေါ်နုနုစိန်၊ ဦးမြ-ဒေါ်ချစ်ချစ်၊ Captain သန်းထွေး - ဒေါ်ရီရီမာတို့၏ အစ်ကိုကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၈၃နေ ဒေါ်စောခင်မာ၏ခင်ပွန်း၊ မစောစန္ဒာအောင်၏ဖခင်သည် ၁၀-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးဇော်ဝင်းဆွေ (ပဲခူး)**
**(ယခင် 'လှ' ရေခဲချောင်း)**
**အသက်(၆၆)နှစ်**

ပဲခူးမြို့၊ ဆေးရုံလမ်း၊ အမှတ် ၄၆၃ နေ ဦးစိန်မင်း-ဒေါ်အောင်စုပင်တို့၏သား၊ လိပ်ပြာကန် (၁)လမ်းနေ ဦးစိုးမင်း-ဒေါ်ကင်တီတို့၏ သားသမက်၊ ဒေါ်တင်တင် (ခေတ္တ-ဘန်ကောက်)၊ ဒေါ်ရှုဟား (ခေတ္တ-ဘန်ကောက်)တို့၏မောင်၊ ပဲခူးမြို့နေ ဦးတင်ထွန်း- ဒေါ်ခင်ခင်ဦးတို့၏ဦးလေး၊ မောင်အောင်စုကိုကို(ဆေးတက္ကသိုလ်-၂)၏ဖခင်၊ပဲခူးမြို့၊ ဆေးရုံလမ်းနေ ဒေါ်သန်းသန်းဝင်း၏ခင်ပွန်းသည် ၂၆-၁၁-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မီးသင်္ဂြိုဟ်ဂူသွင်းပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ဌေး

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာရပ်ကွက်၊ ဦးဘဟန်လမ်း၊ တိုက်(ခ/၅)နေ (ဦးကြီးမြင့်-ဒေါ်အုန်းတင်)တို့၏သမီး၊ ဦးအောင်ကြွယ်-ဒေါ်တင်လှ၊ ဦးမြင့်စိုး-ဒေါ်ချိုချိုဝင်းတို့၏ညီမ၊ ဦးအေးကို-ဒေါ်ခင်ရွှေဝါမြင့်၊ ဦးအောင်ကျော်လွင်-ဒေါ်မြင့်မြင့်အေး၊ (ဦးပတ္တမြားဦး - ဒေါ်ခင်ထွေးမြင့်) တို့၏အစ်မ၊ တူ၊ တူမ ရှစ်ယောက်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးရွှေဝင်း၊ ဒေါ်မာဘုန်း၊ မခင်မြင့်၊ ဦးကျော်ထွန်း-ဒေါ်ခင်မြင့်မြင့်၊ ဦးရွှေဝင်း-ဒေါ်မာလာညွန့်၊ မသန်းသန်းမြင့်တို့၏ယောက်မ၊ ဦးတင်အေး(ဗဟိုဘဏ်)၏ဇနီးသည် ၁၁-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၂နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၄ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ဇော်မျိုးထွဋ်

**အသက်(၂၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း ကွမ်းခြံကုန်းကျေးရွာနေ ဦးဝင်းနိုင်-ဒေါ်ဌေးဌေးကြည်တို့၏ သားကြီး၊ မောင်နေမျိုးထွဋ်၊ မနေခြည်ဝင်းလဲ့တို့၏အစ်ကို၊ ရန်ကုန်မြို့၊အမှတ် ၉၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးအောင်ကြည် (ဆရာကြီး) - ဒေါ်စန်းစန်းမြင့်တို့၏ သားသမက်၊ မစိမ့်စိမ့်အောင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် (AMAS KOREA Co.,LTD.) ပိုင် (MT.DL CALLA) သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ကြော်ငြာ

## ဦးမြအောင်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန**
**အသက်(၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ သဇင်အိမ်ရာ၊ C3-1၊ အမှတ် ၅၇နေ (ဦးရင်တောင်-ဒေါ်အုံးခင်)တို့၏သား၊ (ဦးမြတ်လှ-ဒေါ်တင်မေ)တို့၏သားသမက်၊ ဒေါ်ရီရီခင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထိုက်စိုး-ဒေါ်သီတာမြင့်၊ ဒေါက်တာမိုးမိုးအောင်(Marie Stopes International Myanmar)၊ ဒေါက်တာသိန်းထွဋ်(မျက်စိအထူးကု)-ဒေါက်တာသူဇာအောင်(ကလေးအထူးကု)၊ ဒေါ်မေသူအောင်(CB Bank) တို့၏ဖခင်၊ မောင်ဗညားအောင်၊ မောင်ထင်လင်း၊ မမြမျက်သွယ်၊ မစုမြတ်နိုး၊ မစုမြတ် နွယ်တို့၏ဘိုးဘိုးသည် ၁၁-၁၂-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်ဟုတ် (သထုံ)

**အလပြ(ငြိမ်း)**
**အသက်(၆၇)နှစ်**

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ မော်ကျော့လမ်းနေ (ဦးကျော်)-ဒေါ်တင်တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်ခင်လှလှ၏ခင်ပွန်း၊ ဗိုလ်မှူးအောင်ထက်ခေါင်-ဗိုလ်ကြီးနွယ်နွယ်ခိုင်၊ မအိအိမာ၊ ဒေါက်တာဝတ်ရည်ဝင့်တို့၏ဖခင်၊ မောင်ကောင်းထက်ဟိန်း၊ မောင်ပြည့်ဖြိုးပိုင်တို့၏အဘိုးသည် ၁၁-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သူ၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းတင်ထွန်း

**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်နေ ဦးကျော်ထွန်း-ဒေါ်မေသိန်းဝင်းတို့၏သားကြီး၊ ဒဂုံမြို့နယ်၊ တိုက်အမှတ် ၃၀၊အခန်း ၁၄၊ ဦးဝိစာရအိမ်ရာ(မင်းမနိုင်)နေ ဒေါ်ဌေးဌေးမြင့်၏ခင်ပွန်း၊ မအိအိထွန်း၏ဖခင်၊ ဦးမင်းဆွေထွန်း-ဒေါ်အေးအေးနိုင်၊ ဒေါ်စောမြတ်မွန်၊ ဦးကျော်ကျော်ဦး၊ (ဦးသန့်ဇော်ထွန်း-ဒေါ်တင်တင်အေး)၊ ဦးဝင်းဇော်ထွန်း-ဒေါ်မေဝါလွင်၊ (ဒေါ်ဝင်းမာထွန်း)၊ ဒေါ်နီလာထွန်းတို့၏အစ်ကိုကြီးသည် ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်စန်းမြင့်

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်းနေ သဃ်န်းကျွန်းကြီးပွားရေးရပ်ကွက်၊ စတုဘုမ္မိကကျောင်းဒါယကာကြီး ဦးစိမ်း - ကျောင်းဒါယိကာမကြီး ဒေါ်သန်းရီတို့၏သမီးကြီး၊ (ဦးသန်းဝင်း)-ဒေါ်တင်တင်ဌေး(အုန်း၊ငှက်ပျောရောင်းဝယ်ရေး၊ တာမွေဈေး)တို့၏အစ်မ၊ ကိုမြတ်ကျော် - မမြမြဝင်း၊ ကိုဇော်ဇော် - မနန်းမူတို့၏ကြီးကြီး၊ မောင်မျိုးဇော်နိုင်၊ မောင်အောင်သူလင်း၊ မောင်ဖြိုးသူရဇော်တို့၏ အဘွားသည် ၁၁-၁၂-၂၀၁၄ရက် နံနက် ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၄ရက် နံနက်၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်မိုး

**(မန်နေဂျာ၊ ငြိမ်း၊ M.P.P.E)**
**အသက်(၄၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ သစ်နဖားလမ်းနေ (ဦးသန်းအုန်း)-ဒေါ်နုနုတို့၏သားထွေး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမာ)-ဒေါ်အုန်းသင်တို့၏သားသမက်၊ ဒေါ်အေးအေးကြူ (လယ်အုပ်)၊ ဒေါ်မာလာဆွေ (ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ပြည်ခရိုင်)၊ဦးနေမျိုး(တွဲဖက်ပါမောက္ခ၊ ဘူမိ)-ဒေါ်အေးမိုးမိုးသိန်း(လယ်ပြ)၊ ဦးသန်းဆက် (ဒုညွှန်မှူး၊ စက်မှုဝန်ကြီးဌာန)တို့၏ ညီငယ်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါဗဟိုလမ်း၊အမှတ်၂၁၇၊ဒုတိယထပ်နေ ဒေါ်ချိုချိုဝေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးချစ်လှိုင်

**အလှဒဿနစာပေတိုက်**
**Most Effective Media Co.,Ltd.**
**English, English Everywhere (Magazine)**
**Chief Editor, Managing Director**
**အမှတ် ၁၄၊ ၁၄၇လမ်း၊ လေးလွှာ၊ကျောက်မြောင်း၊တာမွေ**
**အသက်(၆၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အဖျောက်မြို့နယ်နေ (ဦးထွန်းကြည်-ဒေါ်လှကြည်)တို့၏သားကြီး၊ ဒေါ်နယ်ဉ၏ခင်ပွန်း၊ဦးမင်းသူ-ဒေါ်ခင်မိုးသူ၊ဦးစိုးမင်းထွဋ်-ဒေါ်အေးအေးခိုင်၊ ဦးမောင်လှ-ဒေါ်မင်းစုလှိုင်၊ ဦးမျိုးမင်းထွဋ်-ဒေါ်ဝါဝါသက်၊ ဦးဇော်သန်းထိုက်-ဒေါ်ငြိမ်းဝင်းယုတို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၄ ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်(ခ)ဦးစိုးဝင်း(ခ)

**ဆရာကျား**
**သတိပဋ္ဌာန်လမ်း၊ မော်တော်ယာဉ်အကျိုးဆောင်**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အမှတ် ၃၃ နေ (ဦးအောင်မြင့် - ဒေါ်ခင်မြ)တို့၏သားငယ်၊ ဒေါ်သန္တာလှိုင်၏ခင်ပွန်း၊ မောင်ဝေယံဖြိုး၊ မပွင့်လွှာဖြိုးတို့၏ဖခင်သည် ၁၁-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ဝ၀း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# အာဆီယံနှင့် ကိုရီးယား အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုရလဒ်ကောင်းများ ပေါ်ထွက်မည်ယုံကြည်

**ဘူဆန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ ဘက်စ်ကိုစင်တာ (BEXCO Exhibition Centre) ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကိုရီးယားကုန်သည်ကြီးများအသင်းချုပ် ဥက္ကဋ္ဌ Mr. Yongmaan Park က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထိုသို့ပြောကြားရာတွင် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ်များ ညီလာခံခေါင်းစဉ်ကို "ဆန်းသစ်ဖန်တီးမှုနှင့် လျင်မြန်စွာ လွတ်လပ်မှုတို့ဖြင့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ပုံစံသစ်စတင်ရေး" ဟူသည့် ခေါင်းစဉ်သည် အာဆီယံ-ကိုရီးယား စီးပွားရေးဆက်ဆံမှုကို မြှင့်တင်ရန် ရည်ရွယ်သည့်အတွက် (၂၅)နှစ်မြောက် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက် ဆက်ဆံရေး အထိမ်း

စာမျက်နှာ ၈ ကော်လံ ၅ ✳




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ်များ ထိပ်သီးအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

" (၂၅)နှစ် သက်တမ်းရှိပြီဖြစ်သည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးအခြေအနေများကို အခြေပြုပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ တီထွင်ဖန်တီးကာ အာဆီယံ-ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်ရမည်ဖြစ် "

## ယနေ့ ⇄ မာတိကာ

**ကလေးအခွင့်အရေး ဆောင်ရွက်သူများ နိုဗယ်လ်ဆုချီးမြှင့်ခြင်းခံရ**

စာမျက်နှာ - ၄

**ဤခရီး အရင်လို မကြာတော့ပါ**

ဆောင်းပါး စာမျက်နှာ - ၆

**ချယ်လ်ဆီး၊ မန်စီးတီး နောက်တစ်ဆင့်တက်ပြီ**

စာမျက်နှာ - ၁၃

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## များပြားသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသော မြန်မာနိုင်ငံ

*ကျော်သဲအိမ်*

နိုဝင်ဘာ ၂၁ရက်နေ့ထုတ် ဩစတြီးယား သတင်းစာတစ်စောင်ဖြစ်သော Wirtschaftsblatt က ဆယ်စုနှစ်ချီ ထီးတည်းနေလာခဲ့သော မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်က နှစ် ၂၀ အတွင်း ယင်း၏ ပထမဆုံး ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းနှင့်အတူ ခေတ်အပြောင်းအလဲတစ်ရပ် ဖော်ဆောင်ခဲ့ကြောင်း၊ ငွေကြေးစနစ် လွတ်လပ်မှုရှိလာခြင်း၊ အစိုးရပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိလာခြင်း၊ နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းများ ဖန်တီးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုံခြုံရေးအတွက် ဥပဒေမူဘောင်တစ်ရပ်ချမှတ်လိုက်ခြင်း အပါအဝင် များပြားသည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရင်း သမ္မတဦးသိန်းစိန်သည် နိုင်ငံခြားကုမ္ပဏီများစိတ်ဝင်စားမှုရှိလာအောင် ကြိုးပမ်းခဲ့ကြောင်း၊ ထီးတည်းနေလာခဲ့သော ကာလရှည်ကြာမှုကြောင့် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်

စာမျက်နှာ ၇ ကော်လံ ၁ ❄



# တိုကျိုတက္ကသိုလ်အသင်း ခြေစမ်းပွဲတွင် နိုင်ပွဲများရရှိ

သတင်း-ဖိုးသော်ဇင် ➤ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇအသင်းနှင့် ဂျပန်နိုင်ငံမှ တိုကျိုတက္ကသိုလ်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့နံနက်ပိုင်းတွင် သုဝဏ္ဏကွင်း၌ကျင်းပရာ တိုကျိုတက္ကသိုလ်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

| | | |
|---|---|---|
| **တိုကျိုတက္ကသိုလ်အသင်း(ခ)** | - | **လေးဂိုး** |
| **ကမ္ဘောဇ** | - | **သုံးဂိုး** |

ကမ္ဘောဇအသင်းသည် ဦးဆောင်ဂိုးနှစ်ဂိုး သွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းတွင် လက်ရွေးစင်ကစားသမားများထဲမှ ဝင်းမင်းထွဋ်တစ်ဦးတည်းသာ ပါဝင်ကစားခဲ့ပြီး စိုးမင်းဦး၊ ကျော်ဇေယျာဝင်းတို့ ပါဝင်ကစားခဲ့ခြင်းမရှိပေ။ ကမ္ဘောဇအသင်းသည် ခေါ်ယူစမ်းသပ်လျက်ရှိသော နိုင်ငံခြားသား ကစားသမားများကို အသုံးပြုခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❖

**CLAIMS DAY NOTICE**

**M.V MERCURY LEADER VOY:NO(67)**

Consignees of cargo carried by M.V MERCURY LEADER VOY: NO. (67) are here by notified that the vessel will arrive on about 13-12-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

ကြော်ငြာ ကြော်ငြာ ကြော်ငြာ


လူသုံးကုန်၊အလှကုန်၊စားသောက်ကုန်ပစ္စည်းများ စုံလင်စွာပါဝင်ပြသရောင်းချမည့်

Happy New Year 2015

28-12-2014 မှ 1-1-2015 ထိ

လားရှိုးမြို့ ကုန်စည်ပြပွဲကြီး (မြို့တော်ခန်းမ)

WINNER PH : 09 517 3076, 09 2500 58306, 09-36152320, 09-250375368



မြန်မာ–ဂျပန်စကားပြောလက်စွဲ

ဂျပန်စာရေးသူ ယာသူ-ရှိုရီ(ဂျပန်)

စီစဉ်သူ ဦးထိန်လင်း(၀၉-၇၃၃၀၀၂၇၄)

တန်ဖိုး ၁၅၀၀/-ကျပ်



ရွှေတိဂုံစေတီ

ပုဇွန်ဘုရားဖူးအဖွဲ့

Tel : 01-558919, 09-250001924, 09-73165476, 09-254374285, 09-31481712


## ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီး ပူဇော်ပွဲ၊ ပညာရည်ချွန်ဂုဏ်ပြုပွဲကို ၂၁-၁၂-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမ(ရွှေတိဂုံဘုရားတောင်ဘက်မုခ်)၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အသက်(၇၅)နှစ်အထက်ရှိ ဘိုးဘွားများစာရင်းနှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ (အမှတ်စာရင်းနှင့်အတူ) အောက်ပါပုဂ္ဂိုလ်များထံ ၁၅-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်နှင့် အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးသန့်မပို့ပါ။) (နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ညောင်ဦးမုန့်ဟင်းခါးဖြင့် ဧည့်ခံပါမည်။)

**မွန်းတည့် ၁၂ နာရီတွင် အစည်းအဝေး စတင်ပါမည်။**

| | |
|---|---|
| ဦးသောင်းညွန့် | ဖုန်း-၀၁-၅၅၂၄၈၉ |
| ဒေါက်တာခင်မောင်သန်း | ဖုန်း-၀၉-၇၃၂၄၀၅၃၁ |
| ညောင်ဦးဖိုးချို | ဖုန်း-၀၁-၅၄၅၃၂၃ |
| ဦးယုတင် | ဖုန်း-၀၉-၅၀၂၈၀၄၅ |
| ဦးကျော်ဝင်း | ဖုန်း-၀၁-၅၁၂၅၃၁၊ ၀၉-၄၂၁၀၄၆၂၉၉ |
| ဦးမြင့်လွင် | ဖုန်း-၀၉-၅၁၃၀၈၄၃ |
| ဦးကြည်စိုး | ဖုန်း-၀၉-၅၁၀၆၇၀၆ |
| ဦးရဲဝင်းနိုင် | ဖုန်း-၀၉-၄၂၀၇၃၆၈၈၆ |
| ဦးလွမ်းနိုင် | ဖုန်း-၀၉-၃၁၁၁၂၄၅၁ |
| ဦးသာဒွေး | ဖုန်း-၀၉-၈၆၈၈၇၉၆ |
| ဒေါ်ဆွေဆွေ | ဖုန်း-၀၉-၇၃၀၂၄၄၃၉ |

အမှုဆောင်အဖွဲ့

## ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအသင်းမှကြော်ငြာချက်

ဒ ဦးမြင့်ကြူ - 09799712888

၂ ဦးအောင်အောင် - 095148181

## NRDC အသစ်ပညာမွေးကျောင်း ရုံးနေရာ ပြောင်းရွှေ့ခြင်း အသိပေးခြင်း

NRDCကျောင်းဆောင်များ၏ အသစ်ပညာမွေးကျောင်း နှင့် ရုံး ကို ၂၀၁၅တွင် ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဖြန့်ဖြူးလက်ခံရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မဥ္ဇူသကလမ်း၊ မြေကွက်အမှတ် (ဒ-၃၂၂၂၈)၊ ဧရိယာပေ (၈၀×၈၀) အကျယ်အဝန်းရှိမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမြင့်သိန်းလွင် ၉/လဝန(နိုင်)၀၃၄၀၃၇က အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ (LL.B, D.B.L) (စဉ်-၂၈၆၄၁) ဒေါ်ခင်မာနွယ် (LL.B, D.B.L) (စဉ်-၃၁၀၇၀)

ဒေါ်နွယ်နွယ်ထွန်း(LL.B, D.I.L) (စဉ်-၃၂၉၉၀) ဒေါ်ဟန်သီစိုး(LL.B, IDCS, IADCS) (စဉ်-၃၉၄၄၇)

အထက်တန်းရှေ့နေများ

Royal Ruby Law Firm

အမှတ် ၁၂၇/အေ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၁-၂၄၉၃၂၃

## အစည်းအဝေးဖိတ်ကြားခြင်း

အ.ထ.က (၃) ကြည့်မြင်တိုင် (ယခင်ဘုရားကျောင်း) ကျောင်းသား/သူဟောင်းများ၏ (၁၇) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ဥက္ကဋ္ဌ နှင့် အမှုဆောင်ကော်မတီ အသစ်ရွေးချယ်ဖွဲ့စည်းရန် အောက်ပါ အစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်ရက် | - ၁၄. ၁၂. ၂၀၁၄(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - မွန်းလွဲ (၂၀၀)နာရီတိတိ |
| ကျင်းပမည့်နေရာ | - အ. ထ. က (၃) ကြည့်မြင်တိုင် |

## သုံးခွစိမ်ပြကျေးရွာ အ.ထ.က (၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

သုံးခွစိမ်ပြကျေးရွာ

09-5072097 , 09-428204488

## ရန်ကုန် မိတ္ထီလာမြို့ တက္ကသိုလ် ၁၉၇၄ - ၇၈ ခုနှစ်

ဆက်သွယ်ရန် ဖုန်း:-

Western Park Ruby

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဝယ/၉၅၈၆၇၊ Nulong Revo ယာဉ်လက်ဝယ်ရှိသူ မင်းဂံရပ်ကွက်နေ ဦးအောင်ကျော်စိုး ၁၁/မပန(နိုင်)၀၄၁၂၈၈က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန(ပြည်နယ်ရုံး)(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန(ပြည်နယ်ရုံး)၊ စစ်တွေ

## ကန့်ကွက်နိုင်ပါကြောင်း

## ပျောက်ဆုံးကြောင်း

## ပြင်ဆင်ဖတ်ရှုပါရန်


CALIFORNIA UNITEC Institute of Engineering

edexcel Approved Centre No. 93845



15th January 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊ အင်္ဂလန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဂျပန်၊ စင်္ကာပူ၊ ဆိုင်ပြင်) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့၊ လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်း GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား 3F (တတိယထပ်) ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44

www.californiaunitec.com www.facebook.com/californiaunitec

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း
## အထူးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာများ၏ အနာဂတ်ဖွံ့ဖြိုးရေးအစီအစဉ်များ ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးအစည်းအဝေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရေကြောင်းအင်ဂျင်နီယာများအားလုံး (အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ) မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၁၄-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** - မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း၊
အမှတ် (၂၆/၂၇)လယ်ယာ၊ ၃ လမ်း၊
(၁၀)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၂၃၈၀၁၇


Learners' CHOICE
စာမေးပွဲလမ်းညွှန် ထွက်ပြီ
၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ နမူနာမေးခွန်းပုံစံအသစ်အတိုင်း ပြုစုထားသော
ကျူတောင်လေ့ကျင့်ပြင်ဆင်နိုင်ရန် စတုတ္ထတန်း ၊ အဋ္ဌမတန်း
ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ
တက္ကသိုလ်ဝင်တန်း ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ
ဖြန့်ချိရေး - ဒေတ်သစ်စာပေ
အနီးဆုံးစာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။


## (၂၈-၁၁-၂၀၁၄) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မှတ်တမ်းများ

- အထူးကောင်းပါစေ ဥက္ကာသီတာ (အမရပူရ ၀၉-၄၄၄၀၁၈၂၁၀)
- ကလေးတွေအားလုံးအထူးကောင်းပါသည်။ ဒေါ်မြင့် (လှိုင် ၀၉-၄၅၀၀၁၆၀၃၆)
- ခင်နန္ဒာခရီးသွားလုပ်ငန်းအဖွဲ့နှင့် ကိုဇင်အောင်တွေ၏ လုပ်ဆောင်ချက်များကို ချီးမွမ်းသာရစေပါသည်။ ဒေါ်သန်းသန်းနု (တောင်ဥက္ကလာ ၀၉-၃၁၁၂၂၅၄၆)
- နောက်တစ်ခေါက် ခင်နန္ဒာ နှင့်ဘဲ ထပ်သွားပါဦးမည်။ မမြတ်မြတ်မွန် (မန္တလေး ၀၉-၂၀၂၆၈၀၃)
- လိုလေသေးမရှိပါ အေးအေးသန်း (မန္တလေး ၀၉-၂၀၂၆၈၀၃)
- ပြည့်စုံကောင်းမွန်ပါသည်။ ဒေါ်မြင့်မြင့်ရှိန်(ကျောက်တံတား ၀၉-၇၃၀၅၁၆၇၆)
- အသက်(၇၀)ကျော်သူ ကျွန်တော့်အား မိဘသဖွယ် ကူညီခဲ့ပါသည်။ ဦးဖုန်း (စမ်းချောင်း ၀၉-၅၁၀၃၁၁၉)
- အထူးကောင်းမွန်သည်။ ဒေါ်လှဲလှဲဝင်း (မြောက်ဒဂုံ ၀၉-၅၂၈၆၂၀)
- ကောင်းမွန်ပါသည်။ ဒေါ်သိန်းမြင့် (လသာ ၀၉-၄၃၁၀၇၀၇၂)
- ဦးမောင်ဝင်း (မြောက်ဒဂုံ ၀၉-၄၃၁၀၇၀၇၂)
- နောက်တစ်ခေါက်လည်း ခင်နန္ဒာနဲ့ပဲ သွားပါဦးမည်။ ဒေါ်ခင်စမ်းဝင်း (မြောက်ဒဂုံ ၀၉-၄၂၀၀၉၉၈၃၁)
- အဆင်ပြေချောမွေ့သော ခရီးဖြစ်သည်။ မြသီတာငြိမ်း (မြောက်ဥက္ကလာပ ၀၉-၄၂၁၀၇၀၇၆၁) ဒေါ်သန်းသန်းအေး (ရွှေပြည်သာ ၀၉-၄၂၁၀၇၀၇၆၁)
- ပြည့်စုံအောင် စိတ်ချမ်းသာပါသည်။ ဒေါ်သန်းသန်းဝင်း (ကျောက်တံတား ၀၉-၇၃၀၉၇၁၀၀)
- အစစအရာရာ အဆင်ပြေခဲ့ပါတယ်။ ဒေါ်အေးအေးမူ (အလုံ ၀၉-၂၅၀၂၇၁၄၆၀)
- တဆင့်ထက်တဆင့် လုပ်ငန်းများတိုးတက်အောင်မြင်ပြီး ကြီးပွားတိုးတက်ပါစေ။ ဒေါ်သွေးသွေးရီ (ရန်ကင်း ၀၉-၄၃၁၉၀၄၀၁)
- ဆက်ဆံရေး ၊ ကျွေးမွေးရေး နှင့် နေရာချထားရေး အထူးကောင်းပါသည်။ ဦးအေးကြူ (မိတ္ထီလာ ၀၉-၄၉၃၂၈၂၄၀)
- အလုံးစုံပြည့်စုံပါသည်။ ဒေါ်စိုးသန်း (စမ်းချောင်း ၀၁-၅၁၂၅၁၂)
- နောင်လည်းလာဖို့ကြိုးစားပါဦးမယ်။ ဒေါ်နွဲ့နွဲ့ (မြောက်ဒဂုံ ၀၉-၄၇၀၃၂၅၂၈)
- အကျိုးဆောင်ပေးသော ကလေးတွေအားလုံး အဆင်ပြေပါတယ်။ ဦးရန်အောင် (နေပြည်တော် ၀၉-၄၉၂၁၁၀၁၃)
- ကြင်နာရွှေမွေ့သော ဝန်ထမ်းကောင်းများရှိသည့် ခင်နန္ဒာ အတွက် ဂုဏ်ယူပါသည်။ နီနီလှိုင် (မန္တလေး ၀၉-၂၀၀၃၁၅၂)

### ဒေါ်သီတာတန့်(ခ)ဝမိဒီ (၁၂/ဗဟတ (နိုင်) ၁၀၁၆၄၁) နှင့် အများသိစေပါရန်

[illegible]

ကျမြင့် (မင်းတော်နန်း)
အာမခံကျွမ်းကျင်တော်ရှေ့နေ(စဉ်-၁၃၀၅၅)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ပါကြောင်း

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ပါကြောင်း

[illegible]

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ်၃၁၅/ခ၊ မြေကွက်တည်နေရာ အမှတ် ၃၁၅ /ခ၊ မိဂသီ ၂၀လမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးဒွေးဝင်း အ မည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဒွေးဝင်း ကွယ်လွန်သဖြင့် ဒေါ် ချိုချိုအောင် ၁၂/ဥကတ(နိုင်)၁၁၉၂၀၁က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၄င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၀၆၄ (၂၆-၅-၂၀၁၄)ဖြင့် ရရှိသူ ဒေါ်နီနီဝင်း ၈/ဆပဝ(နိုင်)၀၀၃၀၂၃ကပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုတ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ ၈၁၉၅(၁၁-၈-၂၀၁၄) ကို တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မြန်မာ့အလင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**ကြက်မောက်တောင် ဆည်ရေတန်ခိုးဖြင့် သီးနှံစုံအထွက်တိုးပြီ**

စာ - ၄



လူမှုစီးပွား

**ညောင်ရွှေမြို့ သံကူကွန်ကရစ်တိုန်နန်း တံတားသစ်ကြီး**

စာ - ၄၊၅




## ရပ်တန့်လို့မရတဲ့ ရော်နယ်ဒို

■ဝေမိုးဆက်

သူ့နာမည်က ရော်နယ်ဒို။ တစ်နည်းအားဖြင့် သွင်းဂိုးတွေနဲ့ ကမ္ဘာ့ဘောလုံးလောကကို ကိုင်လှုပ်နေသူ။ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ ဒီဇင်ဘာ ၄ရက်နေ့မှာ နိုင်ငံတကာဘောလုံးသမိုင်းနဲ့အချက်အလက်ပြုစုရေးအဖွဲ့ ဖြစ်တဲ့ (IFFHS) က ချီးမြှင့်ပေးအပ်တဲ့ ကမ္ဘာ့ဂိုးသွင်းအများဆုံး ကစားသမားဆုကို ၂၀၁၃ ခုနှစ်အတွက် သူလက်ခံရယူတယ်။ ပြီးတော့ အဲဒါနဲ့ တစ်ပြိုင်နက် ကြားနှစ်ရက်သာ ခြားပြီး ဒီဇင်ဘာ ၇ ရက်မှာ ကစားခဲ့တဲ့ ဆဲလ်တာဗီဂိုနဲ့ပွဲမှာ ဟက်ထရစ်သွင်းတယ်။ အဲဒီလို ဟက်ထရစ် သွင်းနိုင်တာနဲ့အတူ လာလီဂါပြိုင်ပွဲအတွင်း သမိုင်းတစ်လျှောက် ဟက်ထရစ် အကြိမ် အရေအတွက် အများဆုံး သွင်းနိုင်သူအဖြစ် စံချိန်သစ်တင်နိုင်တယ်။

စာမျက်နှာ ၂ သို့ »»






# အရှုံးတစ်ပွဲနဲ့ ချယ်လ်ဆီးရဲ့လားရာ

စာ - ၇

"လက်ရှိကွာဟမှုဆိုတဲ့ ၃ မှတ်။ အဲ့ဒါက ဘယ်လိုမှ အတိမ်းအစောင်းမခံတဲ့ ကွာဟမှု။ တစ်ပွဲလောက် အနိုင်၊ အရှုံးပြောင်းသွားရုံနဲ့ ရပ်တည်မှုပါ ပြောင်းသွားနိုင်တဲ့အခြေအနေ။ ပြီးတော့ မန်စီးတီးရဲ့ တောင့်တင်းမှုနဲ့ တုံ့ပြန်ဖိအားပေးနိုင်မှု။ အဲဒါတွေ အားလုံးပေါင်းလိုက်တဲ့အခါ။ သေချာတာက ချယ်လ်ဆီးရဲ့ ချန်ပီယံဖြစ်ခွင့်မှာ အစကလောက် မသေချာတော့ဘူး။"

PREMIER LEAGUE

**ပရီမီယာလိဂ်ပွဲစဉ် (၁၆)**

**စနေနေ့ (၁၃-၁၂-၁၄)**

| | |
|---|---|
| ည ၉း၃၀ | ဘန်လေ - ဆောက်သမ်တန် |
| ည ၉း၃၀ | ချဲလ်ဆီး - ဟားလ် |
| ည ၉း၃၀ | ပဲလေ့စ် - စတုတ် |
| ည ၉း၃၀ | လက်စတာ - မန်စီးတီး |
| ည ၉း၃၀ | ဆန်းဒါးလန်း - ဝက်စ်ဟမ်း |
| ည ၉း၃၀ | ဝက်စ်ဘရွန်း - ဗီလာ |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | အာဆင်နယ် - ကာဒီဖ် |


**တနင်္ဂနွေနေ့ (၁၄-၁၂-၁၄)**

| | |
|---|---|
| ည ၈း၀၀ | မန်ယူ - လီဗာပူး |
| ည ၁၀း၃၀ | ဆွမ်ဆီး - စပါး |

**တနင်္လာနေ့ (၁၅-၁၂-၁၄)**

| | |
|---|---|
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | အဲဗာတန် - ကျူပီအာ |




အင်းယားကန်ဘေးမှာ အမြင့်ဆုံးထိုးထွက်လာမည့် ရတနာ . . .
ကမ္ဘာ့စိတ်ကူး ၊ ကမ္ဘာ့အဆင့်အတန်းမှီ . . .
ခေတ်မီခမ်းနားလှတဲ့ လူနေမှုဘဝအတွက်
DIAMOND
INYA PALACE
အရောင်းဖွင့်ပွဲအခမ်းအနားကို စတင်ကြပါစို့
AERIAL VIEW
DIAMOND INYA PALACE SHOW FLAT
အား ၁၂-၁၂-၂၀၁၄ နေ့မှစတင်၍ အမှတ်(၂)၊ ဦးထွန်းငြိမ်းလမ်း မရမ်းကုန်းမြို့နယ်၌ နံနက် (၉)နာရီမှ ညနေ(၅)နာရီထိ လာရောက်ကြည့်ရှု ဝယ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
7% Discount (၁၂-၁၂-၂၀၁၄ မှ ၂၀-၁၂-၂၀၁၄ ထိ)
Loose Furniture Gift Voucher သိန်း(၁၀၀)တန် သိန်း (၂၀၀)တန် သိန်း (၃၀၀)တန် သိန်း (၅၀၀)တန် အခန်းဝယ်ယူသူတိုင်းကို ပေးမည်
အခန်းဝယ်ယူသူတိုင်း မိမိအိမ်ခန်းအပြင် မြေပိုင်ဆိုင်မှုပါ ရရှိမည်ဖြစ်သည်။
Payment System အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ်အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်
Diamond Inya Palace Site / Show Flat:
No. 2, U Tun Nyein Street, Mayangone Township, Yangon , Myanmar
HP : 09-420097995, 420097998
Mandalay Golden Wing Sales Office
No. 39, 7 Mile, Pyay Road, Mayangone Township, Yangon, Myanmar
Tel: 01-656 850 ~ 2
HP : 09-420097992 ~ 4
Website : http://www.diamondinyapalace.com
Another Prestigious Project By
MGW

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

68 Residence

We Define Lifestyle

Developed By UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း




More than **82%** Sold Out

ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ ခုနှစ်
ဖေဖော်ဝါရီလ (၁၂) ရက်နေ့

- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
- အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
- အဆင့်မြင့် SMART HOME SYSTEM နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
- အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

PARTNERS

KBZ BANK ZONE SOMERSET SERVICED RESIDENCE SOILBUILD OrangeTee 777 LUX





(၂၅)ထပ်ရှိအိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း





BMW 528 BRAND NEW




GIA(3) ကာရက်ရှိစိန်လက်စွပ်တစ်ကွင်း





အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(၈)ခံနိုင်အောင် တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့် အလွန်နိုင်မာသေချာသည့်နည်းမြဲမြံမှု

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

OPEN DAILY

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

မြန်မာ့အလင်း
၁၂-၁၂-၂၀၁၄ (သောကြာနေ့)



# တိုင်ဆန်ဖူရီ၊ ချီဆိုရာတို့ကို အနိုင်ယူနိုင်စွမ်းရှိကြောင်း ဂျိုဆူအာ ပြောဆို

ဟဲဗီးဝိတ်လက်ဝှေ့သမား ဂျိုဆူအာက သူသည် တိုင်ဆန်ဖူရီ၊ ချီဆိုရာတို့အားအနိုင်ထိုး သတ်နိုင်စွမ်းရှိသူဖြစ်သည်ဟု ယုံကြည်ထားပြီး ဟဲဗီးဝိတ်တန်းလက်ဝှေ့သမားတစ်ဦးဖြစ်သူ ဒေးဗစ်ဟာယီနှင့် ထိုးသတ်ရန်လည်း ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၅နှစ်အရွယ်ရှိ ဂျိုဆူအာက ပြီးခဲ့သည့် နိုဝင်ဘာ ၂၉ရက်တွင် တိုင်ဆန်ဖူရီက ချီဆိုရာအား အနိုင်ယူနိုင်ခဲ့သော လက်ဝှေ့ပွဲစဉ်ကို သွားရောက်ကြည့်ရှုခဲ့ပြီးနောက် ယခုကဲ့သို့ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"တိုင်ဆန်ဖူရီနဲ့ ချီဆိုရာတို့ ထိုးသတ်တဲ့ပွဲကို ကျွန်တော်သွားကြည့်ခဲ့ပါတယ်။ အဲဒီပွဲမှာ မှတ်မှတ်ထင်ထင် ထိုးသတ်ချက်မျိုး သိပ်မတွေ့ခဲ့ပါဘူး။ တိုင်ဆန်ဖူရီကိုရော ချီဆိုရာကိုပါ လျှော့တွက်လို့တော့မရဘူး။ ဒါပေမယ့် သူတို့ရဲ့ပွဲမှာ ဖျော်ဖြေမှုပေးနိုင်တဲ့အချက်ကတော့ အားနည်းခဲ့တယ်။ ဒါပေမယ့် အဲဒီအချက်က ကျွန်တော့်အတွက် ကောင်းတယ်လို့ ပြောရမယ်။ ကျွန်တော့်မှာ တိုင်ဆန်ဖူရီကိုရော ချီဆိုရာကိုပါ အနိုင်ယူနိုင်တဲ့ အရည်အသွေးမျိုးရှိနေတယ်လို့ ယုံကြည်ပါတယ်။ ဒေးဗစ်ဟာယီကလည်း ကျွန်တော် ရင်ဆိုင်ချင်သူတစ်ဦးပါ။ သူဟာ တကယ့်ကို ကောင်းမွန်တဲ့ လက်ဝှေ့သမားတစ်ဦးဖြစ်ပါတယ်။ ထူးချွန်တဲ့ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်ခြင်းကြောင့် ကိုယ့်ရဲ့အရည်အသွေးကို တိုးတက်လာစေမှာပါ။ ကျွန်တော့်အနေနဲ့ နောက်ထပ်တစ်ဆင့် တိုးတက်လာဖို့ လိုနေပါတယ်။ တိုင်ဆန်ဖူရီ၊ ချီဆိုရာ၊ ဒေးဗစ်ဟာယီတို့နဲ့ ထိုးသတ်ဖြစ်ခဲ့ရင် အဲဒီပွဲတွေက ခက်ခဲတဲ့ပွဲတွေဖြစ်လာမှာဖြစ်ပေမယ့် ကျွန်တော့်အနေနဲ့ သူတို့အားလုံးကို ကျော်ဖြတ်နိုင်စွမ်းရှိပါတယ်"ဟု ဂျိုဆူအာက ပြောသွားသည်။

၂၀၁၃ခုနှစ်တွင် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ဝင်ရောက်ခဲ့ပြီးနောက် ထိုးသတ်ခဲ့သည့် ၁၀ ပွဲတွင် ၁၀ ပွဲစလုံး အလဲထိုး အနိုင်ရထားသူ ဂျိုဆူအာသည် သူ၏ WBCအပြည်ပြည်ဆိုင်ရာ ဟဲဗီးဝိတ် ချန်ပီယံခါးပတ်ကာကွယ်ပွဲအဖြစ် ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အမေရိကန်နိုင်ငံသား ကီဗင်ဂျွန်ဆင်နှင့်လန်ဒန်၌ ထိုးသတ်မည်ဖြစ်သည်။

■ ထက်အောင်

# ၂၀၁၅ ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ၌ ပါဝင်နိုင်ရန် နာဒယ်လ် ရည်မှန်းထား

ထက်အောင်

ယခုသီတင်းပတ်အစောပိုင်းတွင် လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နိုင်ခဲ့သူ စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ်လ်က လာမည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် အဆင်သင့်ရှိနေမည်ဟု မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

နာဒယ်လ်က သူ၏ အဓိကပြိုင်ဘက်များ ဖြစ်သည့် ဂျိုကိုဗစ်နှင့် ဖက်ဒရားတို့သည် လက်ရှိအချိန်တွင် အကောင်းဆုံးအခြေအနေ၌ ရှိနေခြင်းကြောင့် မိမိအနေဖြင့်လာမည့် ၂၀၁၅ ခုနှစ် တင်းနစ်ရာသီကို သူညအခြေအနေ နီးပါးမှ စတင်ရလိမ့်မည်ဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့သည်။

ကမ္ဘာ့အဆင့် (၃) တင်းနစ်သမား နာဒယ်လ်သည် အူအတက် ဖယ်ရှားရန် ခွဲစိတ်ကုသမှု ခံယူခဲ့ရခြင်းကြောင့် ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သော ၂၀၁၄ ခုနှစ်တင်းနစ်ရာသီ၏ ရာသီပိတ်ပြိုင်ပွဲဖြစ်သည့် ATP World Tour Finals ပြိုင်ပွဲကို လွဲချော်ခဲ့ရသည်။



ဒူး၊ လက်ကောက်ဝတ်နှင့် ကျောဒဏ်ရာများ ခံစားခဲ့ရသူ နာဒယ်လ်သည် ပြီးခဲ့သည့် တနင်္လာနေ့တွင် လေ့ကျင့်မှုများ ပြန်လည်စတင်နိုင်ခဲ့ခြင်း ဖြစ်သည်။ နာဒယ်လ်က ၂၀၁၅ ဩစတြေးလျတင်းနစ်ပြိုင်ပွဲ မတိုင်မီတွင် အဘူဒါဘီနှင့်ဒူဘိုင်းတို့၌ ကျင်းပမည့်ပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်ရန် ရည်မှန်းထားသည် ဟုဆိုသည်။ စပိန်သတင်းစာ AS နှင့် ပြုလုပ်ခဲ့သော အင်တာဗျူး အစီအစဉ်တွင် နာဒယ်လ်က "ခက်ခဲတဲ့လအနည်းငယ်ကို ဖြတ်ကျော်ခဲ့ရပြီးတဲ့နောက် ပြန်လည်ပြိုင်ပွဲဝင်ရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရလေ့ရှိပါတယ်။ ဒီဇင်ဘာလအတွင်းမှာ ကျွန်တော့်ရဲ့ ကြံ့ခိုင်မှုပြည့်ဝလာဖို့နဲ့ တင်းနစ်စွမ်းရည်မြင့်မားနိုင်သမျှ မြင့်မားလာဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသွားသည်။

အသက် ၂၈ နှစ်အရွယ်ရှိ နာဒယ်လ်သည် ၂၀၀၉ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့သူဖြစ်သည်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲသည် တင်းနစ်ရာသီတစ်ခု၏ ဂရင်ဆလမ်ပြိုင်ပွဲ လေးခုအနက် ပထမဆုံးကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး ၂၀၁၅ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲကို လာမည့် ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

# Golf Writers' Trophy ဆုကို မက်အီရွိုင်း ဆွတ်ခူး

အောင်က

မြောက်အိုင်ယာလန် ဂေါက်သီးအားကစားသမား ရိုရီမက်အီရွိုင်းသည် ဂေါက်သီးအားကစားကလောင်ရှင်များအဖွဲ့က ပေးအပ်သည့် ၂၀၁၄ ခုနှစ် အတွက် Golf Writers' Trophy ဆုကို ရရှိခဲ့သည်။ အသက် ၂၆နှစ်အရွယ်ရှိ မက်အီရွိုင်းသည် အဆိုပါဆုကို ၂၀၁၂ ခုနှစ်ကလည်း ရရှိခဲ့ဖူးပြီး ယခုဒုတိယအကြိမ် ရရှိခြင်းဖြစ်သည်။

Golf Writers' Trophy ဆုကို ၁၉၅၁ ခုနှစ်ကတည်းက စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဥရောပမှ ဂေါက်သီးအားကစားသမားများကိုသာ ပေးအပ်ခြင်းဖြစ်သည်။ ထိုဆုကို မက်အီရွိုင်းအပြင် နစ်ဖယ်ဒို၊ ဟာရင်တန်၊ တိုနီဂျက်လင်း၊ ဆန်ဒီလိုင်း၊ ဘရန်ဟက်လန်ဂျာ၊ အန်နီကာဆိုရင်စတမ်တို့က နှစ်ကြိမ်စီ ရရှိခဲ့သည်။ Golf Writers' Trophy ဆုကို သုံးကြိမ်ရရှိဖူးသည့် ဂေါက်သီးအားကစားသမားနှစ်ဦးသာ ရှိသေးပြီး အဆိုပါ ကစားသမားများမှာ အင်္ဂလန်နိုင်ငံသား လီဝက်စ်ဝုဒ်နှင့် စပိန်နိုင်ငံသား ဆီဗန်ဘာလီစတီရိုစ်တို့ဖြစ်သည်။

မက်အီရွိုင်းက "ကျွန်တော့်ကို ၂၀၁၄ ခုနှစ် Golf Writers' Trophy ဆုနဲ့ ထိုက်တန်တယ်လို့ ယူဆသတ်မှတ်ပေးခဲ့ကြတဲ့ ဂေါက်သီးအားကစား ကလောင်ရှင်များအဖွဲ့ရဲ့ အဖွဲ့ဝင်များကို ကျေးဇူးတင်ကြောင်း ပထမဆုံးပြောချင်ပါတယ်။ ဒီဆုရရှိခဲ့ခြင်းအတွက် တကယ့်ကို ကျေနပ်နှစ်သက်မိတယ်။ ဒီဆုကို ပထမအကြိမ် ရရှိခဲ့စဉ်တုန်းက ကြီးမားတဲ့ အောင်မြင်မှုတစ်ခုအဖြစ် ခံစားခဲ့ရပါတယ်။ အခုအကြိမ်မှာတော့ ဒီဆုဟာ ကျွန်တော့်ရဲ့ အောင်မြင်ခဲ့တဲ့ နှစ်တစ်နှစ်အတွက် ထောက်ခံချက်လို့ ခံစားမိပါတယ်"ဟု ပြောသွားသည်။

မက်အီရွိုင်းသည် ၂၀၁၄ ခုနှစ် ဂေါက်သီးရာသီ၏ ကြီးလေးကြီး ပြိုင်ပွဲများအနက်မှ The Open Championship နှင့် U.S. PGA Championship ပြိုင်ပွဲ ချန်ပီယံဆုများအပါအဝင် ဆုဖလားများစွာ ရရှိခဲ့သူဖြစ်သည်။ ထို့အပြင် မက်အီရွိုင်းသည် ၂၀၁၄ ခုနှစ် Ryder Cup ဂေါက်သီးပြိုင်ပွဲတွင်လည်း ဥရောပအသင်း ဗိုလ်စွဲနိုင်စေရန် ဦးဆောင်ခဲ့သူဖြစ်သည်။

**Golf Writers' Trophy ဆုကို ၁၉၅၁ခုနှစ်ကတည်းက စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဥရောပမှ ဂေါက်သီးအားကစားသမားများကိုသာ ပေးအပ်ခြင်းဖြစ်သည်။ ထိုဆုကို မက်အီရွိုင်းအပြင် နစ်ဖယ်ဒို၊ ဟာရင်တန်၊ တိုနီဂျက်လင်း၊ ဆန်ဒီလိုင်း၊ ဘရန်ဟက်လန်ဂျာ၊ အန်နီကာဆိုရင်စတမ်တို့က နှစ်ကြိမ်စီရရှိခဲ့။**

